# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**မိမိအဖို့ အကျိုးများနိုင်**

သူတစ်ပါး၏ အပြစ်အနာအဆာကို မကြည့်ပါနှင့်။ မိမိအဖို့ အရေးကြီးသည်ကား မိမိကောင်းမှုကို လည်းကောင်း၊ မကောင်းမှုကို လည်းကောင်း လုပ်သည်၊ မလုပ်သည်ကိုသာ ကြည့်ရာ၏။ သူတစ်ပါးအပြစ်ကို ကြည့်ခြင်းထက် မိမိအပြစ်ကို ကြည့်ခြင်းကသာလျှင် မိမိအဖို့ အကျိုးများနိုင်သောကြောင့် ဖြစ်၏။

ပုပ္ဖဝဂ်(ဓမ္မပဒ-၅၀)


၁၃၇၉ ခုနှစ်၊ ပြာသိုလပြည့်ကျော် ၆ ရက် | ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီ ၇ ရက်၊ တနင်္ဂနွေနေ့ | အတွဲ (၅၇)၊ အမှတ် (၀၉၉)


## ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) ဖွင့်ပွဲကျင်းပ

# နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေး



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်တို့အား ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် ကျောင်းသား ကျောင်းသူလေးများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

**ရန်ကုန် ဇန်နဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်) ဖွင့်ပွဲကို ယနေ့ နံနက် ၉ နာရီ မိနစ် ၅၀ က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း (စိန့်ပေါလ်ကျောင်း)၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်တို့ တက်ရောက်အားပေးချီးမြှင့်သည်။

**ဖွင့်လှစ်ပေး**

ရှေးဦးစွာ ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ကျောင်းဥပစာရှေ့မှခ်ဦး၌ ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒေါက်တာဖေမြင့်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ နိုင်သက်လွင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောင်းသား ကျောင်းသူများနှင့် လည်းကောင်း၊ စိန့်ပေါလ် ကျောင်းသားဟောင်းများနှင့် လည်းကောင်း စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

*စာမျက်နှာ ၃ ကော်လံ ၁*

**“ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန် ၊ ပညာဗဟုသုတရော၊ လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများဖြစ်လာစေရန် စသည့်ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်”**


FNI

သောကကင်းဝေး စိတ်အေးစေနိုင် FNI

မီးအာမခံ
ခရီးသွားအာမခံ
မော်တော်ယာဉ်အာမခံ
ကျန်းမာရေးအာမခံ
ငွေသားအာမခံ
ရေကြောင်းအာမခံ နှင့်
အသက်အာမခံ
အခြားအာမခံ

အမျိုးမျိုးကို မြန်မာပြည်အနှံ့ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

ရန်ကုန်(ရုံးချုပ်) 01-8610661~5
ရန်ကုန်(မရမ်းကုန်းရုံးခွဲ) 01-9666163
မန္တလေး 02-2844525, 09-423687900
မော်လမြိုင် 057-26538, 09-442258990~1
မုံရွာ 071-26281, 09-442258992~3
ပြည် 053-24220, 09-442258994~5
နေပြည်တော် 067-25902, 09-404090049
မြစ်ကြီးနား 074-2529293, 09-400072626

မြန်မာ့အလင်း

# နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူငယ်ရေးရာမူဝါဒ မိန့်ခွန်း

မြန်မာနိုင်ငံလူငယ်ရေးရာမူဝါဒ မိတ်ဆက်ဖြန့်ချိခြင်းအခမ်းအနားၶ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က လူငယ်များဆိုင်ရာ မိန့်ခွန်းတစ်ရပ်ကို ပြောကြားခဲ့ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အသက် ၁၅ နှစ်နှင့် အသက် ၃၅ နှစ်ကြား လူငယ်ထုသည် မြန်မာနိုင်ငံလူဦးရေ၏ သုံးပုံတစ်ပုံကျော်ရှိသည်ဟု ထောက်ပြလိုက်ခြင်းသည် မြန်မာနိုင်ငံ၌ လူငယ်ထု၏အခန်းကဏ္ဍ အရေးပါသည်ကို မီးမောင်းထိုး ပြသလိုက်ခြင်း ဖြစ်ပါသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြသကဲ့သို့ လူငယ်နှင့် လူကြီးကြား မျိုးဆက်ကွဲပြားမှုအရ သဘောထားကွာဟမှု ရှိတတ်ခြင်းသည် လူငယ်ရေးရာမူဝါဒချမှတ်ရာ၌ အလေးအနက်ထား သုံးသပ်ရမည့်ကိစ္စရပ်ဖြစ်ပါသည်။ မျိုးဆက်သစ်လူငယ်တို့၏ အရည်အသွေးမြှင့်တင်ရာ၌ ပညာရေးစနစ်၏ အရေးပါပုံကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ထောက်ပြခဲ့ခြင်းသည် လူငယ်ရေးရာမူဝါဒ၌ ထည့်သွင်းစဉ်းစားရမည့် အချက်ဖြစ်ပါသည်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ပညာရေးစနစ်တွင် လူငယ်တို့အား အစုအဖွဲ့အလိုက် လုပ်ကိုင်တတ်သောအရည်အသွေး ပျိုးထောင်ရန် အကြံပြုခဲ့ခြင်းသည် ပြည်ထောင်စုနိုင်ငံဖြစ်သော၊ နိုင်ငံအတွက် အရေးပါသော လိုအပ်ချက်တစ်ရပ်ကို ဖြည့်ဆည်းလိုက်ခြင်းဖြစ်ပါသည်။ အနာဂတ်၌ ဒီမိုကရက်တစ် ဖက်ဒရယ်ပြည်ထောင်စုထူထောင်မည်ဟု သန္နိဋ္ဌာန်ချမှတ်ထားသော နိုင်ငံတော်၌ လူငယ်မျိုးဆက်သစ်တို့၏ အစုအဖွဲ့အလိုက် လုပ်ကိုင်တတ်သော အရည်အသွေးသည် မရှိမဖြစ် ပျိုးထောင်ရမည့် အရည်အသွေးဖြစ်ပါသည်။

တိုင်းပြည်၏ ဖွံ့ဖြိုးတိုးတက်မှုကို ဖန်တီးတည်ဆောက်ရာ၌ လူငယ်တို့၏ အပြိုင်အဆိုင်ကြိုးပမ်းလုပ်ကိုင်မှုသည် အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပါသည်။ သို့သော် လူငယ်တို့သည် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ညွှန်ပြသကဲ့သို့ အားကစားသမားတို့၏ စိတ်ဓာတ်ကို ဆုပ်ကိုင်လျက် မှန်ကန်သော ပြိုင်ဆိုင်မှုကိုသာ ကြိုးပမ်းဆောင်ရွက်ရမည် ဖြစ်ပါသည်။ လူငယ်တို့သည် မှန်ကန်သောပြိုင်ဆိုင်မှုကို ကြိုးပမ်းဆောင်ရွက်ရမည်သာမက မှန်ကန်သော ရွေးချယ်မှုတို့ကိုလည်း ပြုလုပ်ရမည် ဖြစ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုအား အရှိန်အဟုန်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်နေသော ပစ္စုပ္ပန်ကာလ၌ တက္ကသိုလ်ပညာရေးနည်းတူ အသက်မွေးဝမ်းကျောင်းပညာရေးအရေးကြီးသည်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က လူငယ်ထုအား ထောက်ပြခဲ့ပါသည်။ မိမိတို့ဘဝ မြင့်မားတိုးတက်ရေးနှင့်အတူ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ဖန်တီးတည်ဆောက်လိုသော လူငယ်တို့အနေဖြင့် တိုင်းပြည်၏ ပကတိလိုအပ်ချက်ကို ထင်ဟပ်သော ရွေးချယ်မှုတို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။

ပညာဟူသည် မှုလေ၊ ပွားလေဟူသော နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ညွှန်ပြခဲ့သည့် သက္ကတစကားပုံသည် လူငယ်တို့က အလေးအနက်နှလုံးသွင်းရမည့်စကားပုံတစ်ရပ် ဖြစ်ပါသည်။ ပညာတတ်မြောက်မှုမြင့်မားသော လူငယ်တို့အနေဖြင့် ပညာအခွင့်အလမ်း နည်းပါးသည့် အခြားသောလူငယ်တို့အား ပညာမျှဝေပေးရေးကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ညွှန်ပြသကဲ့သို့ ဆောင်ရွက်ကြရမည် ဖြစ်ပါသည်။ ထိုကဲ့သို့ ဆောင်ရွက်ခြင်းသည် တစ်ဦးချင်းလူငယ်တို့၏ ဂုဏ်သိက္ခာ ပညာအရည်အချင်းကို မြင့်မားစေသည်သာမက လူငယ်ထုတစ်ရပ်လုံး၏ အရည်အသွေးကိုပါ မြှင့်တင်ပေးသွားမည် ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မိန့်ကြားခဲ့သည့် မိန့်ခွန်းသည် လူငယ်ရေးရာမူဝါဒ၏ အနှစ်သာရကို ထင်ဟပ်ခြင်းဖြစ်ပါကြောင်း လေးစားစွာ တင်ပြအပ်ပါသည်။ ။

## စာအုပ်စာပေ လူ့မိတ်ဆွေ

# ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးလှသိန်းသည် မြန်မာနိုင်ငံဆိုင်ရာ ဖင်လန်နိုင်ငံ သံအမတ်ကြီး H.E. Ms. Riikka Laatu နှင့်အဖွဲ့အား ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီခွဲက နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌရုံး၊ ဧည့်ခန်းမဆောင်၌ တွေ့ဆုံရာ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မြင့်၊ ဦးစိုးရယ်၊ ဦးထွန်းခင်၊ ဦးလှတင့်၊ ဦးမြင့်နိုင်၊ ဦးသန်းဌေးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

တွေ့ဆုံစဉ် နောင်ကျင်းပမည့် ရွေးကောက်ပွဲများအတွက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကြိုတင်ပြင်ဆင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများနှင့် CSO အဖွဲ့များ၏ အကူအညီရယူဆောင်ရွက်ခဲ့မှုအခြေအနေများ၊ မဲဆန္ဒရှင်စာရင်းပြုစုခြင်း၊ မဲဆန္ဒရှင်များအသိပညာပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်း လုပ်ငန်းစဉ်များ၊ Demo Finland, Netherlands Institute for Multiparty Democracy(NIMD)၏ Myanmar School of Politics(MySoP) မှ သင်တန်းများ ဖွင့်လှစ်ပို့ချနေမှုအား ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားမည့်အခြေအနေများနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များတွင် ဖင်လန်နိုင်ငံအနေဖြင့် ပူးပေါင်းကူညီဆောင်ရွက်နိုင်မည့် အခြေအနေများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လေကြောင်းဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲ ကျင်းပပြီးစီး



**ရန်ကုန် ဇန်နဝါရီ ၆**

ယနေ့ လေယာဉ်မှူးများအတွက် စိန်ခေါ်မှုများ ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲတစ်ခုကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ နန်းထိုက်တော်ဝင် (ပါရမီ) စားသောက်ဆိုင်၌ ကျင်းပသည်။

စကားဝိုင်း ဆွေးနွေးသူများအဖြစ် မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌများ ဖြစ်ကြသည့် ဦးဘုန်းမြင့်ရွှေနှင့် ဦးဦးကျော်ဇံ၊ အတွင်းရေးမှူး ဦးသန်းမင်းနှင့် ကြားခံဆွေးနွေးသူအဖြစ် ဦးခင်မောင်လွင်တို့က ဆောင်ရွက်ပြီး လေယာဉ်မှူးကြီးများကလည်း ပါဝင်ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲကို မြန်မာနိုင်ငံ လေကြောင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးအသင်းက လေကြောင်းပညာရပ် ပြန့်ပွားရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန(နေပြည်တော်ရုံး)မှ “က” ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၆**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန (နေပြည်တော်ရုံး) မှ “က”ယာဉ်မောင်းလိုင်စင်များ ကွင်းဆင်းဆောင်ရွက်ပေးမှုကို ယနေ့နံနက် ၈ နာရီက နေပြည်တော် လယ်ဝေးမြို့နယ် သဲဖြူရွာ၌ ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

အခမ်းအနားတွင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန နေပြည်တော်ရုံးမှ ဦးစီးမှူး ဒေါ်တင်တင်ဌေးက “က”ယာဉ်မောင်းလိုင်စင် ကွင်းဆင်းဆောင်ရွက်ပေးမှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားကာ စစ်ဆေးရေးမှူး (၂) ဦးကျော်ဇင်လင်းထိုက်က ပညာပေးသင်တန်းပို့ချပေးပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ရေးဖြေ စစ်ဆေးကာ သင်တန်းသားများအား မော်တော်ဆိုင်ကယ်မောင်း လက်တွေ့စစ်ဆေးခြင်း၊ စစ်ဆေးအောင်မြင်သူ ၂၇၁ ဦးအား “One Stop Service” စနစ်ဖြင့် နေ့ချင်းပြီး “က” ယာဉ်မောင်းလိုင်စင်များ ထုတ်ပေးခဲ့သည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**



## ရွှေ ၊ ငွေ ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

ခင်ရတနာ-စုစည်းသည်။

၆-၁-၂၀၁၈

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၀၅၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၃၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၇၇၀/၇၈၅ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၂ | ၇၇၅/၇၉၀ ကျပ် (လက်လီဈေး) |
| အောက်တိန်း ၉၅ | ၈၂၀/၈၃၀ ကျပ် (လက်လီဈေး) |
| ပရီမီယံဒီဇယ် | ၇၉၀/၈၀၅ ကျပ် (လက်လီဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၉·၀ |
| ဥရောပ | တစ်ယူရို | ၁၆၃၉·၃ |
| စင်ကာပူ | တစ်ဒေါ်လာ | ၁၀၂၂·၁ |
| ထိုင်း | တစ်ဘတ် | ၄၁·၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၁·၄ |
| တရုတ် | တစ်ယွမ် | ၂၀၉·၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၃၇·၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ချူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ စိန်လွင်အောင်၊ တင်စိုး(ဓာတ်ပုံ)
အငယ်တန်းသတင်းထောက်များ - တင်လင်းအောင်၊ တင်မောင်လွင်၊ ဇင်ဦး၊ နေဝင်းထွန်း(၂)၊ ဟိန်းထက်ဇော်၊ ဝေသူနွယ်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)၊ ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ ကလေးစာပေပွဲတော်တွင် ပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။
သတင်းစဉ်

*ရှေ့ဖုံးမှ*

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်)တွင် ဖျော်ဖြေတင်ဆက်သည့် ကျောက်ဆည် ဆင်အကနှင့် ပွဲတော်အတွင်း ခင်းကျင်းပြသထားသည့် အခြေခံပညာ ကျောင်းများပြခန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)ပြခန်း၊ ဆရာကြီးမင်းသုဝဏ်ပြခန်း များ အပါအဝင် ပွဲတော်အတွင်း ခင်းကျင်း ပြသထားရှိမှုများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

**ဒုတိယပိုင်း အစီအစဉ်ကျင်းပ**

ထို့နောက် ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်) ဒုတိယပိုင်း အစီအစဉ်များကို အဆိုပါကျောင်းရှိ အောင်ဆန်းခန်းမ၌ ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော် "Theme Song" သီချင်းကို သီဆို၍ အခမ်းအနားကို ဖွင့်လှစ်ကြသည်။

**အရှိန်ရလာပြီဖြစ်**

ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က အမှာစကားပြောကြားရာတွင် ကလေးစာပေပွဲတော်များ ကျင်းပလာခဲ့သည်မှာ ယခုဆိုလျှင် အရှိန်ရလာပြီဖြစ်ပါကြောင်း၊ နိုင်ငံတော်သမ္မတကြီး အမှူးပြုသည့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အစိုးရအဖွဲ့အကြီးအကဲများ တက်ရောက်သည့် ပြည်ထောင်စုအဆင့်ပွဲများကို နေပြည်တော်၌ စတင် ကျင်းပခဲ့ပါကြောင်း၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီး၊ မုံရွာတို့၌ ကျင်းပခဲ့ပြီး ယခုအကြိမ်သည် ရန်ကုန်မြို့၌ ကျင်းပခြင်း ဖြစ်ပါကြောင်း။

ရန်ကုန်မြို့၌ ကျင်းပပြီးစီးပါက ပုသိမ်မြို့၌ ကျင်းပရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ အဆိုပါ ကျင်းပခဲ့သည့် ပွဲများသည် ပြည်ထောင်စုအဆင့် ကျင်းပခဲ့သည့်ပွဲများ ဖြစ်ပါကြောင်း၊ အခြား တိုင်းဒေသကြီးနှင့် ပြည်နယ်၊ မြို့တော်များအပါအဝင် ခရိုင်မြို့ကြီးများတွင် ကလေးစာပေပွဲတော်များ ၁၀ ခု ထက်မနည်း ကျင်းပပြီးဖြစ်ပါကြောင်း။

**ပညာရှင်တစ်ဦးဖြစ်**

ဆက်လက်၍လည်း ကလေးစာပေပွဲတော်များ ကျင်းပသွားမည် ဖြစ်ပါကြောင်း၊ ယနေ့ပွဲသည် နိုင်ငံတော်သမ္မတကိုယ်တိုင် တက်ရောက်ချီးမြှင့်သည့်ပွဲ ဖြစ်ပါကြောင်း၊ သမ္မတကြီးသည် နေပြည်တော်ပွဲကတည်းကပင် ကလေးစာပေပွဲများကို စိတ်ပါဝင်စားစွာ တက်ရောက် အားပေးခဲ့ပါကြောင်း၊ သမ္မတကြီးကိုယ်တိုင်သည်လည်း စာပေသမားဖြစ်ပြီး စာအုပ်စာပေများကို ရေးသားပြုစုနေသူတစ်ဦးလည်း ဖြစ်ပါကြောင်း၊ သမ္မတကြီး၏ ဖခင်သည် အားလုံးသိကြသည့်အတိုင်း ဆရာကြီးမင်းသုဝဏ်ဖြစ်ပြီး စာပေနယ်တွင် ရှေ့ဆောင်လမ်းပြပုဂ္ဂိုလ်တစ်ဦး ဖြစ်ခဲ့ပါကြောင်း၊ ကဗျာဆရာကြီးဖြစ်သလို အဘိဓာန်ကျမ်းများလည်း ပြုစုသည့် ပညာရှင်တစ်ဦးဖြစ်ပါကြောင်း။

မြန်မာစာပေနယ်တွင် ရှားပါးသည့် ကလေးစာပေများ ပြုစုသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပါကြောင်း၊ ကဗျာ၊ အလင်္ကာ၊ ပုံပြင်စသည့် ကလေးစာပေများကို အများကြီး ရေးသားပြုစုခဲ့ပါကြောင်း၊ မြန်မာပြည်၏ ကလေးစာပေဖခင်ကြီးတစ်ဦးဟု ခေါ်ဆိုရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် သမ္မတကြီးကို မေတ္တာရပ်ခံပြီး ဆရာကြီးမင်းသုဝဏ်နှင့် ပတ်သက်သည့် ပြခန်းကိုလည်း နေပြည်တော်ပွဲကတည်းကပင် စတင်ပါဝင်ပြသခဲ့ပါကြောင်း၊ သမ္မတကြီးကိုယ်တိုင်ပြုစုခဲ့သည့် စာအုပ်၊ စာတမ်း၊ မှတ်တမ်း၊ စာပေများကို ပြခန်း၌ ပါဝင်ပြသထားပါကြောင်း။


နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင် ကလေးစာပေပွဲတော်တွင် ကျောင်းသား ကျောင်းသူလေးများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်စဉ်။
သတင်းစဉ်

**စာပေနှင့် ထိတွေ့ပေး**

စာပေနှင့် ပတ်သက်ပြီး ကလေးများကို ပျော်ရွှင်စေချင်ပါကြောင်း၊ ပျော်ရွှင်မှုသည် စာပေနှင့် ဆက်စပ်သည့် ပတ်ဝန်းကျင်ထဲတွင် ကလေးများ ပျော်ရွှင်တာမျိုး ဖြစ်စေချင်ပါကြောင်း၊ ကလေးများ စာပေပွဲတော်တွင် စာအုပ်ဆိုင်များ၊ စာအုပ်အရောင်းဆိုင်များ တွဲဖက်ပြီး ကျင်းပပေးခြင်းကြောင့် ကလေးများအနေဖြင့် စာအုပ်တန်းကို ဝင်ရောက် ကြည့်ရှုရင်း သူတို့စိတ်ဝင်စားသည့်စာအုပ်များ ဝယ်ယူသွားခြင်းသည်လည်း ကလေးများကို စာအုပ်စာပေနှင့်ထိတွေ့ပေးခြင်းလည်း ဖြစ်ပါကြောင်း။

**အလေ့အထများ ရသွားစေလို**

စာအုပ်စာပေနှင့် ထိတွေ့ပြီးသား ကလေးများ အနေဖြင့်လည်း ပွဲတော်လာရင်း ကလေးစာပေ အမြောက်အမြား ထိတွေ့ပြီး စာအုပ်ဖတ်သည့် အလေ့အထ၊ စာအုပ်ဝယ်ယူသည့် အလေ့အထများ ရသွားစေလိုပါကြောင်း၊ ကလေးများသည် စာအုပ်စာပေ ပတ်ဝန်းကျင်၌ ပျော်ရွှင်ဖို့ဆိုသည့် ရည်ရွယ်ချက်သည် အဓိကကျသည့် ရည်ရွယ်ချက်ဖြစ်ပါကြောင်း။

ကလေးများအနေဖြင့် အိမ်မှာနေရင်း ညီအစ်ကိုမောင်နှမအချင်းချင်း ပျော်ရွှင်ရသည်မျိုးနှင့် မတူဘဲ ယခုကဲ့သို့ ကလေးအမြောက်အမြားဖြင့် ပွဲတော်ကိုလာရောက် ပျော်ရွှင်တာမျိုး ဖြစ်စေချင်ပါကြောင်း၊ ကလေးများအနေဖြင့် ပွဲတော်မှ အစီအစဉ်များကို ကိုယ်တိုင်ပါဝင် ဆင်နွှဲစေလိုပါကြောင်း၊ အခြား ပျော်ရွှင်စရာ နည်းလမ်းများ၊ ကစားနည်းများကိုလည်း ဝင်ရောက်ယှဉ်ပြိုင်ကစား၍ရပါကြောင်း၊ တစ် အချက်သည် ကလေးများ ပျော်ရွှင်ဖို့၊ နှစ် အချက်သည် ကလေးများ စာအုပ်စာပေ ပတ်ဝန်းကျင်၌ ပျော်ရွှင်ဖို့၊ သုံး အချက်သည် ကလေးများ အများနှင့် ထိတွေ့စုပေါင်း လုပ်ဆောင်ရသည့် အလုပ်များတွင် ပျော်ရွှင်စေလိုသည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း။

**ပါဝင်ထမ်းဆောင်**

ကလေးများသည် အနာဂတ်နိုင်ငံ၏ ခေါင်းဆောင်များဖြစ်လာမည်ဟု ပြောဆိုမှုများ ရှိပါကြောင်း၊ တချို့သည်လည်း နိုင်ငံ့ခေါင်းဆောင်များ ဖြစ်လာပြီး တချို့သည်လည်း တိုင်းပြည်၏ကဏ္ဍအသီးသီးတွင် ပါဝင်ထမ်းဆောင်ကြမည့်သူများ ဖြစ်လာမည် ဖြစ်ပါကြောင်း၊ ကလေးများအနေဖြင့် နေရာကဏ္ဍအသီးသီးတွင် စွမ်းစွမ်းတမံ ဆောင်ရွက်နိုင်ရန်သည် အဓိကဖြစ်ပါကြောင်း၊ ကလေးများနှင့်ပတ်သက်ပြီး လူကြီးများက လူတော်လူကောင်းများဖြစ်စေရန် အမြဲပြောဆိုကြပါကြောင်း၊



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့်ဇနီး ဒေါ်စုစုလွင်နှင့် တာဝန်ရှိသူများ ကလေးစာပေပွဲတော်၌ ပြသထားသည့် ဆရာကြီးမင်းသုဝဏ်၏ မှတ်တမ်းပြခန်းကို ကြည့်ရှုစဉ်။
သတင်းစဉ်

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် ဇနီး ဒေါ်စုစုလွင်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကျောင်းသား ကျောင်းသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြစဉ်။ သတင်းစဉ်

*စာမျက်နှာ ၃ မှ*

အရွယ်ရောက်လာပါက လူတော် လူကောင်းများဖြစ်လာရန်၊ ယခင်က ဗလငါးတန်ပြည့်စုံရန် ပြောပါကြောင်း။

**ရည်ရွယ်ချက်**

ဗလငါးတန်အပြင် ကလေးများ ဘက်စုံဖွံ့ဖြိုး တိုးတက်စေချင်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်း ဖြစ်ပါကြောင်း၊ ကလေးများ ငယ်စဉ်ဘဝကပင် လူရည်လူသွေး၊ ဉာဏ်ရည်ဉာဏ်သွေး ပြည့်စုံအောင်ရည်ရွယ်ကာ လူတော်လူကောင်းဖြစ်စေရန် ကလေးများကို လူကြီးများအနေဖြင့် မြေတောင်မြှောက်ပေးသည့် ဝတ္တရားရှိသည့်အတိုင်း ကလေးစာပေပွဲတော်ကို ကျင်းပခြင်း ဖြစ်ပါကြောင်း။

**စည်ကားစွာ ကျင်းပ**

ကလေးစာပေပွဲတော် အောင်မြင်စေရန်အတွက် ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က ကမကထပြု ဆောင်ရွက်ပေးပါကြောင်း၊ အဆိုပါ သုံးခုသာမက အခြား ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြသည့် ပုဂ္ဂိုလ်များစွာ ရှိပါကြောင်း၊ စိန့်ပေါလ်ကျောင်းကြီးသည် သမိုင်းဝင်ကျောင်းကြီးဖြစ်သည့်အတွက် ပြင်ဆင်ဆောင်ရွက်ရန် လိုအပ်နေသည့် အပိုင်းများကို ပွဲတော်အမီ ပြင်ဆင်ပေးခဲ့သူများ ရှိပါကြောင်း၊ ကုန်ကျစရိတ်များကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် စိန့်ပေါလ် ကျောင်းသားအသင်းက ကူညီပေးခဲ့ခြင်းကြောင့် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ခြင်း ဖြစ်ပါကြောင်း။

စိန့်ပေါလ်ကျောင်းသည် သမိုင်းအစဉ်အလာရှိသည့် ကျောင်းဖြစ်ပြီး စိန့်ပေါလ်ကျောင်းကဲ့သို့ ရန်ကုန်မြို့တွင် သမိုင်းရှိသည့် ကျောင်းများတွင်လည်း အလားတူ ပွဲတော်များ ကျင်းပရန် မျှော်လင့်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆွေးနွေးကာ ရန်ကုန်၌ စတင်၍ ကျောင်းများတွင် စာပေဆိုင်ရာ လှုပ်ရှားမှုများ လုပ်သွားချင်ပါသဖြင့် အားလုံးက ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

**တီထွင်ကြံဆမှုများ ဆောင်ရွက်**

ထို့နောက် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ မျိုးသိမ်းကြီးက ရန်ကုန်မြို့ပြအမွေအနှစ်စာရင်းဝင် နှစ်ပေါင်းရာကျော်ရှိသော သမိုင်းဝင် အဆောက်အအုံဖြစ်သည့် ကျောင်းတွင် ကလေးစာပေပွဲတော်ကို ပူးပေါင်း ကျင်းပခွင့်ရသည့်အတွက် ဂုဏ်ယူပါကြောင်း၊ ကလေးစာပေပွဲတော် ကျင်းပရခြင်းသည် ကလေးများကို ပျော်ရွှင်စေလိုခြင်းနှင့် စာများများ ဖတ်စေလိုသည့်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပူးပေါင်းဆောင်ရွက်ရခြင်းဖြစ်ပါကြောင်း၊ ယနေ့ ကလေးစာပေပွဲတော်ကို အားပေးခြင်းသည် ကျောင်းသား ကျောင်းသူများအနေဖြင့် စာများများဖတ်၊ များများတွေးခေါ်၊ များများ သင်ယူကာ လူ့ပတ်ဝန်းကျင်အတွက် ကောင်းသော တီထွင်ကြံဆမှုများ ဆောင်ရွက်ပြီး ကမ္ဘာကြီးကို ငြိမ်းချမ်းဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်တတ်စေရန်အတွက် အားပေးခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

**အုတ်မြစ်များဖြစ်**

ဆက်လက်၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယနေ့လူငယ်များအား အရည်အသွေးပြည့်ဝသည့် လူလတ်၊ လူကြီးများ ဖြစ်လာစေရန်အတွက် ကလေးစာပေပွဲတော်သည် အရေးကြီးပါကြောင်း၊ လူငယ်ရေးရာ မူဝါဒတွင် ပါဝင်သည့် အချက်များကို အောင်မြင်အောင် ဆောင်ရွက်နိုင်ရန် ကလေးများ၊ လူငယ်များက စာများများဖတ်ပြီး ဗဟုသုတ အရည်အချင်း ပြည့်ဝမှသာလျှင် အရေးကြီးသည့် လူငယ်မူဝါဒတစ်ခု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သည် သာမန်အနေဖြင့်ကြည့်လျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်တစ်ခု၌ ပြုလုပ်သည့် ကလေးစာပေပွဲတော်တစ်ခု ဖြစ်သော်လည်း နောက်ကွယ်တွင် အရေးကြီးသည့် နိုင်ငံ၏ ခိုင်မာတောင့်တင်းသောအုတ်မြစ်များ ဖြစ်ပါကြောင်း ပြောကြားသည်။

**ဝိုင်းဝန်းတည်ဆောက်**

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က ယနေ့လူငယ်များသည် နောင်လာမည့် ကာလတွင် နိုင်ငံ့ခေါင်းဆောင်များ ဖြစ်ကြမည်ဖြစ်ရာ မှန်ကန်မြင့်မြတ်သည့် အတွေးအခေါ်၊ အသိပညာများ ပေါ်ပေါက်စေရန် စာပေဖြင့် ဝိုင်းဝန်းတည်ဆောက်ကြရမည် ဖြစ်ကြောင်း ပြောကြားသည်။

**အလေ့အကျင့်ကောင်းများ ရရှိစေ**

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ကလေးစာပေပွဲတော် ကျင်းပခြင်းဖြင့် ကလေးများ စာပေအပေါ် ချစ်မြတ်နိုးပြီး စာပေသည် ဘဝအတွက် အရေးကြီးသည့် ပညာရပ်တစ်ခုအဖြစ် မှတ်ယူကာ စာဖတ်သည့် အလေ့အကျင့်ကောင်းကို ရရှိစေရန်နှင့် ကလေးတို့အတွက် နောင်တစ်ချိန်တွင် ငယ်ဘဝကို အမှတ်ရစေရန်အတွက် ဆောင်ရွက်ပေးခြင်း ဖြစ်ကြောင်း၊ ကလေးစာပေပွဲတော် ကျင်းပနိုင်ရေးအတွက် ပူးပေါင်းစီစဉ် ဆောင်ရွက်ပေးခဲ့ကြသည့် ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကျောင်းသား ကျောင်းသူများ၊ အလှူရှင်များနှင့် ဝိုင်းဝန်းကူညီကြသူများအားလုံးကို ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းသူလေးများက အပျိုတော်ယိမ်း အကဖြင့် လည်းကောင်း၊ မသန်စွမ်းသက်ငယ် သင်တန်းကျောင်း၊ သမိုင်း (မရမ်းကုန်း)မှ ကျောင်းသား ကျောင်းသူလေးများက စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်သီချင်းဖြင့် လည်းကောင်း၊ ဗဟန်းမြို့နယ် အမှတ်(၁) အခြေခံပညာ မူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ထာဝရသစ္စာ သီချင်းဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျောင်းများကိုယ်စား Genius ကျောင်းမှ ကျောင်းသား ကျောင်းသူများက တယောစွမ်းရည်ဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကကျောင်းများကိုယ်စား ILBC မှ ကျောင်းသား ကျောင်းသူများက ကမ္ဘာမြေငြိမ်းချမ်းပါစေ သီချင်းနှင့် "Rhythm of the Rain" ဖြင့် သံစုံဖျော်ဖြေမှုဖြင့် လည်းကောင်း ဖျော်ဖြေတင်ဆက်ကြသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်နှင့် ပတ်သက်၍ အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ပေးအပ်လှူဒါန်း**

ယင်းနောက် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း (စိန့်ပေါလ်ကျောင်း) အတွက် Techno-land Computer Trading Co., Ltd. မန်နေဂျင်းဒါရိုက်တာ ဦးမြတ်စိုးဝင်းက Dell ကွန်ပျူတာငါးစုံကို လည်းကောင်း၊ Client Focus Technology Group Co., Ltd. ဒါရိုက်တာ ဦးအောင်ကျော်မိုးက သင်ထောက်ကူပစ္စည်းများကို လည်းကောင်း ပေးအပ်လှူဒါန်းကြရာ ကျောင်းအုပ်ဆရာကြီး ဦးကျော်ကျော်ထွန်းက လက်ခံသည်။

ကလေးစာပေပွဲတော်ကို ကလေးများ စာအုပ်စာပေ၌ နှစ်သက်မွေ့လျော်ကာ ရာသက်ပန် ပညာရှာမှီးသူများ ဖြစ်လာစေရန်၊ ပွဲတော်၌ ပျော်ရွှင်စွာ ဆင်နွှဲရင်း စုပေါင်းအလုပ်များတွင် ဝိုင်းဝန်းပါဝင်တတ်သည့် အလေ့အထကောင်းများ ရရှိလာစေရန်၊ ပညာဗဟုသုတရော၊ လူရည်လူသွေးပါ ပြည့်ဝ၍ အနာဂတ်တွင် တိုင်းပြည်အတွက် ဦးဆောင်ဦးရွက်ပြုနိုင်သူများ ဖြစ်လာစေရန်စသည့် ရည်ရွယ်ချက်များနှင့်အညီ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**ခင်းကျင်း ပြသ**

ကလေးစာပေပွဲတော်တွင် ကလေးစာပေများစွာ ရေးသားခဲ့သည့် ဆရာကြီး မင်းသုဝဏ်၏ စာပေလက်ရာများ၊ မှတ်တမ်းဓာတ်ပုံများနှင့် ကလေးစာအုပ်ပြခန်း၊ 3D ပြခန်း၊ ကလေးစာဖတ်ခန်း၊ နည်းပညာ မိတ်ဆက်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး အခြေခံပညာကျောင်းများမှ စုပေါင်း၍ ခင်းကျင်းပြသထားသည့် သိပ္ပံလက်တွေ့ပြခန်း၊ အိမ်တွင်းမှုပြခန်း၊ တီထွင်ဆန်းသစ်မှုပြခန်း၊ ပညာပေးပြခန်း၊ လက်မှုပညာပြခန်း၊ ပန်းအလှနှင့် ခြင်းထိုးလုပ်ငန်းပြခန်း၊ ဖန်စီဖြင့် အလှဆင်ခြင်းပြခန်း၊ ဒေသထွက်ကုန်ပစ္စည်းများပြခန်း၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး အသိပညာပေးပြခန်း၊ ရေအားလျှပ်စစ်ထုတ်လုပ်ပုံပြခန်း၊ ရူပဗေဒပြခန်း၊ ကိုယ်ပိုင်ကျောင်းများမှ ခင်းကျင်းပြသသည့် သိပ္ပံလက်တွေ့ပြခန်းများနှင့် သင်ထောက်ကူပစ္စည်းများပြခန်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန မိဘိုင်းပြခန်းများကို စုံလင်စွာ ခင်းကျင်းပြသထားသည်။

**ဖျော်ဖြေတင်ဆက်မှု ပါဝင်**

ထို့အပြင် ပွဲတော်လာ ကလေးများ ပျော်ရွှင်စွာပါဝင်ဆင်နွှဲနိုင်ရေးအတွက် Happy World ကစားကွင်းများ၊ ကာတွန်းပုံတူ ရေးဆွဲခြင်း၊ ကာတွန်းရုပ်များနှင့် 3D ကားချပ်များဖြင့် အမှတ်တရဓာတ်ပုံရိုက်ကူးရေး အစီအစဉ်များ၊ ဂိမ်းကစားနည်းများ၊ ပုံပြင်ပြောပြိုင်ပွဲများ၊ ကျပန်းစကားပြော ပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ စက္ကူခေါက်ပြိုင်ပွဲများ၊ မျက်လှည့်နှင့် ရုပ်သေးအက၊ အထက(၆) ဗိုလ်တထောင် ကျောင်းသားများ၏ ဆိုင်းဝိုင်းနှင့် ကျောက်ဆည်မြို့မှ ဆင်အကနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတများ အပါအဝင် ဖျော်ဖြေတင်ဆက်မှု အစီအစဉ်များ ပါဝင်ကြောင်း သိရသည်။

**လာရောက်ပါဝင်ဆင်နွှဲ**


ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ (ရန်ကုန်)ကို ယနေ့မှ ဇန်နဝါရီ ၈ ရက်အထိ သုံးရက်တိုင်တိုင် နံနက် ၉ နာရီမှ ည ၈ နာရီအထိ ကျင်းပသွားမည်ဖြစ်ရာ မည်သူမဆို လာရောက်ပါဝင်ဆင်နွှဲနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) မြင်ကွင်းပုံရိပ်များ



နိုင်ငံတော်သမ္မတ ဦးထင်ကျော်၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ကျောင်းသား ကျောင်းသူများက ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးအပြီး တွေ့ရစဉ်။ သတင်းစဉ်



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ကလေးစာပေပွဲတော် (ရန်ကုန်)တွင် အမှတ်-၆ အခြေခံပညာအထက်တန်းကျောင်း စိန့်ပေါလ်၏ ကျောင်းသားဟောင်းများ ပြခန်းတွင် မှတ်တမ်းတင်လက်မှတ် ရေးထိုးပေးစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲတော် ဖွင့်ပွဲအခမ်းအနားတွင် မသန်စွမ်းသက်ငယ်သင်တန်းကျောင်း သမိုင်း(မရမ်းကုန်း) ကျောင်းသား ကျောင်းသူများက စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ် သီချင်းဖြင့် ဖျော်ဖြေစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော်လာ ကလေးငယ်များအား ပန်းချီဆရာများက ပုံများ ဆေးခြယ်ပေးနေစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော်တွင် ပြသသည့် လူရည်ချွန်ကိုယ်ပိုင်အထက်တန်းကျောင်း ပြခန်း၌ ကလေးငယ်များ ကြည့်ရှုလေ့လာနေသည်ကို တွေ့ရစဉ်။ သတင်းစဉ်



ကလေးစာပေပွဲတော်တွင် စာအုပ်ဈေးရောင်းပွဲကို ဖွင့်လှစ်ထားရာ စာပေချစ်မြတ်နိုးသူများ ဝယ်ယူအားပေးနေကြစဉ်။ သတင်းစဉ်

ကလေးစာပေပွဲတော် စာအုပ်ပြခန်းတွင် ကလေးငယ်များ ကြည့်ရှုလေ့လာနေစဉ်။ သတင်းစဉ်





ကလေးစာပေပွဲတော်တွင် ညပိုင်း၌ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား တီးဝိုင်းနှင့်အတူ တေးသံရှင်များ ဖျော်ဖြေစဉ်။ အောင်မင်းဟန်

# ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ် ဈေးရောင်းပွဲ(ရန်ကုန်)ပထမနေ့ အထူးစည်ကားများပြား


ရန်ကုန် ဇန်နဝါရီ ၆

**ပြန်ကြားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းကျင်းပသော ကလေးစာပေပွဲတော်၊ ကလေးစာပေပြပွဲနှင့် စာအုပ်ဈေးရောင်းပွဲ(ရန်ကုန်) ပထမနေ့ကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆)အခြေခံပညာအထက်တန်းကျောင်း(စိန့်ပေါလ်ကျောင်း)၌ စတင်ကျင်းပရာ အများပြည်သူရုံးပိတ်ရက်စနေနေ့ဖြစ်သည့်အားလျော်စွာ ကျောင်းသား ကျောင်းသူများ၊ မိဘပြည်သူများအပါအဝင် လာရောက်ကြည့်ရှုလေ့လာသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။**


မောင်နေထက်


ဒေါ်အေးအေးမြင့်


ဦးသက်ချိုဦး


ဦးသိန်းဆွေ


ဒေါ်ခင်မျိုးမင်းသူ


မစံထားဝေ

ကျောင်းဆင်ဝင်မှ အဝင်၊ ပင်မဆောင်အပေါ်ထပ်နှင့် ဘတ်စကက်ဘောကွင်းအနီးတို့တွင် အမျိုးသားစာဆိုဆရာကြီး မင်းသုဝဏ်ပြခန်း၊ ကာတွန်းပြခန်း၊ ကလေးများအတွက် နည်းပညာမိတ်ဆက်ပြခန်း၊ ကလေးစာပေပြခန်း၊ ကလေးစာဖတ်ခန်းနှင့် အခြေခံပညာကျောင်းများ၏ ပြခန်းပေါင်း ၁၃ ခန်းတို့ကို ပြသထားသည်။

ပွဲတော်သို့ လာရောက်လေ့လာသည့် အထက(၅) တောင်ဥက္ကလာ နဝမတန်း (A)မှ မောင်နေထက်က "ဒီပွဲတော်ကျင်းပတဲ့အတွက် ဗဟုသုတရပါတယ်၊ ဗဟုသုတများစွာ တိုးတက်စေတယ်၊ ကျောင်းသား ကျောင်းသူတွေအတွက် စာပေဗဟုသုတ တိုးပွားစေပါတယ်" ဟု ပြောသည်။

ပွဲတော်တွင် ကလေးများ အသိပညာဗဟုသုတရရှိရေးသာမက ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနိုင်ရန် ဖျော်ဖြေရေးနှင့် ကစားနည်းများလည်း ပါဝင်သည်။

ကျောင်းဝင်းအတွင်းရှိ Happy World ကစားကွင်းတွင် ပျော့ပျော့အိအိကစားကွင်း၊ ပူဖောင်းမြားပစ်၊ မြင်းဆိုလည်၊ ပျားဆုံလည်၊ သားရေကွင်းပစ်၊ အပျော်စီးမီးရထား၊ ဘောလုံးကန်၊ ကွင်းပစ်၊ နွားရိုင်းစီးစက်၊ ဘတ်စကက်ဘော၊ နို့ဆီခွက်ပစ်၊ လေယာဉ်ဆုံလည်၊ ကလေးစီးဒန်းရဟတ်၊ ကလေးစီးလှုပ်ရှပ်၊ ပျော့ပျော့အိအိ ရေကူးကန်များတွင် ကျောင်းသားကျောင်းသူ ကလေးငယ်များ ပျော်ရွှင်စွာကစားနေကြသည်။

"မိဘတစ်ယောက်အနေနဲ့ ဒီလိုပွဲမျိုးကျင်းပပေးတာကို ဝမ်းသာပါတယ်၊ ကလေးတွေလည်း ပျော်ပျော်ရွှင်ရွှင်နဲ့ စာအုပ်တွေလိုက်ကြည့်ကြတယ်၊ သူတို့ ကြိုက်နှစ်သက်ရာ စာအုပ်တွေဝယ်ကြတယ်၊ ဒီနေရာက အချက်အချာဗဟိုကျနေတဲ့နေရာလည်း ဖြစ်တော့ ကျောင်းပေါင်းစုံက ကလေးတွေအကုန်လာကြတယ်၊ လာပြီးကြည့်ကြတဲ့အတွက် ပျော်ရွှင်မှုရတယ်၊ နောင်နှစ်တွေလည်း ကျင်းပပေးပါ"ဟု ကျောက်တံတားမြို့နယ်နေ ကျောင်းသားမိဘဖြစ်သူ ဒေါ်အေးအေးမြင့်က ပြောသည်။

အောင်ကျော်ခန်းမရှေ့ပင်မဆောင် အပေါ်ထပ်နှင့် အားကစားကွင်းများ၌ Team Building ဂိမ်းများ၊ ခွက်ခင်းလမ်းလျှောက်၊ သုံးယောက်တွဲလမ်းလျှောက်၊ ပူးပေါင်းညှပ်လမ်းလျှောက်၊ ခါးလှည့်ကွင်းလှည့်၊ ဂေါက်သီးဂိုးသွင်း၊ စကားပုံဆက်ကစားခြင်း၊ အရုပ်ဆက်ကစားခြင်း၊ ဘောလုံး၊ ထုပ်ဆီးတိုး အားကစားပြိုင်ပွဲများ ကျင်းပလျက်ရှိရာ ပျော်ရွှင်စွာ လာရောက်ကစားနေကြသည့် ကျောင်းသား ကျောင်းသူ ကလေးငယ်များနှင့် စည်ကားလျက်ရှိသည်။

စိန့်ပေါလ်ကျောင်းသားဟောင်းဖြစ်သူ ဦးသက်ချိုဦးကလည်း "ဒီပွဲမှာ ကျောင်းသားဟောင်းများ အသင်းက စုပြီး နံနက်၊ နေ့လယ်၊ ညနေတွေမှာ စတုဒိသာကျွေးတယ်၊ သုံးရက်လုံးကျွေးမှာပါ၊ ဒီကျောင်းမှာ ဒီလိုပွဲတော်ကျင်းပပေးခြင်းဖြင့် ကျောင်းသားဟောင်းတွေအနေနဲ့ ဝမ်းသာဂုဏ်ယူပါတယ်၊ ကလေးစာပေပွဲတော်ဆိုတာ တစ်ခါမှ မပေါ်ခဲ့ပါဘူး၊ ကလေးတွေကို စာပေတစ်ခုတည်းမဟုတ်ဘဲနဲ့ ပျော်စရာဂိမ်းတွေနဲ့ တွဲပြီး လုပ်ပေးတဲ့အတွက် တာဝန်ရှိသူအားလုံးကို ကျေးဇူးတင်ပါတယ်၊ ကျောင်းအနေနဲ့လည်း ဂုဏ်ရှိပါတယ်၊ ကလေးတွေ အနာဂတ်အတွက် စာဖတ်ရမယ်ဆိုတာ မီးမောင်းထိုးပြလိုက်သလိုပါပဲ ခံစားရပါတယ်"ဟု ပြောသည်။

စိန့်ပေါလ်ကျောင်း အောင်ကျော်ခန်းမနှင့် အောက်ထပ်အခန်းများတွင် ပုံပြောပြိုင်ပွဲများ၊ ကျပန်းစကားပြောပြိုင်ပွဲများ၊ ကဗျာရွတ်ဆိုပြိုင်ပွဲများ၊ ဆေးရောင်ခြယ် ပြိုင်ပွဲများနှင့် စက္ကူခေါက်ပြိုင်ပွဲများကို ကျင်းပလျက်ရှိရာ ကျောင်းသား ကျောင်းသူများ လာရောက်ယှဉ်ပြိုင်လျက်ရှိသည်။


စာပေပွဲတော်လာကလေးငယ်များ ကစားကွင်းများ၌ ပျော်ရွှင်စွာ ကစားနေစဉ်။

စိန့်ပေါလ်ကျောင်းသားဟောင်းများ အသင်းနာယက ဦးသိန်းဆွေက "ဒီကျောင်းက ရှေးဟောင်းအဆောက်အအုံ သတ်မှတ်ထားတဲ့အတွက် ရှေးဟောင်းလက်ရာ မပျက်အောင် ကြိုးကြပ်ဆောင်ရွက်ကြရပါတယ်၊ ဒီပွဲတော်မျိုးဆိုတာ ရှိသင့်ပါတယ်။ လာရောက်လေ့လာခြင်းဖြင့် ရရှိလာမယ့် အကျိုးကျေးဇူးတွေ အများကြီးပါ၊ ကလေးတွေစာဖတ်ခြင်း အားနည်းနေသေးတယ်၊ စာပေပွဲတော်လုပ်ပေးခြင်းဖြင့် စာပေအပေါ် အာရုံစိုက်လာမယ်၊ စာဖတ်ခြင်း အလေ့အထတွေ၊ အသိတရားတွေ သိစေချင်တယ်၊ စာပေပွဲတော်ကျင်းပခြင်းကလည်း ဒါကို အဓိကထားကျင်းပခြင်းဖြစ်ပါတယ်၊ နောက်တစ်ချက်က မိဘအပိုင်းပေါ့၊ မိဘတွေလည်း ကိုယ့်ကလေးကို ဘယ်လိုပြုစုပျိုးထောင်ရမလဲ၊ ဘယ်လိုစာအုပ်မျိုးဖတ်သင့်သလဲ၊ အကြံဉာဏ်ကောင်းရမယ်၊ မိဘအတွက်လည်း အကျိုးရှိမယ်၊ ဒီပွဲကို မိဘနဲ့ ကျောင်းသားတွေ လာသင့်ပါတယ်။ ကျောင်းသားဟောင်းအနေနဲ့ ပါဝင်ခဲ့ရတဲ့အတွက် ဝမ်းမြောက်ဝမ်းသာဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

ကျောင်း၏ အောင်ဆန်းခန်းမ၊ ပင်မဆောင်ရှေ့နှင့် ဘောလုံးကစားကွင်းတို့တွင် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် မသန်စွမ်းလူငယ်များ ကဖျော်ဖြေခြင်း၊ ရုပ်သေးအကဖျော်ဖြေခြင်း၊ ဉာဏ်လင်းထက်ဆင်အကဖြင့် ဖျော်ဖြေခြင်း၊ အနာဂတ်ကြယ်ပွင့်များအဖွဲ့ ဖျော်ဖြေခြင်း၊ မျက်လှည့်ပြပွဲ၊ မျက်နှာဆေးရောင်ခြယ်ခြင်း၊ ကာတွန်းပုံတူများ ရေးဆွဲခြင်း၊ ကာတွန်းရုပ်များနှင့် 3D ကားချပ်များဖြင့် အမှတ်တရဓာတ်ပုံရိုက်ခြင်း၊ စာအုပ်ဈေးရောင်းပွဲ၊ Stage Show သီဆိုဖျော်ဖြေလျက်ရှိသည်။

အထက(၁)ဗိုလ်တထောင်မှ ဆရာမ ဒေါ်ခင်မျိုးမင်းသူက "ကျောင်းသားလူငယ်တွေအတွက် ဗဟုသုတတွေရပါတယ်၊ စည်းလုံးမှုလည်း ရပါတယ်၊ အရင်ကထက် ကလေးတွေစာဖတ်အားလည်း ပိုကောင်းလာမယ်၊ တစ်ဦးနဲ့တစ်ဦး နွေးနွေးထွေးထွေးနဲ့ စည်းစည်းလုံးလုံး ရှိလာမယ်၊ ပွဲတော်လုပ်ပေးတဲ့အတွက် နောင်အနာဂတ်ကလေးတွေ အသိပညာ ဖွံ့ဖြိုးတိုးတက်လာမယ်၊ သူတို့အတွက် အားကစားနဲ့ ပတ်သက်တဲ့ ကာယ၊ ဉာဏ၊ စာရိတ္တဘက်စုံဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံခေတ်မီ ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်၊ နှစ်စဉ်နှစ်တိုင်းလုပ်ပေးဖို့ ဆရာမတစ်ယောက်အနေနဲ့ မျှော်လင့်ပါတယ်၊ ကျောင်းသားတွေအနေနဲ့ ရှိပြီးသားအရည်အသွေးတွေ ဒီထက် တိုးတက်လာလိမ့်မယ်လို့ မျှော်လင့်ပါတယ်" ဟုပြောသည်။

ကိုယ်ပိုင်အထက်တန်းကျောင်းများ မိသားစုဖျော်ဖြေရေးမဏ္ဍပ်၌ အမေ့အိမ်၊ ရွှေပြည်စိုး၊ ရွှေပင်ရွှေသီး၊ ICEC ၊ မိုးသောက်ပန်း၊ May International School ၊ Genius ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများကအငြိမ့်၊ နှစ်ပါးသွား၊ တေးသီချင်း၊ တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်လျက်ရှိပြီး စာအုပ်အရောင်းဆိုင်များနှင့် စားသောက်ဆိုင်များဖြင့် စည်ကားများပြားလျက်ရှိသည်။

$21^{St}$ Century Education Development မှ ပရိုဂရမ် ဒါရိုက်တာ မတင်ဇာဝိုင်းက "လူရည်ချွန်ကိုယ်ပိုင်အထက်တန်းကျောင်းနှင့် $21^{St}$ Century Education Development တို့ ပူးပေါင်းတဲ့ ပွဲလေးဖြစ်ပါတယ်၊ တိုက်အိမ်ကလေးတွေ၊ တံတားလေးတွေ ဆောက်ခိုင်းတယ်။ ဒါဆိုရင် ကျောင်းသားတွေ ဉာဏ်ပညာဖွံ့ဖြိုးလာမယ်၊ ပြဿနာတစ်ခုကို ဘယ်လိုဖြေရှင်းရမလဲ၊ သူတို့မှာရှိတဲ့ ပစ္စည်းလေးတွေနဲ့ ဘယ်လိုဖြေရှင်းရအောင် လုပ်နိုင်မလဲဆိုတာကို အတွေးအခေါ်ရလာတယ်၊ နောက်မျိုးဆက်သစ်တွေ မိမိကိုယ်မိမိ သူတို့ယုံကြည်ချက်ရှိလာတယ်၊ သွက်သွက်လက်လက် ရှင်းပြလာတတ်မယ်၊ ဒီပြခန်းတွေ လုပ်ပေးတဲ့အတွက် အမြင်တွေကျယ်စေတယ်၊ ရန်ကုန်မှာ ပထမဦးဆုံးလုပ်တဲ့ ပွဲမှာ ဆရာဆရာမတွေ၊ မိဘတွေနဲ့ ကျောင်းသားတွေ တစ်စုတစ်စည်းတည်း တွေ့ရတဲ့အတွက် အကောင်းဆုံးပွဲတော်ဖြစ်ပါတယ်"ဟု ပြောသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနကလည်း Team Building Game ကစားခြင်း၊ အရုပ်ဆက်ခြင်း၊ စကားပုံဆက်ခြင်း၊ အိမ်ဆောက်ခြင်း၊ စက္ကူခေါက်ခြင်း၊ ဆေးရောင်ခြယ်ခြင်း၊ ပုံဆွဲခြင်း၊ ပုဂ္ဂလိကကျောင်းများနှင့် ပြခန်းများရှိကစားနည်းများတွင် အနိုင်ရရှိသော ကျောင်းသား ကျောင်းသူ ကလေးငယ်များအား မင်းသုဝဏ် ကဗျာစာအုပ်များ၊ ကလေးကာတွန်းစာအုပ်များ၊ ကာတွန်းပုံဆွဲစာအုပ်များနှင့် ဗလာစာအုပ်များကို လက်ဆောင်အဖြစ် ပေးအပ်သည်။

အထက(၂)တောင်ဥက္ကလာပ နဝမတန်း(A)မှ မစံထားဝေက "ဒီပွဲတော်ကျင်းပပေးတာ သမီးတို့လိုလူငယ်တွေအတွက် ဗဟုသုတရစေချင်လို့ ဖြစ်ပါတယ်။ ဒီလိုမျိုးစာပေပွဲတော်ကို လာသင့်ပါတယ်၊ လာခြင်းအားဖြင့် စာပေဝါသနာတွေကိုလည်း ခိုင်ခိုင်မာမာရပ်တည်နိုင်မယ်လို့ ယုံကြည်မိပါတယ်၊ စာဖတ်ကြပါ၊ စာအုပ်တွေက ကိုယ့်အတွက် အကောင်းဆုံးမိတ်ဆွေတွေလို့ ပြောချင်ပါတယ်၊ ရန်ကုန်မြို့မှာ ကျင်းပတဲ့အတွက် များစွာဂုဏ်ယူမိပါတယ်"ဟု ပြောသည်။

ယနေ့ကျင်းပသည့် ကလေးစာပေပွဲတော်သို့ ရန်ကုန်မြို့ရှိ ကျောင်းများမှ ကျောင်းသား ကျောင်းသူများ၊ ဆရာ၊ ဆရာမများ၊ မိဘများ၊ စိတ်ပါဝင်စားသူများ အပါအဝင် လာရောက်ကြည့်ရှုလေ့လာသူ ၁၀၀၀၀ ခန့်ရှိကြောင်း သိရသည်။

**သတင်း- ရီရီမြင့်၊ ဥမ္မာသန့်**


စာပေပွဲတော်လာကလေးငယ်များ ရေကူးကန်၌ ပျော်ရွှင်စွာ ရေကစားနေကြစဉ်။

## ကလေးစာပေပွဲတော်(ရန်ကုန်)တွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ ဖျော်ဖြေ

**ရန်ကုန် ဇန်နဝါရီ ၆**

ရန်ကုန်မြို့၌ ကျင်းပလျက်ရှိသော ကလေးစာပေပွဲတော်တွင် ယနေ့ညပိုင်းက မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတီးဝိုင်းအဖွဲ့မှ တေးဂီတဖြင့် ဖျော်ဖြေရာ ပွဲတော်လာပရိသတ်များဖြင့် စည်ကားလျက်ရှိသည်။

တေးဂီတ ဖျော်ဖြေပွဲတွင် စိန့်ပေါလ်ကျောင်းသားဟောင်းများဖြစ်ကြသည့် တေးသံရှင် ပလေးဘွိုင်း သန်းနိုင်၊ ဘိုဘိုဟန်၊ ရဲလေး၊ ဟိန်းသစ်၊ ဂျိုကာတို့အပြင် ညွှန့်သည်အဆိုတော်များ ဖြစ်ကြသည့် ခင်မောင်ထူး၊ နော်လီဇာ၊ ဝတ်ရည်ထက်၊ ဇွဲပြည့်၊ ငြိမ်းချမ်းရေးဂီတပွဲတော်မှ ဆုရတေးသံရှင်များနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တေးသံရှင်များကလည်း ပါဝင်ဖျော်ဖြေခဲ့ကြသည်။

ကလေးစာပေပွဲတော် (ရန်ကုန်) တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တေးဂီတဖြင့်ဖျော်ဖြေမှုကို ပွဲတော်ကာလဖြစ်သည့် ဇန်နဝါရီ ၆ ရက်မှ ၈ ရက်အထိ နေ့စဉ် ညနေ ၄ နာရီမှ ည ၈ နာရီအထိ ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။ **အောင်မင်းဟန်**

✳ *ကျော့ဖုံးမှ*

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး အမှာစကားပြောကြားသည်။

**ကျေးဇူးတင်စကားပြောကြား**

ဆက်လက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး ထန်းတပင်မြို့နယ် ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်ဖြစ်မြောက်ရေးကော်မတီမှ ကိုယ်စားလှယ် ဦးသောင်းကြိုင်က ကျေးဇူးတင်စကား ပြောကြားသည်။

**ထည့်ဝင်လှူဒါန်း**

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများသည် စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကြသည်။ အဆိုပါ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုသည် အမြင့် ရှစ်ပေ ၊ ကြေးပိဿာချိန် ၁၅၀ ကျော်ရှိပြီး ဒေသခံပြည်သူများ၊ အလှူရှင်များ ထည့်ဝင်လှူဒါန်းငွေကျပ် ၃၂၅၄၄၇၀၀ ဖြင့် ထန်းတပင်မြို့နယ် သီရိမင်္ဂလာခန်းမရှေ့ အကျယ်ပေ (၇၀×၄၅)ရှိ ဗိုလ်ချုပ်ရင်ပြင်၌ ထားရှိကြောင်း သိရသည်။

**ထန်းတပင်(မြို့နယ် ပြန်/ဆက်)**



**ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တု ဖွင့်ပွဲအခမ်းအနား ကျင်းပစဉ်။**

❁ *ကျော့ဖုံးမှ*

အခမ်းအနားတွင် အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ယနေ့ လူငယ် နောင်ဝယ်လူကြီး ဆိုသလို အနာဂတ်မှာ နိုင်ငံ့တာဝန်များကို ပခုံးပြောင်း တာဝန်ယူကြမည့် နိုင်ငံတော်၏ သားကောင်းရတနာ ကျောင်းသား ကျောင်းသူများ၏ ဉာဏ်ရည်ဉာဏ်သွေး အယူအဆများ ထက်မြက်စေပြီး တီထွင်ဖန်တီးလိုစိတ်များ၊ ဗဟုသုတများ ဖွံ့ဖြိုးတိုးတက်စေရေးအပြင် ကလေးလူငယ်များ စာပေမြတ်နိုး၍ ကလေးများ၏ ပျော်ရွှင်မှုကို စာဖတ်ခြင်းဖြင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် ရည်ရွယ်ကျင်းပသည့် အခမ်းအနားဖြစ်သဖြင့် အလွန်မင်္ဂလာရှိပါကြောင်း၊ ခေတ်နှင့်အညီ ပေါ်ထွန်းလာနေသည့် IT နည်းပညာများ၊ Social Media များ နောက်ကိုလိုက်ရင်း လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်သည့် မိမိတို့ ကလေးလူငယ်များသည် စာပေနှင့်ဝေးကွာပြီး စာဖတ်သူ အရေအတွက်နှင့် စာဖတ်ရှိန်သည် တဖြည်းဖြည်း လျော့ကျလာခဲ့ပါကြောင်း။

**အထောက်အကူပြု**

နည်းပညာဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ကစားနည်းမျိုးစုံ၊ ဖျော်ဖြေမှု နည်းမျိုးစုံဖြင့် အပျက်သဘော ယိမ်းယိုင်စေမည့်၊ အတုခိုးမှားစေမည့် အခြေအနေမျိုးတွင် ကလေးများ၏ အနာဂတ်လှပစေရန် ကလေးစာပေပွဲတော်များဖြင့် ကလေးများ စာပေဖတ်ရှုလေ့လာရန်၊ စာပေနှင့်မွေ့လျော်စေရန်၊ အပြစ်ကင်းစင်သည့် ကလေးငယ်များ၏ ကလေးစာပေဖွံ့ဖြိုးတိုးတက်ရေးကို အားလုံးက ဝိုင်းဝန်းပြုစုပျိုးထောင်ပေးရမည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကျောင်းသားလူငယ်များ၏ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်ရေးနှင့် အလိမ္မာစာမှာရှိဆိုသလို အသိပညာ ဗဟုသုတ တိုးပွားလာစေရေးအတွက် ကလေးစာအုပ်စာပေများ ကလေးကဗျာများ၊ ဖွံ့ဖြိုးတိုးတက်ရေးသည် အဓိက လိုအပ်ချက်ဖြစ်သလို စာဖတ်ရှိန်မြှင့်တင်ရေးနှင့် စာကြည့်တိုက်များ အသုံးပြုသည့် အလေ့အထကောင်းများ ပိုမိုထွန်းကားလာအောင် စည်းရုံးလှုံ့ဆော်ပေးရေးမှာ ယခုလို ကလေးစာပေပွဲတော်များက များစွာ အထောက်အကူပြုစေပါကြောင်း။

နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်တို့သည် ကဗျာစာပေများကြောင့် ဖြစ်တည်ခဲ့ရပြီး ကလေးလူငယ်များ လိမ္မာရေးခြားရှိစေရန်၊ မှန်ကန်သည့် အတွေးအခေါ် ရရှိစေရန် ကလေးစာပေများမှတစ်ဆင့် ကလေးများ၏ စိတ်ထဲကို ထည့်သွင်းနိုင်မည် ဖြစ်ပါကြောင်း၊ ရိုးရှင်းသော ဥပမာပေးရလျှင် စာဖတ်များသောသူနှင့် စာဖတ်နည်းသောသူနှစ်ဦး၏ အတွေးအခေါ်အယူအဆ၊ စိတ်နေစိတ်ထားတို့သည် လွန်စွာကွာခြားနေမည် ဖြစ်ပါကြောင်း၊ စာဖတ်သော ကလေးသည် ဘဝတွင် ရင်ဆိုင်ကြုံတွေ့ရမည့် စိန်ခေါ်မှုများအပေါ် မှန်ကန်သော ဆုံးဖြတ်ချက်ဖြင့် အောင်မြင်မှုကို ရယူနိုင်မည် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကလေးများစာဖတ်သည့် အလေ့အထကောင်းများ ရရှိစေနိုင်ရန် မိဘ၊ ဆရာနှင့် အဖွဲ့အစည်းအသီးသီးတို့ကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ပြီး ပြုစုပျိုးထောင်ပေးရန် အထူးပင် လိုအပ်ပါကြောင်း ပြောကြားသည်။

ဆက်လက်ပြီး အမျိုးသား လွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် ကလေးများအား စာအုပ်များ ပေးဝေပြီး ပွဲတော်တွင် ထည့်သွင်းကျင်းပလျက်ရှိသည့် ကျပန်းစကားပြောပြိုင်ပွဲ၊ ကဗျာရွတ်၊ ပုံပြော၊ ပန်းချီ၊ ဆေးရောင်ခြယ်ပြိုင်ပွဲ၊ အရုပ်ဆက်ပြိုင်ပွဲနှင့် စကားပုံဆက်ပြိုင်ပွဲများတွင် ကျောင်းသားလူငယ်များ ပါဝင်ယှဉ်ပြိုင်နေမှုများ၊ ကလေးစာဖတ်ခန်း၊ စာအုပ်ပြခန်း၊ တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုပြခန်း၊ ပညာရေးပြခန်း၊ အခြားပြခန်းများနှင့် စာအုပ်ဈေးရောင်းပွဲတော်မှ စာအုပ်ဆိုင်များကို လှည့်လည်ကြည့်ရှုအားပေးသည်။




**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အခမ်းအနားသို့ တက်ရောက်လာသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။**

ကလေးစာပေပွဲတော်တွင် စာပေဟောပြောပွဲအဖြစ် ဆရာမြင်းမူမောင်နိုင်မိုးနှင့် ဆရာမ နုနုရည်(အင်းဝ)တို့က စာပေဆိုင်ရာများ ဟောပြောသည်။

**ခင်းကျင်းပြသ**

ထို့အပြင် တိုင်းရင်းသားရိုးရာ စာပေယဉ်ကျေးမှုပြခန်းအနေဖြင့် ကရင်၊ ဗမာ၊ မွန်၊ ရှမ်း၊ ပအိုဝ်း တိုင်းရင်းသားတို့၏ ဓလေ့ထုံးစံများနှင့် ပတ်သက်သော ပစ္စည်းများ၊ တူရိယာများ၊ စာပေများ၊ အသုံးအဆောင်ပစ္စည်းများ ခင်းကျင်းပြသထားသည်။

ယနေ့ ကလေးစာပေပွဲတော် ပထမနေ့တွင် မြဝတီမြို့နယ်အတွင်းရှိ ကျောင်းသားလူငယ်များ စည်ကားသိုက်မြိုက်စွာ ပါဝင်ဆင်နွှဲလျက်ရှိပြီး ပွဲတော်ကို ဇန်နဝါရီ ၇ ရက်အထိ နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

# ကလေးစာပေပွဲတော် (ရန်ကုန်) ပထမနေ့ ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ကလေးစာပေပွဲတော်(ရန်ကုန်) ပထမနေ့ မူကြိုအဆင့်၊ မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲ ဆုပေးပွဲ အခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် အမှတ်(၆) အခြေခံပညာ အထက်တန်းကျောင်း အောင်ကျော်ခန်းမ၌ ကျင်းပသည်။

မူလတန်းအဆင့် ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က လည်းကောင်း၊ အထူးဆု ငါးဆုရရှိကြသူများကို ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူး ဒေါ်ခင်မာဆွေက လည်းကောင်း၊ မူကြိုအဆင့် ကဗျာရွတ်ဆို ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသူများကို ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး နော်ပန်းသဉ္ဇာမျိုးက လည်းကောင်း၊ အထူးဆု ငါးဆုရရှိကြသူများကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကလေးစာပေပွဲတော် (ရန်ကုန်)တွင် ထည့်သွင်းကျင်းပသည့် ဂိမ်းကစားနည်း ပြိုင်ပွဲများတွင် ဆုရရှိသူများကို တာဝန်ရှိသူများက တစ်ပါတည်း ဆုများ ချီးမြှင့်ခဲ့ကြသည်။ ဘောလုံးပြိုင်ပွဲနှင့် ထုပ်ဆီးတိုး ပြိုင်ပွဲများလည်း ဆက်လက်ယှဉ်ပြိုင်ကစားကြမည် ဖြစ်သည်။

ဇန်နဝါရီ ၇ ရက်တွင် ကျင်းပမည့် မူလတန်းအဆင့်၊ အလယ်တန်းအဆင့် ပုံပြောပြိုင်ပွဲများတွင် ပြိုင်ပွဲဝင် ၁၁၀ ဝင်ရောက် ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး ဇန်နဝါရီ ၈ ရက်တွင် ကျင်းပမည့် ကျပန်းစကားပြောပြိုင်ပွဲတွင်လည်း ၅၈ ဦး ဝင်ရောက်ယှဉ်ပြိုင်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ကလေးစာပေပွဲတော်၌ ကဗျာရွတ်ဆိုပြိုင်ပွဲတွင် ဆုရရှိသူကလေးငယ်တစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။** သတင်းစဉ်

# သူများနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ရတော့ ကိုယ့်ရဲ့အားနည်းချက်တွေ မြင်ခဲ့ရတယ်။

မကြယ်စင်လင်းလက်

**ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တွင် ၂၀၁၇ ခုနှစ် ဇူလိုင် ၁၀ ရက်မှ ၁၅ ရက်အထိကျင်းပခဲ့သည့် 6th ASEAN Plus Three Junior Science ODYSSEY (APTJSO) ပြိုင်ပွဲ၌ မြန်မာနိုင်ငံရှိ အခြေခံပညာကျောင်းများမှ နဝမတန်း ကျောင်းသား ကျောင်းသူများက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး ဆုရှစ်ခု ဆွတ်ခူးရရှိခဲ့သည်။ အဆိုပါ ထူးချွန်ကျောင်းသားများမှ ပိုစတာ Presentation တွင် ရွှေတံဆိပ်ဆုရရှိခဲ့သည့် မဆုဆွေဇင်နှင့် မခင်ရတနာဖြိုးစံ၊ Bio Laboratory Skills တွင် ကြေးတံဆိပ်ဆုရရှိခဲ့သည့် မစိုးရတနာဖြိုး၊ Bio Laboratory Skills တွင် ကြေးတံဆိပ်ဆုနှင့် Project Pitching တွင် ငွေတံဆိပ်ဆုရရှိခဲ့သည့် မကြယ်စင်လင်းလက်တို့ကို တွေ့ဆုံ မေးမြန်းထားသည်။**



မဆုဆွေဇင်



မခင်ရတနာဖြိုးစံ



မစိုးရတနာဖြိုး



မကြယ်စင်လင်းလက်

-မဆုဆွေဇင်၊ အထက (ခွဲ) ကပစ (၆) ၊ ပန်းတောင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။
-မခင်ရတနာဖြိုးစံ ၊ စံတော်ဝင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ ရွှေဘိုင်ခရိုင်၊ ဝက်လက်မြို့နယ် စစ်ကိုင်းတိုင်းဒေသကြီး။
-မစိုးရတနာဖြိုး ၊ အထက (၂) လမ်းမတော်၊ ရန်ကုန်တိုင်းဒေသကြီး ။
-မကြယ်စင်လင်းလက် - ပန်းပျိုးခင်း ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဖြူးမြို့ ပဲခူးတိုင်းဒေသကြီး။

**မေး။** ။ **6th ASEAN Plus Three Junior Science ODYSSEY (APTJSO) ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ဖြစ်ခဲ့ပုံကို သိချင်ပါတယ်။**

**မဆုဆွေဇင်။** ။ သမီးက ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှာ အဋ္ဌမတန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ပြီး အမှတ်အများဆုံးရခဲ့ပါတယ်။ အဲဒီလို ထူးချွန်တဲ့ ကျောင်းသား ကျောင်းသူ ခြောက်ယောက်ကို ပညာရေးဝန်ကြီးဌာနက ရွေးချယ်ပြီး ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့မှာ ကျင်းပတဲ့ 6th ASEAN Plus Three Junior Science ODYSSEY (APTJSO) ကို သွားရောက်ယှဉ်ပြိုင်ခွင့်ရခဲ့တာပါ။

**မေး။** ။ **ဒီလို ရွေးချယ်ခံရပြီးနောက် ဘယ်သူတွေ ရဲ့ပံ့ပိုးမှု၊ ဦးစီးမှုနဲ့ သွားရောက်ခဲ့သလဲဆိုတာ ရှင်းပြပေးပါ ။**

**မခင်ရတနာဖြိုးစံ ။** ။ သမီးတို့ခြောက်ယောက်ကို မန္တလေးမြို့အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းက ကျောင်းအုပ်ဆရာကြီး ဒေါက်တာ သန်းထိုက်စိုးနဲ့ ရန်ကုန်ပညာရေးတက္ကသိုလ် လေ့ကျင့်ရေးကျောင်း (ကမာရွတ်)က ကျောင်းအုပ်ကြီး ဒေါက်တာမိုးသူတို့က ဦးစီးဦးဆောင်ပြုပြီး သွားရောက်ခဲ့ပါတယ်။

**မေး။** ။ **ဘယ်နိုင်ငံတွေက ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဘာဆုတွေ ရခဲ့သလဲဆိုတာ သိချင်ပါတယ်။**

**မစိုးရတနာဖြိုး။** ။ 6th ASEAN Plus Three Junior Science ODYSSEY (APTJSO)ပြိုင်ပွဲမှာ အာဆီယံ ၁၀ နိုင်ငံအပါအဝင် တရုတ် (တိုင်ပေ)၊ တောင်ကိုရီးယား၊ ဆွီဒင်နိုင်ငံတို့လည်း ပါဝင်ယှဉ်ပြိုင်ကြပါတယ်။ စင်ကာပူနိုင်ငံကတော့ လာရောက်ယှဉ်ပြိုင်ခြင်း မရှိခဲ့ပါဘူး ။

**မကြယ်စင်လင်းလက်။** ။ ဆုအမျိုးအစားအနေနဲ့က မြန်မာနိုင်ငံက ဝင်ရောက်ယှဉ်ပြိုင်တဲ့ ခြောက်ယောက်မှာ ဆုအမျိုးအစား ရှစ်ခု ရခဲ့ပါတယ်။ သမီးက Project Presentation မှာ ငွေတံဆိပ်နဲ့ Landscape မှာ ကြေးတံဆိပ်ရခဲ့ပါတယ်။ ဆု ရှစ်ဆုမှာ ပြိုင်ပွဲအမျိုးအစား သုံးခုကို ဝင်ပြိုင်ခဲ့ရပါတယ်။ Landscape၊ Project Presentation နဲ့ ပိုစတာ Presentation တို့ ဖြစ်ပါတယ်။

**မေး။** ။ **ပြိုင်ပွဲတွေမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့အတွက် ဘယ်လိုတွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ခဲ့ပါသလဲ။ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း ပြောပြပေးပါ။**

**မဆုဆွေဇင်။** ။ သမီးတို့အဖွဲ့က ပိုစတာ Presentation မှာ ရွှေတံဆိပ်ဆုရခဲ့ပါတယ်။ ပိုစတာကို မြန်မာနိုင်ငံကနေ ပြုလုပ်သွားခဲ့တာပါ။ စွန့်ပစ်ပစ္စည်းတွေဖြစ်တဲ့ ပလတ်စတစ်ဘူးခွံ၊ ရေသန့်ဘူးခွံ၊ တာယာဘီးတွေကို အသုံးပြုပြီး ပန်းအိုး၊ ထိုင်ခုံ၊ အမှိုက်ပုံးလုပ်တာလေးတွေကို ပိုစတာမှာ ထည့်သွင်းရေးဆွဲခဲ့ပါတယ်။

**မခင်ရတနာဖြိုးစံ။** ။ သမီးက ပိုစတာ Presentation မှာ ရွှေတံဆိပ်ဆုရတဲ့ အဖွဲ့ကပါ။ ပထမဆုံး အတွေ့အကြုံဖြစ်တော့ စိတ်လှုပ်ရှားပြီး ကောင်းကောင်းမလုပ်နိုင်မှာ စိုးရိမ်ခဲ့တယ်။ ဒါပေမယ့် အကောင်းဆုံးလုပ်ခဲ့ပါတယ်။

**မစိုးရတနာဖြိုး။** ။ သမီးတို့အနေနဲ့ Bio Laboratory Skill မှာ ကြေးတံဆိပ်ရခဲ့ပါတယ်။ အဲဒီမှာဆိုရင် ဇီဝဗေဒ၊ ဓာတုဗေဒ၊ ရူပဗေဒ သုံးမျိုးကို သုံးနာရီအတွင်း ဓာတ်ခွဲခန်းမှာ လက်တွေ့ဆောင်ရွက်ရပါတယ်။ သမီးတို့က ရှစ်တန်းအောင်ခါစဆိုတော့ ဓာတုဗေဒ၊ ရူပဗေဒဆိုတာတွေက တစ်လလောက်ပဲ သင်ထားရတော့ အစိမ်းသက်သက် ဖြစ်နေတယ်။ ပထမဆုံးအကြိမ်ဖြစ်တော့ ဓာတ်ခွဲခန်းနဲ့လည်း မရင်းနှီးဘူး။ ဒါပေမယ့် အကောင်းဆုံး ကြိုးစားခဲ့တော့ ဆုရခဲ့ပါတယ်။ ဘိုင်အိုဆိုရင် အပင်ကနေ အရောင်အဆင့်ဆင့် ပြောင်းလဲပုံကို လက်တွေ့လုပ်ခဲ့ရတာပါ။

**မကြယ်စင်လင်းလက်။** ။ Project Presentation မှာ နိုင်ငံတစ်ခုစီက ကျောင်းသားတစ်ယောက်စီနဲ့ ပြိုင်ရတယ်။ မဲနှိုက်ရွေးချယ်ထားတဲ့ ခေါင်းစဉ်အောက်မှာ ယှဉ်ပြိုင်ခဲ့ရတာပါ။ သမီးက Project Presentation မှာ ငွေတံဆိပ်နဲ့ Landscape မှာ ကြေးတံဆိပ်ရခဲ့ပါတယ်။ ပထမဆုံးအတွေ့အကြုံဖြစ်တော့ အင်္ဂလိပ်စကားလည်း သိပ်နားမလည်ခဲ့ဘူး။ ပြိုင်ပွဲအတွေ့အကြုံကတော့ ကောင်းပါတယ်။ သူများနိုင်ငံမှာ သွားရောက်ယှဉ်ပြိုင်ရတော့ ကိုယ်ရဲ့ အားနည်းချက်တွေကို မြင်ခဲ့ရတယ်။ အချင်းချင်း စကားပြောပြီဆိုကတည်းက ကိုယ့်ဘက်က အားနည်းချက်ဖြစ်လာပြီ။ ဗဟုသုတလည်း အများကြီးရခဲ့ပါတယ်။ ကြိုးစားမှုနောက်မှာတော့ အောင်မြင်မှုက ရှိနေတာပဲ။

*စာမျက်နှာ ၉ သို့*



မြန်မာကျောင်းသူ မဆုဆွေဇင်က ပိုစတာ Presentation နှင့်ပတ်သက်၍ ပြိုင်ပွဲတာဝန်ရှိသူအား ရှင်းပြစဉ်။



6th ASEAN Plus Three Junior Science ODYSSEY (APTJSO) ပြိုင်ပွဲဝင်ကြမည့် နိုင်ငံတကာမှ ကျောင်းသား ကျောင်းသူများကို တွေ့ရစဉ်။




ပြိုင်ပွဲ၌ ဆုရရှိခဲ့သည့် မြန်မာကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ။

# နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ကမ္ဘာ့ခေါင်းဆောင်များက ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် ဇန်နဝါရီ ၆

**၂၀၁၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင်ကျရောက်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ကမ္ဘာ့နိုင်ငံအသီးသီးမှ နိုင်ငံ့အကြီးအကဲများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်နှင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ထံတို့သို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာများ ဆက်လက်ပေးပို့လျက်ရှိကြသည်။**

**အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံသို့ အယ်လ်ဂျီးရီးယား ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအဗ္ဗဒဲလ်လာဇိစ်ဘုတဖလိကာက ဂုဏ်ယူဝမ်းမြောက်ကြောင်းသဝဏ်လွှာ ပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ အခါသမယတွင် အယ်လ်ဂျီးရီးယားအစိုးရနှင့် ပြည်သူများကိုယ်စား ဂုဏ်ယူဝမ်းမြောက်ကြောင်းနှင့် ဆုမွန်ကောင်းများပေးပို့အပ်ပါသည်။ အဆွေတော် ကျန်းမာပျော်ရွှင်ပြီး စိတ်နှလုံးအေးချမ်းကာ မြန်မာနိုင်ငံပြည်သူပြည်သားများသည်လည်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုများရရှိပြီး အကျိုးစီးပွားများ ဖြစ်ထွန်းပါစေကြောင်း နွေးထွေးလှိုက်လှဲစွာဖြင့် ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် နှစ်နိုင်ငံပြည်သူများ အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေရန်အတွက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုနှင့် ချစ်ကြည်ရင်းနှီးသည့်ဆက်ဆံရေး ပိုမိုခိုင်မာစေရန်အတွက် အဆွေတော်နှင့် အတူတကွ လက်တွဲကြိုးပမ်းသွားရန် ကျွန်ုပ်က ဆန္ဒရှိပါကြောင်းဖြင့် ဖော်ပြပါရှိပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဒေါ်အောင်ဆန်းစုကြည်ထံသို့ အယ်လ်ဂျီးရီးယားပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ အဒဲလ်ခဒါမက်စာဟဲလ်က ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ်(၇၀)ပြည့်လွတ်လပ်ရေးနေ့ အခါသမယတွင် အဆွေတော် ကျန်းမာပါစေကြောင်းနှင့် မြန်မာနိုင်ငံသူနိုင်ငံသားများ စဉ်ဆက်မပြတ် အောင်မြင်တိုးတက်မှုရရှိပြီး သာယာဝပြောပါစေကြောင်း ဆုမွန်ကောင်းများ တောင်းအပ်ပါသည်။ နှစ်နိုင်ငံပြည်သူများ၏ အပြန်အလှန် အကျိုးစီးပွားဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်ရှိ ပူးပေါင်းဆောင်ရွက်နေမှုများကို ပိုမိုအားဖြည့်ဆောင်ရွက်သွားရန် အဆွေတော်နှင့် အတူတကွလက်တွဲကြိုးပမ်းလိုပါသည်ဟူ၍ ဖော်ပြပါရှိပါသည်။

**စင်ကာပူသမ္မတနိုင်ငံ**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ နှစ် (၇၀) ပြည့် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ထံသို့ စင်ကာပူ သမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီရှန်လုံးက ဂုဏ်ယူဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အဆိုပါသဝဏ်လွှာတွင် စင်ကာပူနှင့် မြန်မာနိုင်ငံတို့သည် မိတ်ဆွေဟောင်းများဖြစ်ပါကြောင်းနှင့် အိမ်နီးချင်းများဖြစ်ပါကြောင်း၊ ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှု၊ ဘဏ္ဍာရေး၊ ယဉ်ကျေးမှု၊ အိမ်တွင်းသက်မွေးဝမ်းကျောင်း ပညာရေး၊ ဥပဒေဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ အပါအဝင်များပြားလှသည့် အရေးကိစ္စများတွင် အတူတကွ ပူးပေါင်းဆောင်ရွက်မှုများရှိကြောင်း၊ ညှိနှိုင်းလျက်ရှိသော နှစ်နိုင်ငံရင်းနှီးမြှုပ်နှံမှုသဘောတူစာချုပ်သည် နှစ်နိုင်ငံစီးပွားရေးဆိုင်ရာ ဆက်သွယ်မှုများတွင် ပိုမိုအထောက်အကူဖြစ်လာမည်ဖြစ်ကြောင်းနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အကျိုးအမြတ်များအတွက် အားပေးထောက်ခံမှုများဖြစ်လာမည်ဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် စင်ကာပူနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်ရမည်ဖြစ်ရာ စိန်ခေါ်မှုများ၊ အခွင့်အရေးများနှင့် ပတ်သက်ပြီး အကောင်းဆုံးဖြစ်ရန် မြန်မာနိုင်ငံအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပိုမိုပူးပေါင်းလုပ်ဆောင်သွားမည်ဟု မျှော်လင့်ပါကြောင်း ဖော်ပြပါရှိပါသည်။

အဆွေတော်ကျန်းမာချမ်းသာပြီး အောင်မြင်မှုများရပါစေကြောင်းနှင့် စင်ကာပူအာဆီယံထိပ်သီးအစည်းအဝေးမှ ဝမ်းမြောက်ဝမ်းသာ လက်ခံကြိုဆိုရန် မျှော်လင့်စောင့်စားလျက်ရှိပါကြောင်း ဖော်ပြထားပါသည်။

*(ဆက်လက်ဖော်ပြပါမည်)*

# ခရုလေးများနှင့် ကခုန်ခြင်း ပန်းချီပြပွဲ မန္တလေးတောင်ခြေ ပန်းချီပြခန်းတွင် ပြသမည်

**မန္တလေး ဇန်နဝါရီ ၆**

စာရေးဆရာ ကြည်မင်းဝေနှင့် စာရေးဆရာ လွတ်လပ်ငြိမ်းတို့ပူးပေါင်းစီစဉ်သည့် "ခရုလေးများနှင့် ကခုန်ခြင်း" အမည်ရ ခရုပန်းချီပြပွဲကို မန္တလေး တောင်ခြေပန်းချီပြခန်းတွင် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ပန်းချီပြပွဲ ဖွင့်ပွဲကို ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတောင်ခြေ ပန်းချီပြခန်း (Mandalay Hill Art Gallery) တွင် ကျင်းပမည်ဖြစ်သည်။ ပြပွဲတွင် ခရုပန်းချီဦးလုံး၊ ဆရာသီဟ၊ ဆရာဘိုဘို၊ ဆရာ စိုင်းမြတ်တို့၏ ခရုပန်းချီ ၆၇ ကား ပြသမည်ဖြစ်ပြီး ခရုပန်းချီဦးလုံးနှင့်အဖွဲ့သည် ရန်ကုန်တောင်ဥက္ကလာပမှ လာရောက်ပြသသည်ဟု သိရှိရသည်။

အဆိုပါ ခရုပန်းချီပြပွဲကို လူတော်တော်များများစိတ်ဝင်စားသည်ဟု သိရသည်။ ခရုပန်းချီပြပွဲကို ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်အထိ နေ့စဉ် နံနက် ၉ နာရီ မှညနေ ၅ နာရီအထိ ပြသမည်ဖြစ်ပြီး မည်သူမဆို လာရောက်ကြည့်ရှုနိုင်သည်ဟု သိရှိရသည်။ **ခင်ခင်ဝင်း(ပညာရေး)**

## ၂၀၁၇-၂၀၁၈ ပညာသင်နှစ်၊ အခြေခံပညာဦးစီးဌာန၊ တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားကလေးငယ်များအတွက် သင်ကြားသင်ယူမှု ကူညီပူးပေါင်းဆောင်ရွက်ရန် နေ့စားလပေး (Teaching Assistant- TA) များ တာဝန်ပေးအပ်

**နေပြည်တော် ဇန်နဝါရီ ၆**

အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားကလေးငယ်များ သင်ကြားသင်ယူမှု အဆင်ပြေ ချောမွေ့စေရန်နှင့် သင်ယူတတ်မြောက်မှုအရည်အသွေး ပိုမိုမြင့်မားလာစေရေးအတွက် သင်ကြားသည့်ဘာသာရပ်များကို တိုင်းရင်းသားဘာသာစကားဖြင့် လိုအပ်သည်များကို ကူညီရှင်းပြသင်ကြားပေးရန် (Teaching Assistant-TA)များ လိုအပ်လျက်ရှိသည်။

သို့ဖြစ်၍ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၀ ရက်တွင် ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာနတို့ ပူးပေါင်း၍ အခြေခံပညာဦးစီးဌာန အခြေခံပညာကျောင်းများတွင် သင်ကြားသင်ယူမှု ပူးပေါင်းဆောင်ရွက် ရန် နေ့စားလပေး (Teaching Assistant-TA) ၅၁၆၁ ဦးကို တာဝန်ပေးအပ်ခဲ့ကြောင်း သိရသည်။

ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းနေအရွယ်ကလေးတိုင်း တစ်ဦးတစ်ယောက်မျှ မကျန်ရှိစေဘဲ အခြေခံပညာသင်ယူပြီးမြောက်နိုင်ရေး အလေးအနက်ထား ဆောင်ရွက်လျက်ရှိရာ ပညာသင်ယူသူကလေးတိုင်းစာဖတ်စွမ်းရည်၊ အရေးစွမ်းရည်နှင့် အတွက်စွမ်းရည်များ မြင့်မားလာစေရန်အတွက် သင်ကြားသင်ယူမှု ကူညီပူးပေါင်းဆောင်ရွက်ရန် နေ့စားလပေး (Teaching Assistant-TA)များကို တာဝန်ပေးခန့်အပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါ နေ့စားလပေး (Teaching Assistant-TA)များအနက် ဘွဲ့ရရှိသူများကို ဆရာအတတ်ပညာသင်တန်းများသို့ တက်ရောက်စေပြီး မူလတန်းပြဆရာ၊ ဆရာမများအဖြစ် ခန့်အပ်ပေးသွားမည်ဖြစ်ရာ တိုင်းရင်းသားကလေးငယ်များအတွက် ပညာသင်ယူမှု အခွင့်အလမ်းများနှင့် သင်ယူမှုဝန်းကျင်ကောင်းများ ပိုမိုကောင်းမွန်လာစေမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**(တိုင်းဒေသကြီး ပြည်နယ်အလိုက်ခန့်ထားမှုကို ဇယားဖြင့် ဖော်ပြထားပါသည်။)**

**၂၀၁၇-၂၀၁၈ ပညာသင်နှစ်**

**အခြေခံပညာကျောင်းများတွင် နေ့စားလပေး (Teaching Assistant-TA)များ တာဝန်ပေးအပ်ခြင်းစာရင်းအချုပ်**

| စဉ် | တိုင်းဒေသကြီး၊ ပြည်နယ် | တာဝန်ပေးအပ်သည့်ဦးရေ | | | | | | မှတ်ချက် |
|---|---|---|---|---|---|---|---|---|
| | | ဘွဲ့ရ | ဘွဲ့ကြို | ဒသမတန်းအောင် | ဒသမတန်း | နဝမတန်း | စုစုပေါင်း | |
| ၁ | ကချင် | ၅၆ | ၃၁ | ၃၃ | ၅၇ | ၄ | ၁၈၁ | |
| ၂ | ကယား | ၆ | ၁၄ | ၅ | ၃၃ | - | ၅၈ | |
| ၃ | ကရင် | ၂၀ | ၇၂ | ၇၅ | ၃၇၈ | - | ၅၄၅ | |
| ၄ | ချင်း | ၅ | ၄ | ၆၉ | ၂၇၈ | ၁၄၃ | ၄၉၉ | |
| ၅ | စစ်ကိုင်း | ၂၁ | ၃၉ | ၆၃ | ၈၁ | - | ၂၀၄ | |
| ၆ | တနင်္သာရီ | ၁၆ | ၂၁ | ၁၅ | ၉၅ | ၁ | ၁၄၈ | |
| ၇ | ပဲခူး | ၅၈ | ၉၄ | ၃၇ | ၁၇၈ | ၁ | ၃၆၈ | |
| ၈ | မကွေး | ၄၂ | ၁၂၃ | ၅၉ | ၁၁၀ | - | ၃၃၄ | |
| ၉ | မန္တလေး | ၁၈ | ၂၉ | ၁၃ | ၂၄ | - | ၈၄ | |
| ၁၀ | မွန် | ၁၄၇ | ၁၁၁ | ၄၁ | ၁၆၄ | - | ၄၆၃ | |
| ၁၁ | ရခိုင် | ၁၂ | ၁၃ | ၁၆ | ၁၀၉ | - | ၁၅၀ | |
| ၁၂ | ရန်ကုန် | ၆၄ | ၄၅ | ၁၆ | ၅၃ | - | ၁၇၈ | |
| ၁၃ | ရှမ်း | ၅၁ | ၁၅၂ | ၁၀၁ | ၃၇၁ | - | ၆၇၅ | |
| ၁၄ | ဧရာဝတီ | ၂၃၂ | ၄၂၇ | ၁၁၅ | ၄၉၃ | - | ၁၂၆၇ | |
| ၁၅ | နေပြည်တော် | ၂ | ၁ | ၂ | ၂ | - | ၇ | |
| | **စုစုပေါင်း** | **၇၅၀** | **၁၁၇၆** | **၆၆၀** | **၂၄၂၆** | **၁၄၉** | **၅၁၆၁** | |

*စာမျက်နှာ ၈ မှ*

**မေး။** **။ အားနည်းချက် ၊ အားသာချက်တွေ ရှိရင်လည်း ပြောပြပေးပါဦး။**

**မဆုဆွေဇင်။** ။ အားနည်းချက်က သမီးတို့ အင်္ဂလိပ် စကားပြောမှာ လိုနေပါသေးတယ်။ ဒီပြိုင်ပွဲမှာ နိုင်ငံတော်တော်များများက သမီးတို့အရွယ် ကျောင်းသား ကျောင်းသူတွေ ကွန်ပျူတာကို ကျွမ်းကျင်စွာ သုံးနေတာကို မြင်ခဲ့ရတယ်။ သမီးတို့က လက်တော့ပ်ကို ကောင်းကောင်းမသုံးနိုင်ဘူး။ အဲဒီခြားနားချက်ကလည်း တစ်ခုပါ။ သမီးတို့က ကွန်ပျူတာလည်း မရှိတော့ ကွန်ပျူတာအပိုင်းမှာ သူတို့လောက် နားမလည်ခဲ့ပါဘူး။

**မခင်ရတနာဖြိုးစံ။** ။ အင်္ဂလိပ်စာကို ကျွမ်းကျွမ်းကျင်ကျင် ပြောနိုင်အောင် သင်ယူထားသင့်တယ်လို့ ထင်ပါတယ်။ ဒါ့အပြင် ကိုယ့်နိုင်ငံက Laboratory Skill တွေမှာ သိပ်ကိုအားနည်းပါတယ်။ တချို့ပစ္စည်းတွေဆို မတွေ့ဖူးသေးတာတွေရှိတော့ ကျောင်းသား ကျောင်းသူတွေကို ထိတွေ့မှုများအောင် လုပ်ပေးသင့်တယ်လို့ ထင်ပါတယ်။

> “အားနည်းချက်က သမီးတို့ အင်္ဂလိပ် စကားပြောမှာ လိုနေပါသေးတယ်၊ ဒီပြိုင်ပွဲမှာ နိုင်ငံတော်တော်များများက သမီးတို့အရွယ် ကျောင်းသား ကျောင်းသူတွေ ကွန်ပျူတာကို ကျွမ်းကျင်စွာ သုံးနေတာကို မြင်ခဲ့ရတယ်၊ သမီးတို့က လက်ပ်တော့ကို ကောင်းကောင်းမသုံးနိုင်ဘူး၊ အဲဒီခြားနားချက်ကလည်း တစ်ခုပါ၊ သမီးတို့က ကွန်ပျူတာလည်း မရှိတော့ ကွန်ပျူတာအပိုင်းမှာ သူတို့လောက် နားမလည်ခဲ့ပါဘူး၊ ”

**မေး။** **။ မောင်ငယ်၊ ညီမငယ်တွေက သမီးတို့ကို အားကျအတုယူချင်စိတ်ဖြစ်အောင် စကားလက်ဆောင်လေး ပြောကြားပေးပါဦး။**

**မစိုးရတနာဖြိုး။** ။ သမီးတို့က ရှစ်တန်းအောင်ပြီး အခု ကိုးတန်း တက်နေကြတယ်။ ရှစ်တန်းမှာ ထူးချွန်စွာအောင်မြင်လို့ ဒီလို သွားရောက်ယှဉ်ပြိုင်ရတာဖြစ်ပါတယ်။ တစ်နေ့သင်လိုက်တဲ့စာကို တစ်နေ့ မှန်မှန်ကျက်မှတ်မယ်၊ မေးခွန်းဟောင်းတွေကိုလည်း သေချာလေ့လာမယ်။ အင်္ဂလိပ်စာအပြင် နိုင်ငံတကာနဲ့ ပတ်သက်တဲ့ ဗဟုသုတတွေကိုလည်း လေ့လာသင့်တယ်လို့ ထင်ပါတယ်။

**မကြယ်စင်လင်းလက်။** ။ သမီးတို့ ခြောက်ယောက်က ASEAN Plus Three Junior ဆိုတဲ့ ခေါင်းစဉ်အောက်မှာ ယှဉ်ပြိုင်ခဲ့ရတယ်။ ကြိုးစားမှုရဲ့နောက်မှာ အောင်မြင်မှုကို ထိုက်ထိုက်တန်တန် ရခဲ့ပါတယ်။ မောင်ငယ်၊ ညီမငယ်တွေလည်း သမီးတို့လို အောင်မြင်အောင် ကြိုးစားကြပါလို့ ပြောချင်ပါတယ်။

**မေး။** **။ ကျေးဇူးတင်ထိုက်သူတွေရှိရင်လည်း ပြောပြပေးပါဦး။**

**မဆုဆွေဇင်။** ။ နိုင်ငံတော်အစိုးရနဲ့ ပညာရေးဝန်ကြီးဌာနကိုလည်း ကျေးဇူးတင်ပါတယ်။ သမီးတို့ကို တော်အောင်၊ တတ်အောင် သင်ကြားပေးခဲ့တဲ့ ကျောင်းက ကျောင်းအုပ်ဆရာမကြီးတွေ နဲ့ ဆရာ ဆရာမတွေကိုလည်း ကျေးဇူးတင်ပါတယ်။ သမီးတို့ကို ကူညီပံ့ပိုးပေးတဲ့ မိဘတွေကိုလည်း ကျေးဇူးတင်ပါတယ်။

**မခင်ရတနာဖြိုးစံ။** ။ သမီးကို အခုလို ထူးထူးချွန်ချွန် အောင်မြင်အောင် သင်ကြားပေးတဲ့ ဆရာ၊ ဆရာမများအားလုံး၊ လိုလေသေးမရှိအောင် ပံ့ပိုးပေးတဲ့ မိဘနှစ်ပါးကိုလည်း ကျေးဇူးတင်ပါတယ်။ ညီငယ်၊ ညီမငယ်တွေ အနေနဲ့ ဒီလို အောင်မြင်အောင် ကြိုးစားသင့်တယ်လို့ ထင်ပါတယ်။ ကိုယ့်က ကြိုးစားနေတယ်ဆိုရင် အောင်မြင်မှုက လက်တစ်ကမ်းမှာ ရှိနေပါတယ်လို့ ပြောချင်ပါတယ်။ ။

**နန္ဒာဝင်း၊ ဝင်းဝင်းမော်၊ ဓာတ်ပုံ- လှမိုး**

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း အကောင်အထည်ဖော်ရန် ကွင်းဆင်းဆောင်ရွက်

**သီပေါ ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP) ဆောင်ရွက်ရန် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ ဌာနဆိုင်ရာများမှ ရွေးချယ်အတည်ပြုထားသော မိုင်းတက်ကျေးရွာသို့ မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ ဒုတိယဦးစီးမှူး ဒေါ်ဝင်းဝင်းခိုင်၊ အငယ်တန်းအင်ဂျင်နီယာ ဒေါ်ဂျာနူးနှင့် တာဝန်ရှိသူများသည် ဇန်နဝါရီ ၅ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်းတွင် ကျေးလက်ဒေသခံပြည်သူ ၁၁၃ ဦးနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (VDP) ဆောင်ရွက်ရန် မိတ်ဆက်ရှင်းလင်းဆွေးနွေးပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာ အိမ်ထောင်စုစာရင်းကောက်ယူခြင်း၊ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့် ပူးပေါင်း၍ ဦးတည်အုပ်စု၏ အကြံပြုဆွေးနွေးမှုများအပေါ် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြသည်။

နိုင်ငံတော်အစိုးရအနေဖြင့် အခြားကျေးရွာများနည်းတူ မိုင်းတက်ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ပေးသဖြင့် ကျေးလက်ပြည်သူများ ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# တောင်ကုတ်-သံတွဲ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး လူဦးရေ ၁၀ ဦးဆံ့ မိုးကာတဲများ တည်ဆောက်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။
သတင်းစဉ်

**သံတွဲ ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပုသည် ပြည်နယ်စည်ပင်သာယာရေးဝန်ကြီး ဦးမင်းအောင်၊ ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၅ ရက် နံနက် ၁၁ နာရီက တောင်ကုတ်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးသို့ ရောက်ရှိစစ်ဆေးပြီးနောက် စုပေါင်းစစ်ဆေးရေးဂိတ် တည်ဆောက်မည့်မြေနေရာကို သွားရောက်ကြည့်ရှုစစ်ဆေးရာ တောင်ကုတ်မြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးထင်ဇော်ဦး၏ ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အောက်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်ဟန်တို့နှင့်အတူ မွန်းလွဲ ၂ နာရီတွင် သံတွဲမြို့သို့ ရောက်ရှိပြီး အမှတ် ၄ ရပ်ကွက် လေးမျက်နှာကုန်းရှိ MYTELEPHONE တာဝါတိုင်အသစ် တည်ဆောက်မည့် မြေနေရာကို ကြည့်ရှုစစ်ဆေးပြီး အမှတ် ၄ ရပ်ကွက် ညောင်ပင်ဈေးရပ်ရှိ ရေအရင်းအမြစ်ဦးစီးဌာနက တည်ဆောက်လျက်ရှိသည့် ကမ်းထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကာ ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



❑ *ကျောဖုံးမှ*

ရန်ကုန်တိုင်းဒေသကြီး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးမှူးရုံးသို့ သွားရောက်ပြီး ကမ္ဘာ့ဘဏ်ချေးငွေဖြင့် ဝယ်ယူထားရှိသည့် အလျား ၁၉ ပေ x ၆ လက်မ၊ အနံ ၁၃ ပေ x ၃ လက်မ၊ ခေါင်အမြင့် ၉ ပေ x ၇ လက်မရှိ လူဦးရေ ၁၀ ဦးဆံ့ မိုးကာတဲများကို ကြည့်ရှုသည်။ မိုးကာတဲများသည် ဘယ်ဂျီယံလ်နိုင်ငံမှ ထုတ်လုပ်ထားခြင်းဖြစ်ပြီး အရည်အသွေး ကောင်းမွန်၍ တစ်လုံးအတွက် သင့်ငွေမှာ ငွေကျပ် ကိုးသိန်းကျော်ခန့် ဖြစ်သည်။ ဝန်ကြီးဌာနအနေဖြင့် မိုးကာတဲ စုစုပေါင်း ၁၀၅၂ လုံးကို ဝယ်ယူထားရှိပြီး ရခိုင်ပြည်နယ်သို့ ပို့ဆောင်လျက်ရှိသည်။

**မိုးကာတဲများအသုံးပြု**

ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေအိမ်များကို Cash For Work အစီအစဉ်ဖြင့်တည်ဆောက်ပေးသွားမည်ဖြစ်ပြီး တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း ယာယီနေထိုင်နိုင်ရေးအတွက် အဆိုပါ မိုးကာတဲများကို အသုံးပြုနိုင်ရန် အသင့်ပြင်ဆင်ဆောင်ရွက်ထားရှိခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွင့်လင်းစာကြည့်တိုက် ငါးနှစ်ပြည့်အထိမ်းအမှတ်နှင့် စာပေဟောပြောပွဲ ကျင်းပ

**စစ်တွေ ဇန်နဝါရီ ၆**

စစ်တွေမြို့ ပြည်တော်သာရပ်ကွက် ဗိုလ်ကြီးဘိုးသာရွာ၌ ဖွင့်လှစ်ထားသော ပွင့်လင်းစာကြည့်တိုက် ငါးနှစ်ပြည့် အထိမ်းအမှတ်နှင့် စာပေဟောပြောပွဲ အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက ယင်း စာကြည့်တိုက်ရှေ့၌ ကျင်းပသည်။ **(ယာပုံ)**



အခမ်းအနားတွင် ဆရာကြီး ဦးဘသိန်းက စာအုပ်စာပေ အကြောင်းအရာများ၊ စာကြည့်တိုက်ဆိုင်ရာ အကြောင်းများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်စမ်းစမ်းအောင်က စာပေတန်ဖိုး၊ ကျေးရွာစာကြည့်တိုက် အကျိုးကျေးဇူးနှင့် စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ် ငါးရပ်ကို ရှင်းလင်းပြောကြားပြီး စာကြည့်တိုက်အတွက် သုတရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်ပြီး ဆရာ ဦးရွှေကျော်က စာကြည့်တိုက်ကိစ္စများနှင့် စပ်လျဉ်း၍ ရှင်းလင်းဟောပြောသည်။ အဆိုပါ အခမ်းအနားသို့ စစ်တွေခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး၊ စာရေးဆရာ ဆရာမများ၊ စာပေဝါသနာရှင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်တွင် လူမှုကူညီရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကြက်ခြေနီတပ်ဖွဲ့ဝင်များအတွက် အလှူငွေပေးအပ်

**မိုးကောင်း ဇန်နဝါရီ ၆**

ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများနေ ပြည်သူများအား လူသားချင်းစာနာထောက်ထားသည့်အနေဖြင့် ကူညီပံ့ပိုးရန် သွားရောက်တာဝန်ထမ်းဆောင်နေသော




ကချင်ပြည်နယ် ကြက်ခြေနီအသင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးအတွက် စေတနာရှင်များက အလှူငွေပေးအပ်ပွဲကို ဇန်နဝါရီ ၅ ရက် နံနက် ၁၀ နာရီက မိုးကောင်းမြို့ နောင်ကိုင်တော်ရပ်ရှိ မြို့နယ်ကြက်ခြေနီအသင်းရုံးခွဲ၌ ကျင်းပရာ မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အချိန်ပိုင်းအမှုဆောင် ကချင်ပြည်နယ် ကြက်ခြေနီကြီးကြပ်မှု ကော်မတီဥက္ကဋ္ဌ ဦးဂဲနက်က အမှာစကားပြောကြားသည်။

**လက်ခံရယူ**

ထို့နောက် ရခိုင်ပြည်နယ် ကယ်ဆယ်ရေးစခန်းများနေ ပြည်သူများအား လူသားချင်း စာနာထောက်ထားသည့်အနေဖြင့် လူမှုကရုဏာလုပ်ငန်းများ ဆောင်ရွက်ရန် သွားရောက်နေသည့် ကချင်ပြည်နယ်မှ ကြက်ခြေနီစေတနာလုပ်အားရှင် Emergency Respond Team သင်တန်းတက်ရောက်ပြီးသူ ကြက်ခြေနီတပ်ဖွဲ့ဝင် ၁၀ ဦးအတွက် ဦးမောင်ကြီး-ဒေါ်တင်တင်အုန်း (မြင့်ထွန်းဦးကျောက်စိမ်းကျောက်မျက်ကုမ္ပဏီ) မိသားစုက လှူဒါန်းငွေကျပ် ၁၀ သိန်း၊ ဦးမျိုးဝင်း-ဒေါ်တင်တင်အေး(စံထက်ကျော် ဘော်ဒါဆောင်)မှ ငွေကျပ် တစ်သိန်း၊ ဦးတိုးဝင်း-ဒေါ်ဆွေမာသင်း မိသားစုက ငွေကျပ် တစ်သိန်းတို့ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ကြက်ခြေနီကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)**

**ဝင်းနိုင်(ကချင်မြေ)**

# အကြမ်းဖက်မှုဖြစ်စဉ်ကြောင့် ပိုင်ရှင်မဲ့ဖြစ်နေသော မောင်တောဒေသရှိ မိုးစပါးများအား စနစ်တကျ ဆက်လက်ရိတ်သိမ်း

**နေပြည်တော် ဇန်နဝါရီ ၆**

မောင်တောဒေသ နေရပ်စွန့်ခွာသူများ၏ မိုးစပါးများကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ထိန်းသိမ်းရေးကော်မတီဖွဲ့စည်းပြီး ၂၀၁၇ ခုနှစ် အောက်တိုဘာ ၂၆ ရက်ကစတင်၍ ရိတ်သိမ်းခြွေလှေ့စက်များဖြင့် ရိတ်သိမ်းလျက်ရှိရာ ၂၀၁၇ ခုနှစ် ဒီဇင်ဘာ ၂၇ ရက်အထိ ၉၁၂၅ ဒသမ ၇၃ ဧကကို ရိတ်သိမ်းပေးနိုင်ခဲ့ကြောင်း သိရသည်။

ကျေးရွာအုပ်စုအလိုက် ရိတ်သိမ်းပြီးဧက စာရင်းများအနေဖြင့် မောင်တောမြို့နယ်အတွင်း ကျောင်းတောင်ကျေးရွာအုပ်စု၊ ကျောက်ပန္နူကျေးရွာအုပ်စု၊ တပ်ဦးချောင်းကျေးရွာအုပ်စု၊ သဝင်ချောင်းကျေးရွာအုပ်စု၊ အင်းဒင်ကျေးရွာအုပ်စု၊ သဘော်ကွေ့ကျေးရွာအုပ်စု၊ သပြေတောကျေးရွာအုပ်စု၊ အလယ်သံကျော် ကျေးရွာအုပ်စု၊ ပညောင်ပင်ကြီးကျေးရွာအုပ်စု၊ ချိန်ခါလီကျေးရွာအုပ်စု၊ သံဒါကျေးရွာအုပ်စု၊ ဝါးချကျေးရွာအုပ်စု၊ သရေကုန်တန်းကျေးရွာအုပ်စု၊ ကံပူးကျေးရွာအုပ်စု၊ ဥဒေါင်းကျေးရွာအုပ်စု၊ မြင်းလွတ်ကျေးရွာအုပ်စု၊ ညောင်ချောင်းကျေးရွာအုပ်စု၊ ဇော်မတတ်ကျေးရွာအုပ်စု၊ ဒုချီးယားတန်းကျေးရွာအုပ်စု၊ မြို့သူကြီးကျေးရွာအုပ်စု၊ နွားရုံတောင်ကျေးရွာအုပ်စု၊ ကျီးကန်းပြင်ကျေးရွာအုပ်စု၊ သီဟိုဠ်ကျွန်းကျေးရွာအုပ်စု၊ ရွာသစ်ကေကျေးရွာအုပ်စု၊ အောင်စစ်ပြင် ကျေးရွာအုပ်စု၊ လောင်းဒုံကျေးရွာ အုပ်စု၊ နတ်ချောင်းကျေးရွာအုပ်စု၊ သက်ကိုင်ညာကျေးရွာအုပ်စု၊ ခမောင်းဆိပ်ကျေးရွာအုပ်စု၊ ရေနောက်ငါးသားကျေးရွာအုပ်စု၊ လှိုင်သီကျေးရွာအုပ်စု၊ ငါးစားကြူးကျေးရွာအုပ်စု၊ စပါယ်ကုံးကျေးရွာအုပ်စု၊ သစ်တုံးနားခွဆုန်ကျေးရွာအုပ်စု၊ ပဒကားရွာသစ်ကျေးရွာအုပ်စု၊ ကြက်ရိုးပြင်ကျေးရွာအုပ်စု၊ တမန်းသားကျေးရွာအုပ်စု၊ ဒိုးတန်းကျေးရွာအုပ်စု၊ ငါးခူရကျေးရွာအုပ်စုနှင့် မြို့သစ်ကျေးရွာအုပ်စုတို့တွင် စုစုပေါင်း ၈၉၆၉ ဒသမ ၉၅ ဧကကို ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ဘူးသီးတောင်မြို့နယ်အတွင်း ယင်းမကျောင်းတောင်ကျေးရွာအုပ်စု၊ မီးကျောင်းဈေးကျေးရွာအုပ်စု၊ ခြင်းသမားကျေးရွာအုပ်စုနှင့် ငရန့်ချောင်းကျေးရွာအုပ်စုတို့ တွင် စုစုပေါင်း ၁၅၅ ဒသမ ၇၈ ဧက ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

အလုပ်သမားရေးရာဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် အလုပ် သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။ **(ယာပုံ)**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက နိုင်ငံတော်၏ ရည်မှန်းချက် တာဝန်များတွင်လည်း အလုပ်အကိုင်ရရှိရေး၊ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး စသည့်အချက်များသည် အဓိက ဦးတည်ချက်များဖြစ်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အလုပ်သမားရေးရာ ဥပဒေများနှင့်အညီ အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမား သုံးပွင့်ဆိုင် ပူးပေါင်း ဆောင်ရွက်မှုဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်စေရန် မျှော်မှန်း၍ အရည်အချင်းပြည့်ဝသော အလုပ်သမားအင်အားထု ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးတို့အတွက် ရည်မှန်းချက်များ၊ အလုပ်သမားထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားတိုးတက်ရေးအတွက် မူဝါဒများချမှတ်ပြီး အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် လုပ်ငန်းစဉ်များချမှတ် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လုပ်ငန်းခွင် ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အလုပ်သမားများ၏ ကျန်းမာရေးဆိုင်ရာ လုပ်ငန်းစဉ်များကို အလေးထားရန် လိုပါကြောင်း၊ အလုပ်ရှင်နှင့် အလုပ်သမား မပြေလည်မှုများအား လုပ်ငန်းခွင်အတွင်းမှာပင် ညှိနှိုင်းဖြေရှင်းပေးသည့် ဓလေ့များ ပိုမိုရှင်သန်အောင် ဆောင်ရွက်သွားရန် လိုကြောင်း။

ယခင် လုပ်ငန်းညှိနှိုင်းအစည်းအဝေးဆုံးဖြတ်ချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းအခြေအနေများကိုလည်း ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြန်လည်တင်ပြကြစေလိုကြောင်း။

ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးအတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း ကျွမ်းကျင်လုပ်သား ၅၀၀၀ ကို စစ်ဆေးအကဲဖြတ်ရေး လုပ်ငန်းစဉ်ဆောင်ရွက်လျက်ရှိပြီး ဧပြီလမှ ဒီဇင်ဘာလအထိ အလုပ်အကိုင် ၁၈ မျိုးအတွက် ကျွမ်းကျင်လုပ်သား ၂၇၀၀ ကျော်ကို စစ်ဆေးအကဲဖြတ်နိုင်ခဲ့ပြီး အောင်မြင်သူ ၂၃၀၀ ကျော် ရှိပါကြောင်း၊ လျာထားချက်ပြည့်မီအောင် ပြည်ပအဖွဲ့အစည်းများနှင့် အခြားသော ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်သွားရန် ရှိပါကြောင်း။



**လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး**

လူမှုဖူလုံရေးကိစ္စရပ်များ အနေဖြင့် မိမိတို့၏ ဆေးရုံ၊ ဆေးခန်းများအပေါ် အလုပ်သမားများမှ ယုံကြည်ကိုးစားမှု ပိုမိုရရှိစေရန်နှင့် ထည့်ဝင်ကြေးအပေါ် ထည့်ဝင်သည့် အလုပ်ရှင်၊ အလုပ်သမားများအနေဖြင့် ကျေနပ်မှုများပိုမိုရရှိအောင် ဆောင်ရွက်ရန်လိုကြောင်း၊ မိမိဌာနများ၏ ကိန်းဂဏန်းများ မှန်ကန်စေရေးသည် လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေးနှင့် ဝန်ကြီးဌာန၏ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်စေမည်ဖြစ်ကြောင်း၊ လုပ်သားအင်အားစာရင်း၊ အလုပ်လက်မဲ့စာရင်းများ၊ လူမှုဖူလုံရေး ကိန်းဂဏန်းစာရင်းများအား တိုင်းဒေသကြီး၊ ပြည်နယ်များရှိ ကိန်းဂဏန်းများနှင့် ရုံးချုပ်၊ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ရုံးများနှင့် CSO များမှ ကောက်ယူထားသည့် ကိန်းဂဏန်းများ ကိုက်ညီရန် လိုပါကြောင်း။

ပြည်ပနိုင်ငံများတွင် ရောက်ရှိအလုပ်လုပ်ကိုင်နေကြသည့် မြန်မာအလုပ်သမားများနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ တွင် မြန်မာနိုင်ငံသား တစ်သန်းကျော်အား CI ပြုလုပ်ပေးနိုင်ခဲ့ပြီး Passport များကိုလည်း ယခင်ကာလများထက် ပိုမိုအဆင်ပြေလွယ်ကူစွာ ဆောင်ရွက်နိုင်လာပြီ ဖြစ်ပါကြောင်း၊ တရားမဝင်အလုပ်သမား စေလွှတ်သည့် အေဂျင်စီများကိုလည်း ဖော်ထုတ်အရေးယူ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မလေးရှားနိုင်ငံသို့လည်း အလုပ်သမားများ ပြန်လည်စေလွှတ်ခွင့်ရရှိပြီ ဖြစ်၍ အမြန်ဆုံးစေလွှတ်နိုင်ရေး ဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်း ဥပဒေမူဝါဒများနှင့်အညီ စေလွှတ်နိုင်ရေးအတွက် အေဂျင်စီများအား ဝန်ကြီးဌာနအနေဖြင့် ကြပ်မတ်ထိန်းသိမ်း ဆောင်ရွက်သွားရန် လိုပါကြောင်း။

**ဥပဒေနှင့်အညီ ဆောင်ရွက်**

သက်ဆိုင်ရာတိုင်းနှင့် ပြည်နယ်များ၏ ဌာနဆိုင်ရာတာဝန်ရှိသူများ အနေဖြင့် မိမိတို့တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများ၏ ယုံကြည်အားကိုးရသည့် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်များဖြစ်အောင် ကြိုးစားကြရန် လိုအပ်ပါကြောင်း၊ အလုပ်တာဝန်များကို မိမိအား ယုံယုံကြည်ကြည် အပ်နှင်းခြင်းခံရသဖြင့် သက်ဆိုင်ရာဒေသရှိ အကြီးအကဲများနှင့် ရင်းနှီးမှု ပိုမိုရရှိပြီး မိမိ၏ ဝန်ထမ်းများ၊ ရုံးကိစ္စလုပ်ငန်းများတွင် အောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအနေဖြင့် ဒေသတွင်ရှိသည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ တည်ဆောက်ရေးလုပ်ငန်းများ၊ အစိုးရလုပ်ငန်းများကို စေတနာထားပြီး အောင်မြင်အောင် ဝိုင်းဝန်း၍ ဥပဒေနှင့်အညီ ဆောင်ရွက်ကြစေလိုကြောင်း မှာကြားခဲ့သည်။

အဆိုပါ အခမ်းအနားသို့ အလုပ်သမားရေးရာဆိုင်ရာ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန် အပါအဝင် အလုပ်သမားရေးရာဆိုင်ရာ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ခဲ့ကြပြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ်တာဝန်ခံများက ရှင်းလင်းတင်ပြခြင်း၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၏ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံများက ရှင်းလင်းတင်ပြခြင်းတို့ ပြုလုပ်ခဲ့ကြကာ ဇန်နဝါရီ ၇ ရက်တွင် အစည်းအဝေး ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၆**

ပြန်ကြားရေးဝန်ကြီးဌာန၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်ကျင်းပသည့် နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အေးချမ်းသာယာပြည်မြန်မာ ရောင်စုံဓာတ်ပုံပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနားကို ဇန်နဝါရီ ၅ ရက် မွန်းလွဲ ၁ နာရီက ရန်ကုန်မြို့ ဆူးလေ ရှန်ဂရီလာဟိုတယ်၌ ကျင်းပသည်။



ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း အေးချမ်းသာယာပြည်မြန်မာရောင်စုံဓာတ်ပုံပြိုင်ပွဲ ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားတွင် ဆုရဓာတ်ပုံများ ပြသထားမှုကို ကြည့်ရှုစဉ်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ဓာတ်ပုံပညာသည် သမိုင်းနှင့်အနုပညာယဉ်ကျေးမှုတို့ကို စနစ်တကျမှတ်တမ်းတင် ပုံဖော်ပေးထားနိုင်ပါကြောင်း၊ မျက်မှောက်ခေတ်တွင် ဓာတ်ပုံပညာကို ပြင်ဆင်ပြောင်းလဲနိုင်သည့် အတတ်ပညာများ ပေါ်ထွန်းလျက်ရှိသော်လည်း တည်တံ့သည့် ယဉ်ကျေးမှုတစ်ရပ်ကို ထုတ်ဖော်ထိန်းသိမ်းထားရန်အတွက် ဓာတ်ပုံပညာသည် အရေးကြီးသည့် အခန်းကဏ္ဍတစ်ရပ်အဖြစ် ပါဝင်ပါကြောင်း၊ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လာမည့်နှစ်များတွင်လည်း လူငယ်မျိုးဆက်သစ်များအား နိုင်ငံ၏ ဓာတ်ပုံကဏ္ဍနှင့် ဓာတ်ပုံပညာများ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကျယ်ပြန့်စွာဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်က ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြသည့်ဓာတ်ပုံများသည် မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှု၊ သာယာလှပမှု၊ ဖွံ့ဖြိုးတိုးတက်မှုတို့ကို အထိုက်အလျောက် ဖော်ကျူးပြသနိုင်သည့်အတွက် ယခုပြိုင်ပွဲမှ သင့်လျော်သည့် ဓာတ်ပုံများကို မြန်မာပြည်အရပ်ရပ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ Community Center များနှင့် ရုံးများတွင် ဓာတ်ပုံပြပွဲများ စီစဉ်ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ပြသခြင်းဖြင့် မြန်မာ့ယဉ်ကျေးမှုပုံရိပ်များ၊ ရေမြေတောတောင် သဘာဝရှုခင်းများကို ပြည်သူများ ပိုမိုသိရှိခံစားနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။


ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးဖြိုးမင်းသိန်းက ဓာတ်ပုံပြိုင်ပွဲ ပထမဆုရ မင်းမင်းထွန်း၊ ဒုတိယဆုရ ဝင်းဇော်ဦး(မင်းဘူး)၊ တတိယဆုရ အောင်ကျော်ထွန်း(ပုသိမ်ကြီး)တို့အား ဆုများ ချီးမြှင့်ပေးအပ်သည်။


ထို့နောက် တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်းနှင့် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးမောင်မောင်စိုးတို့က အထူးဆုရရှိသူများကို ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မြန်မာနိုင်ငံဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးသန်းထွန်းဦး (တက်နေဝင်း)က ဆုများ ရွေးချယ်ဆောင်ရွက်မှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဓာတ်ပုံဆုရရှိသူများကိုယ်စား ပထမဆုရရှိသူ မင်းမင်းထွန်းက ကျေးဇူးတင်စကား ပြောကြားသည်။

ဓာတ်ပုံပြိုင်ပွဲကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများ၊ တည်ငြိမ်အေးချမ်းမှုများ၊ သာယာလှပမှုများ၊ သဘာဝသယံဇာတပေါကြွယ်ဝမှုများနှင့် တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများကို ပေါ်လွင်အောင် မြန်မာနိုင်ငံအရပ်ရပ်မှ ဓာတ်ပုံပညာရှင်များနှင့် ဝါသနာရှင်စုစုပေါင်း ၂၆၁ ဦးတို့က ဓာတ်ပုံပေါင်း ၁၂၂၆ ပုံဖြင့် ရိုက်ကူးယှဉ်ပြိုင်ခဲ့ကြခြင်းဖြစ်ပြီး ဆုပေါင်း ရှစ်ဆုပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်း-ဥမ္မာ၊ စန္ဒီ**

**ဓာတ်ပုံ-ဇော်မင်းလတ်၊ ရဲထွဋ်**




**ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး ရဲမှူးကြီးစိန်လွင်၏ ဦးဆောင်မှုဖြင့် ဇန်နဝါရီ ၃ ရက်က သာယာဝတီမြို့နယ် အ.ထ.က သုံးဆယ်မြို့ကျောင်းရှေ့၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မိုးနိုင်၊သုံးဆယ်နယ်မြေစခန်းမှူး ရဲအုပ်မိုးအောင်နှင့်ပြခန်းယာဉ်တာဝန်ခံ ဒုတိယရဲအုပ် အောင်ဇင်မင်းတို့အဖွဲ့က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် အသိပညာပေးဟောပြောဆောင်ရွက်စဉ်။** သန့်ဇော်



# လွယ်ဂျယ်မြို့၌ ကုန်စည်ဒိုင်ဖွင့်ပွဲ ကျင်းပ

**လွယ်ဂျယ် ဇန်နဝါရီ ၆**

ဆန်၊ ပဲ၊ ပြောင်း၊ နှမ်းနှင့် လယ်ယာထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးကုန်စည်ဒိုင်နှင့် သစ်သီးဝလံကုန်စည်ဒိုင်ဖွင့်ပွဲကို ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီက ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ အောင်ချမ်းသာရပ်ကွက်၌ ကျင်းပသည်။

အခမ်းအနားတွင် ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်းက အမှာစကားပြောကြားပြီး ရပ်မိရပ်ဖ ဦးအေးချမ်းမှ ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဆန်၊ ပဲ၊ ပြောင်း ကုန်စည်ဒိုင်မှ ဦးရဲမြင့်၊ သစ်သီးဝလံကုန်စည်ဒိုင်မှ ဦးစိုင်းမြမောင်တို့က ကုန်စည်ဒိုင်ဖြစ်ပေါ်လာရသည့်အကြောင်းအရင်းများကို ရှင်းလင်းပြောကြားကြပြီး မိုးမောက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။

ဆက်လက်၍ ဗန်းမော်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်သိန်း၊ ဗန်းမော်ခရိုင် ဒုတိယအုပ်ချုပ်ရေးမှူး ဦးညွန့်စိုး၊ စားသုံးသူရေးရာဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဦးကိုကိုဦးနှင့် မိုးမောက်မြို့နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါက်တာခွန်ဝင်းသောင်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြသည်။ **လွယ်ဂျယ်(ပြန်/ဆက်)**

# ဆောင်းခိုငှက်များ ထိန်းသိမ်းရေး ပြည်သူအများ ပါဝင်ပေး

မြန်မာနိုင်ငံသည် မြောက်ဘက်တွင် စီနိုဟိမဝန္တာဒေသ၊ အရှေ့ဘက်တွင် အင်ဒိုချိုင်းနားဒေသ၊ တောင်ဘက်တွင် မလေးရှားကျွန်းဆွယ် စသည့် ကွဲပြားခြားနားသည့် ဒေသသုံးခုကြား တည်ရှိသည်။

ထို့အပြင် မိုးရေချိန်၊ အပူချိန်၊ မြေမျက်နှာသွင်ပြင် ကွဲပြားခြားနားခြင်းနှင့် မြစ်၊ ချောင်းများ ပေါများကျယ်ပြန့်ခြင်းတို့ ကြောင့် မြန်မာနိုင်ငံတွင် မြောက်ဘက်ရှိ သမပိုင်းသစ်တောများမှ တောင်ဘက်ရှိ အပူပိုင်းမိုးသစ်တောအထိ ပါဝင်သည့် သဘာဝသစ်တော အမျိုးမျိုး ပေါက်ရောက်လျက်ရှိပြီး အမျိုးအစားစုံလင်သော ဂေဟစနစ်များကို ပိုင်ဆိုင်လျက်ရှိသည်။

နေရင်းဒေသများ စုံလင်မှုကြောင့် မြန်မာနိုင်ငံတွင် ဇီဝမျိုးစုံမျိုးကွဲ အမြောက်အမြားရှိပြီး ငှက်မျိုးစိတ်ပေါင်း ၁၀၀၀ ကျော် တွေ့ရှိရကာ ကမ္ဘာပေါ်တွင် ငှက်မျိုးစိတ် အကြွယ်ဝဆုံး နိုင်ငံများအနက် တစ်နိုင်ငံဖြစ်သည်။

ကမ္ဘာ့မြောက်ဘက်ခြမ်းမှ ငှက်မျိုးစိတ်များသည် နှစ်စဉ် ဆောင်းရာသီတွင် မြန်မာနိုင်ငံသို့ လာရောက်၍ ဆောင်းခိုလေ့ရှိသည်။ ယင်းဆောင်းခိုငှက်များ နေထိုင်ရာ မြောက်ဘက်အရပ်ဒေသ၌ အလွန်အေးသောကြောင့် ပူနွေးသော ရာသီဥတုရှိသည့် မြန်မာနိုင်ငံကဲ့သို့ အရပ်ဒေသများသို့ ခေတ္တပြောင်းရွှေ့နေထိုင်ကြခြင်းဖြစ်သည်။

ရာသီဥတု ပူနွေးမှုတသည့်အပြင် ပျံသန်းရွှေ့ပြောင်းကျက်စားရာတွင် လိုအပ်သည့်အစာ လုံလောက်စွာ ရရှိရန်နှင့် ကမ္ဘာ့မြောက်ပိုင်းရှိ သားပေါက်သည့်နေရာများမှ တောင်ဘက်ရှိ ဆောင်းခိုသည့်နေရာများသို့ ပျံသန်းရာတွင် လုံခြုံစိတ်ချရသည့် ရပ်နားနေရာများကို ပံ့ပိုးပေးရန် ရေဝပ်ဒေသ၊ ကျက်စားဒေသများ ရှိခြင်းတို့ကြောင့်လည်း မြန်မာနိုင်ငံသို့ လာရောက်ဆောင်းခိုခြင်း ဖြစ်သည်။ တစ်နည်းအားဖြင့်ဆိုသော် အိမ်သာ၍ ညှော့လာခြင်းဖြစ်သည်။

သို့သော် ကမ္ဘာ့မြောက်ဘက်မှ ညှော့သည့် ဆောင်းခိုငှက်များသည် ဖမ်းဆီးသတ်ဖြတ်ခြင်း၊ ကျက်စားနေရာများ ပျက်စီးခြင်းတို့ကြောင့် ထိခိုက်ခံရ လျက်ရှိသည်။

ဆောင်းခိုငှက်အပါအဝင် ငှက်များသည် လယ်ယာစိုက်ပျိုးရေးလုပ်ငန်း၌ ကြီးမားသော ရန်သူဖြစ်သည့် ပိုးမွှားတို့ကို ဖျက်ဆီးပေးခြင်း၊ သဘာဝပေါက်ပင်များအား မျိုးဆက်ပြန့်ပွားစေခြင်းဖြင့် လူတို့အပေါ် အကျိုးပြုသည်။ ထို့အပြင် ငှက်ကြည့်ခြင်းကဲ့သို့ သဘာဝအခြေခံ ခရီးသွားလုပ်ငန်းသည် ဝင်ငွေနှင့်အလုပ်အကိုင် အခွင့်အလမ်းများကို တိုးပွားစေသည်။

ထို့အပြင် ခရုစုပ်နှင့် ခရုတုပ် ကဲ့သို့သော ဆောင်းခိုငှက်များသည် စိုက်ပျိုးသီးနှံများကို ပျက်စီးဆုံးရှုံးစေသည့် ခရုမျိုးများကို စားခြင်းဖြင့် လယ်ယာလုပ်ငန်းကို တစ်ဖက်တစ်လမ်းက အထောက်အကူပြုပေးသည်။

ဆောင်းခိုငှက်များသည် မြန်မာနိုင်ငံရှိ မြစ်၊ ချောင်း၊ အင်း၊ အိုင်နှင့် ကမ်းရိုးတန်းတို့၌ ဆောင်းရာသီတွင် ယှဉ်တွဲတွေ့ရှိရသည့် အဆင်တန်ဆာများဖြစ်၍ ရှေးဘိုးဘေးများ အစဉ်အဆက် စောင့်ရှောက်ခဲ့ခြင်းကို ဆက်လက်ထိန်းသိမ်းရမည်ဖြစ်သည်။

နွေးထွေးမှုရှိသော အိမ်သာယာသို့ ခေတ္တအလည်လာသည့် ဆောင်းခိုငှက်များ ယင်းတို့၏ မူလနေရာသို့ ဘေးကင်းလုံခြုံစွာဖြင့် ပျံသန်းနိုင်အောင် ပြည်သူများက ဝိုင်းဝန်းစောင့်ရှောက်ပေးရန် တိုက်တွန်းလိုက်ပါသည်။ ။

**မောင်သဘာဝ**



အင်းတော်ကြီး တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောတွင် ကျရောက်နေသည့် ဆောင်းခိုငှက်များ။



ရုရှားနိုင်ငံ ဆိုက်ဘေးရီးယား၌ ပေါက်ပွားပြီး တစ်ကမ္ဘာလုံးတွင် ကောင်ရေ ၁၀၀၀ အောက်သာ ကျန်ရှိတော့ကာ မြန်မာနိုင်ငံသို့ နှစ်စဉ်လာရောက် ဆောင်းခိုသည့် မျိုးသုဉ်းမည့်အန္တရာယ်နှင့် ရင်ဆိုင်နေရသော မျိုးစိတ်ဖြစ်သည့် ရေညှောင့်နှုတ်ဝိုင်းငှက်။

# ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ငွေကျပ်သိန်းပေါင်းတစ်သိန်းနီးပါး လိမ်လည်မှု ဖြစ်ပွား

**ရန်ကုန် ဇန်နဝါရီ ၆**

ဘုရင့်နောင် ကုန်စည်ဒိုင်တွင် ဆန်ကုန်သည်တစ်ဦးက ငွေကျပ်သိန်းပေါင်းတစ်သိန်းနီးပါး ကုန်ကြွေးငွေများကို မရှင်းပေးနိုင်တော့သည့်အတွက် ရှောင်တိမ်းထွက်ခွာသွားကြောင်း မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ သိရသည်။

လက်ရှိပြည်တွင်းဆန်ဈေးကွက်အတွင်း ရေရှည်လုပ်ကိုင်နေသူ ဆန်လောကသားမဟုတ်သူများက ဆန်များကို အပြင်ပေါက်ဈေးထက် ပိုပေးကာ အကြွေးစနစ်ဖြင့် ဝယ်ယူမှုများကြောင့် ဘီလီယံချီကာငွေကြေးအရှုပ်တော်ပုံများ ဖြစ်ပေါ်နေကြောင်း ဆန်ကုန်သည်များက ဆိုသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် အတွင်းရေးမှူး ဦးအောင်မြင့်က "သူက အကြွေးတွေလည်း တအားများတယ်၊ စာရင်းအတိအကျတော့ မသိဘူး၊ လောလောဆယ် လူရှာမတွေ့တော့ လိမ်တယ်လို့ပဲ ပြောကြတာပေါ့၊ သူပြန်လာရှင်းမလား၊ မရှင်းမလားဆိုတာ မသိသေးတော့လေ၊ ငွေပမာဏကလည်းများတယ်၊ သူက ပြည်ပကိုတင်ပို့နေတဲ့ ကုန်သည်ပါပဲ၊ ဒီလောကမှာ လုပ်နေတာလည်း လေး၊ ငါးနှစ်လောက်တော့ရှိပြီ၊ ဒါပေမယ့် ဒီနှစ်မှာက ကမ္ဘာ့ဈေးရော ပြည်တွင်းဈေးရောတက်နေတော့ သူက ကြိုရောင်းတာများတော့ ဈေးတက်ချိန်မှာ အရှုံးတွေနဲ့ အပ်ရင်း၊ အပ်ရင်းမရှင်းနိုင်ဖြစ်သွားတာပေါ့"ဟု ပြောသည်။

လက်ရှိဘုရင့်နောင် ဆန်လောကတွင် ယခုလိမ်လည်မှု မဖြစ်ပွားခင်က ဆန်ကုန်သည် တစ်ဦးက အခြားကုန်သည် သုံးဦးထံမှ ငွေကျပ်သိန်းပေါင်း ၃၀၀၀၀ ကျော်ထိ လိမ်လည်မှု ဖြစ်ပွားခဲ့ဖူးကြောင်း သိရသည်။

ယင်းကဲ့သို့ ဆန်ကုန်စည်ဒိုင်များတွင် အရောင်းအဝယ် ပြုလုပ်၍ ငွေကြေးအရှုပ်အရှင်း ဖြစ်ပေါ်နေသည့် ကုန်သည်များကို ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ်ပြုလုပ်ခွင့် ကန့်သတ်မည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်လုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်ဝင်းက သတိပေးပြောဆိုထားသည်။

လက်ရှိတွင်လည်း ငွေကြေးအရှုပ်အရှင်း ဖြစ်ပေါ်နေသည့် ဆန်ကုန်သည်များထဲမှ လုံးဝ ငွေမပေးချေနိုင်တော့သည့် ကုန်သည်တစ်ဦးကို အသင်းဝင်အဖြစ် ရပ်ဆိုင်းကာ နာမည်ပျက်စာရင်းသွင်းထားပြီး ကုန်စည်ဒိုင်အတွင်း အရောင်းအဝယ် ပြုလုပ်လိုသူများကိုလည်း သက်ဆိုင်ရာကုမ္ပဏီ၏ ထောက်ခံချက်များပါရှိမှသာ ဝင်ရောက်ခွင့်ပြုရန် ထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိတွင် မြန်မာနိုင်ငံအတွင်း ဆန်ကြိုရောင်း၊ ကြိုဝယ်ခြင်းလုပ်ငန်းများကို စနစ်တကျပြုလုပ်နိုင်စေရန်အတွက် ဝါးတန်းလမ်းကုန်စည်ဒိုင်၊ ဘုရင့်နောင် ကုန်စည်ဒိုင်၊ မန္တလေးကုန်စည်ဒိုင်နှင့် မူဆယ်ကုန်စည်ဒိုင်တို့တွင် ကြပ်မတ်ဆောင်ရွက်နိုင်ရန် ပြင်ဆင်နေကြောင်း မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်းမှ သိရသည်။

ယင်းကဲ့သို့ ငွေကြေးလိမ်လည်မှုများမှာ ရောင်းမှား၊ ဝယ်မှားကိစ္စရပ်များကြောင့် ဖြစ်ပေါ်ခဲ့ခြင်းဖြစ်ပြီး ပြီးခဲ့သည့်နှစ်များက အလားတူ ငွေကြေးသိန်းသောင်းချီလိမ်လည်မှုဖြစ်စဉ်များ ရန်ကုန် ဘုရင့်နောင်ပဲလောကနှင့် မန္တလေးပဲဈေးကွက်တွင်လည်း ဖြစ်ပေါ်ခဲ့သည့်အတွက် အရောင်းအဝယ် လုပ်လိုသူများအနေဖြင့် မြန်မာ့စီးပွားရေးဘဏ်တွင် ရောင်းသူဝယ်သူ ကြိုတင်ငွေ ၁၀ ရာခိုင်နှုန်းပေးသွင်းရသည့်စနစ်ကို သတ်မှတ်ပေးထားကြောင်း သိရသည်။

**ဖြိုးလွင်အောင်(AMIA)**

# အက်စီတုန်းနှင့် ဟိုက်ဒရိုကလိုရစ် အက်စစ်အရည်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၆**

မူးယစ်တပ်ဖွဲ့စု-၂၂ မူဆယ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇန်နဝါရီ ၄ ရက် ည ၉ နာရီခန့်က မူဆယ်မြို့နယ် နမ့်ပေါ်တံတားအနီး မူဆယ်-လားရှိုးပြည်ထောင်စုလမ်းမကြီးပေါ်တွင် ညီညီအောင် မောင်းနှင်ပြီး ကျော်ဇင်ဟိန်း လိုက်ပါလာသည့် ၁၂ ဘီးယာဉ်၊ အောင်အောင် မောင်းနှင်ပြီး မျိုးမြင့်ဦး လိုက်ပါလာသည့် ၁၂ ဘီးယာဉ်နှင့် ဒီလာရာမ်း(ခ) ကျော်စိုး မောင်းနှင်ပြီး ဇော်ဝင်းအောင်(ခ)ဂိုဗင်ဒါး လိုက်ပါလာသည့် ၁၂ ဘီး ယာဉ်တို့ကို စစ်ဆေးရှာဖွေခဲ့သည်။

ထိုသို့ စစ်ဆေးစဉ် ညီညီအောင်၏ ယာဉ်ပေါ်မှ အက်စီတုန်းအရည်ပါ ပလတ်စတစ် ပီပါ ၄၁ လုံး(အက်စီတုန်း အရည် ၈၂၀၀ လီတာ)၊ ဟိုက်ဒရိုကလိုရစ် အက်စစ် အရည် ပါ ဂျပ်ဖာ ၁၅၀ (ဟိုက်ဒရိုကလိုရစ် အက်စစ်ရည် ၁၈၀၀ လီတာ) နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း၊ အောင်အောင်၏ ယာဉ်ပေါ်မှ အက်စီတုန်း အရည်ပါ ပလတ်စတစ်ပီပါ ၅၀ (အက်စီ တုန်း အရည် ၁၀၀၀၀ လီတာ)နှင့် ဟိုက်ဒရိုကလိုရစ် အက်စစ် အရည်ပါ ဂျပ်ဖာ ၁၁၀ (ဟိုက်ဒရိုကလိုရစ် အက်စစ်အရည် ၂၂၀၀ လီတာ)နှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကိုလည်းကောင်း၊ ဒီလာရာမ်း (ခ)ကျော်စိုး၏ မော်တော်ယာဉ်ပေါ်မှ အက်စီတုန်းအရည်ပါ ပလတ်စတစ်ပီပါ ၇၁ လုံး (အက်စီတုန်းအရည် ၁၄၂၀၀ လီတာ)နှင့် လက်ကိုင်ဖုန်းနှစ်လုံးတို့ကို လည်းကောင်း(စုစုပေါင်း အက်စီတုန်း အရည် ၃၂၄၀၀ လီတာနှင့် ဟိုက်ဒရိုကလိုရစ် အက်စစ်အရည် ၄၀၀၀ လီတာ) သိမ်း ဆည်းရမိခဲ့သဖြင့် ၎င်းတို့ကို ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

# ဖားကန့်ဒေသတွင် မြေပြိုမှုကြောင့် ရေမဆေးသမား ငါးဦး ထပ်မံ သေဆုံး၊ သုံးဦး ဒဏ်ရာရ

**မြစ်ကြီးနား ဇန်နဝါရီ ၆**

ဖားကန့်မြို့နယ် ဆိတ်မူကျေးရွာအုပ်စု ဝေခါကျေးရွာရှိ ကျောက်တူးဖော်ရေး လုပ်ကွက်တစ်ခုတွင် ဇန်နဝါရီ ၆ ရက် နံနက် ၃ နာရီခန့်က မြေပြိုမှုကြောင့် ရေမဆေးသမား ငါးဦးသေဆုံးပြီး သုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အဆိုပါ ဝေခါကျေးရွာရှိ ကျောက်တူးဖော်ရေး ကုမ္ပဏီလုပ်ကွက်အတွင်း ဇန်နဝါရီ ၆ ရက်က ရေမဆေးသမားများ ကျောက်ရှာဖွေနေစဉ် မြေပြိုကျခဲ့မှုကြောင့် ငါးဦး သေဆုံးပြီး သုံးဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူ သုံးဦးသည် ဖားကန့်ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေကြောင်း ဆိတ်မူကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။

ထိုသို့ မြေပြိုရခြင်းမှာ ယခုရက်ပိုင်းက ဖားကန့်ဒေသတွင် မိုးသည်းထန်စွာ ရွာသွန်းပြီး မြေပျော့နေသည့်အတွက် မြေပြိုရခြင်းဖြစ်ကြောင်းနှင့် ရေမဆေးသမားများအနေဖြင့် ကျောက်ရှာဖွေရာတွင်လည်း အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ဖားကန့်ဒေသတွင် ဇန်နဝါရီ ၄ ရက်နှင့် ၆ ရက်တို့တွင် မြေပြိုမှု နှစ်ကြိမ်ဖြစ်ပွားခဲ့ရာ ရေမဆေးသမား စုစုပေါင်း ၁၁ ဦး သေဆုံးခဲ့ပြီး လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

**မင်းမင်းဦး**

# ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်အနီး၌ ရှေ့ထွက်မိုင်းတစ်လုံးတွေ့ရှိ

**မူဆယ် ဇန်နဝါရီ ၆**

ရှမ်းပြည်နယ် မြောက်ပိုင်း မူဆယ်ခရိုင် မူဆယ်မြို့နယ် မိုင်းယု ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အနီး၌ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီခန့်က ရှေ့ထွက်မိုင်းတစ်လုံး တွေ့ရှိခဲ့သည်။

ဖြစ်စဉ်မှာ ဇန်နဝါရီ ၆ ရက် နံနက် ၁၀ နာရီခန့်က ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်အတွင်းရှိ နှင်းနှင်းခိုင်ကုမ္ပဏီကားဝင်းမှ တာဝန်ခံ ဦးထွန်းကျော်နှင့်ဝန်ထမ်းများသည် ၁၀၅ မိုင် ထေရဝါဒဘုန်းကြီးကျောင်း အတက်လမ်း ဘေးဝဲယာရှိ ချုံပုတ်များအား ခုတ်ထွင်ရှင်းလင်းစဉ် ချုံအတွင်း၌ ဖြူး(စ်) နှစ်ချောင်း၊ ဆားကစ်ပြား တစ်ခု၊ ဝိုင်ယာကြိုးနှစ်ချောင်း၊ ဓာတ်ခဲငါးလုံးပါရှိသော ရှေ့ထွက်မိုင်းတစ်လုံး တွေ့ရှိခဲ့သည်။

အဆိုပါတွေ့ရှိခဲ့သော မိုင်းအား နှင်းနှင်းခိုင်ကုမ္ပဏီ ကားဝင်းတာဝန်ခံ ဦးထွန်းကျော်က ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်၌ လုံခြုံရေးတာဝန်ထမ်းဆောင်နေသော ရဲအုပ် ဝင်းဇော်ဦးနှင့်အဖွဲ့အားသတင်းပေးပို့ခဲ့သည်။ ဆက်လက်၍ နယ်မြေခံတပ်ရင်းသို့ ထပ်မံသတင်းပေးပို့ခဲ့ပြီးနောက် ၎င်းတပ်ရင်းမှ တပ်ဖွဲ့ဝင်များ၊ ၁၀၅ မိုင် ရဲကင်းမှူး ဇော်ရဲနိုင်ဦးစီးအဖွဲ့၊ ဌာနဆိုင်ရာများပါဝင်သော ပူးပေါင်းအဖွဲ့က အခင်းဖြစ်ပွားရာနေရာသို့ ရောက်ရှိစစ်ဆေးခဲ့သည်။

ထို့နောက် ချုံပုတ်အတွင်းထောင်ထားသော ရှေ့ထွက်မိုင်းအား နယ်မြေခံတပ်မှ ဒုတိယတပ်ကြပ် အောင်သိန်းထွန်းနှင့် တပ်ဖွဲ့ဝင်များက မိုင်းအား အောင်မြင်စွာ ရှင်းလင်းဖယ်ရှားပေးခဲ့ကြောင်း သိရသည်။

**သန့်ဇင်(မူဆယ်)**

# သံပိုက်လုံးနှင့် တိုင်ထောင်စဉ် ဓာတ်ကြိုးပေါ်သို့လဲကျရာမှ ငါးဦးဓာတ်လိုက်သေဆုံး

**ဘားအံ ဇန်နဝါရီ ၆** - ကရင်ပြည်နယ် ဘားအံမြို့နယ် သာမညကျေးရွာ ရေတံခွန်ရပ်ကွက်တွင် ဇန်နဝါရီ ၆ ရက် နံနက်ပိုင်းက တယ်လီဖုန်းအင်တာနာတိုင်ထောင်စဉ် ဓာတ်ကြိုးပေါ်သို့လဲကျခဲ့သဖြင့် တိုင်ထောင်ရာတွင် ပါဝင်သူ ငါးဦး ဓာတ်လိုက်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဇန်နဝါရီ ၆ ရက် နံနက်၉ နာရီ ၄၅ မိနစ်က ရေတံခွန်ရပ်ကွက် ရေတံခွန်လမ်းရှိ အိမ်ရှင်ဖြစ်သူ ဦးမောင်ပါး (၅၉နှစ်)နှင့် ဇနီးဖြစ်သူ ဒေါ်စန်းရီ (၅၆နှစ်)၊ သားဖြစ်သူ ခွန်သိန်းဝင်း (၃၀နှစ်)၊ တူဖြစ်သူ မိုးကျော် (၁၉နှစ်)၊ သမက်ဖြစ်သူ လခို (၃၄နှစ်)တို့ငါးဦးတို့သည် အရှည်ပေ ၄၀၊ လုံးပတ်နှစ်လက်မခန့်ရှိ သံပိုက်လုံးတွင် တယ်လီဖုန်းအင်တာနာနှင့် ကြိုးတပ်ဆင်ပြီး တိုင်ထောင်စဉ် သံပိုက်လုံးတိုင်မှာ သာမညကျေးရွာနှင့်ဝင်းစိန် ကျေးရွာသို့ သွယ်တန်းထားသော KV-660 ဓာတ်အားရှိသည့် ဓာတ်ကြိုးပေါ်သို့ လဲကျရာမှ ဓာတ်လိုက်ကာ သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်ဆေးသိရှိရပြီး သေဆုံးသူငါးဦးကို ဘားအံဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

**မင်းသူ၊ထွန်းထွန်းထွေး(ဘားအံ)**

# ဇင်ဘာဘွေသမ္မတက အတိုက်အခံအဖွဲ့နှင့် ညွန့်ပေါင်းအစိုးရဖွဲ့မည် မဟုတ်ကြောင်း ပြောကြား

**ဟာရာရီ ဇန်နဝါရီ ၆**

လက်ရှိ ဇင်ဘာဘွေသမ္မတ အီမာဆန်မနန်ဂွာက ၎င်းအနေဖြင့် အတိုက်အခံအဖွဲ့(အမ်ဒီစီ-တီ)နှင့် ညွန့်ပေါင်းအစိုးရဖွဲ့မည် မဟုတ်ကြောင်း ယမန်နေ့က ပြောခဲ့သည်။

အမ်ဒီစီ-တီခေါင်းဆောင်နှင့် ဝန်ကြီးချုပ်ဟောင်း မော်ဂန်ဆာဗန်ဂီရိုင်တို့သည် ၎င်း၏သမ္မတနန်းတော်သို့ လာရောက်လည်ပတ်ပြီးနောက် သမ္မတက ထိုသို့ပြောကြားလိုက်ခြင်း ဖြစ်သည်။

ဝန်ကြီးချုပ်ဟောင်း မော်ဂန်ဆာဗန်ဂီရိုင်သည် ၂၀၁၆ ခုနှစ်က အူမကြီးကင်ဆာကို ခံစားခဲ့ရပြီး တောင်အာဖရိကတွင် ဆေးဝါးကုသမှုခံယူခဲ့ကြောင်း သိရသည်။

လတ်တလောအခြေအနေတွင် ၎င်း၏ကျန်းမာရေးမှာ ကောင်းမွန်လျက်ရှိပြီး မကြာမီ တောင်အာဖရိကသို့ နောက်ထပ် ကျန်းမာရေးစစ်ဆေးရန် သွားရောက်ရဦးမည်ဖြစ်ကြောင်း သမ္မတနှင့် တံခါးပိတ်တွေ့ဆုံဆွေးနွေးပြီးနောက် သမ္မတက သတင်းထောက်များကို ပြောခဲ့သည်။

ဇင်ဘာဘွေ လက်ရှိသမ္မတအနေဖြင့် ဝန်ကြီးချုပ်ဟောင်း မော်ဂန်ဆာဗန်ဂီရိုင်၏ အမ်ဒီစီ-တီနှင့် ညွန့်ပေါင်းအစိုးရဖွဲ့နိုင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။ ဇင်ဘာဘွေနိုင်ငံသည် ဒီမိုကရက်တစ်နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ ပြည်သူများ မဲဆွယ်နိုင်သော်လည်း လတ်တလောတွင် ထိုသို့လုပ်ဆောင်ရန်မလိုသေးကြောင်း ၎င်းက ပြောခဲ့သည်။

အဆိုပါ အစည်းအဝေးသို့ ဝန်ကြီးချုပ်ဟောင်း မော်ဂန်ဆာဗန်ဂီရိုင်၏ အမှုဆောင်များနှင့် နယ်လ်ဆန်ခါမီဆာတို့လည်း တက်ရောက်ခဲ့ကြောင်း သိရသည်။

"ဒါဟာကြိုဆိုရမယ့် ကိစ္စတစ်ခုဖြစ်ပါတယ်၊ အာဖရိကပြည်သူတွေအချင်းချင်း ဂရုတစိုက်ရှိတာကို ပြသလိုက်တာပါ၊ ဒါမှ ဇင်ဘာဘွေနိုင်ငံသားတွေဖြစ်တယ်"ဟု ခါမီဆာက ပြောခဲ့သည်။



ဝန်ကြီးချုပ်ဟောင်း မော်ဂန်ဆာဗန်ဂီရိုင်သည် ယခင် သမ္မတ ရောဘတ်မူဂါဘီနှင့် ၂၀၀၉ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ညွန့်ပေါင်းအစိုးရဖွဲ့ပြီး အာဏာခွဲဝေအသုံးချခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**




# သတင်းထောက်တစ်ဦးဖမ်းဆီးထားမှုကို ပြန်လွှတ်ပေးရန် ဆော်ဒီအာရေဗျကို စီပီဂျေတိုက်တွန်း

**ဒူဘိုင်း ဇန်နဝါရီ ၆**

အစိုးရကိုဝေဖန်သည့် ပြည်တွင်းသတင်းထောက်တစ်ဦးအား ဖမ်းဆီးထားမှုကို ပြန်လွှတ်ပေးရန် သတင်းထောက်များကို ကာကွယ်ပေးနေသည့်ကော်မတီ (စီပီဂျေ) က ဆော်ဒီအာရေဗျကို ဇန်နဝါရီ ၆ ရက်က တိုက်တွန်းလိုက်ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

အာရေဗျဘာသာစကားဖြင့် ထုတ်ဝေသော အယ်လ်ဝါတန်နေ့စဉ်သတင်းစာတွင် သတင်းသမားအဖြစ် လုပ်ကိုင်နေသော ဆာလတ်အယ်လ်ရှီဟီက မြေယာမြေခွဲဝေမှုတွင် ဗဟိုတရားရုံးအနေဖြင့် လာဘ်စားသည်ဆိုကာ စွပ်စွဲရေးသားမှုများပါဝင်သည့် သတင်းဆောင်းပါးများ ရေးသားခဲ့သည့်အတွက် ထိုသို့ဖမ်းဆီးခံခဲ့ရခြင်းဖြစ်ကြောင်း ဆော်ဒီတက်ကြွလှုပ်ရှားသူများနှင့် မီဒီယာများက သတင်းဖော်ပြခဲ့သည်။

လွန်ခဲ့သောနှစ်နှစ်ကတည်းက စီးပွားရေးဆိုင်ရာများနှင့် ယဉ်ကျေးမှုပွင့်လင်းမြင်သာမှုရှိရေး၊ ပြုပြင်ပြောင်းလဲရေးများ လုပ်ဆောင်ခဲ့သည့် အိမ်ရှေ့မင်းသား မိုဟာမက်ဘင်ဆယ်လ်မန်သည် ၎င်း၏ပြုပြင်ပြောင်းလဲရေးမူဝါဒအရ မင်းသား၊ ဝန်ကြီးများနှင့် သန်းကြွယ်သူဌေးများအပါအဝင် လူပေါင်း ၂၀၀ကျော်ကို ဖမ်းဆီးရေးအမိန့် ထုတ်ပြန်ခဲ့သည်။ အကျင့်ပျက်ခြစားမှုများ နောက်မှအရေးယူသည့် လုပ်ဆောင်ချက်များ လိုက်လုပ်နေရသည့်အတွက် ဝေဖန်မှုများမှာ အင်အားကောင်းသည့် အသွင်ဆောင်ခဲ့ကြောင်း ၎င်းက ပြောကြားခဲ့သည်။

၎င်း၏ စီးပွားရေးအစီအစဉ်နှင့် နိုင်ငံခြားရေးမူဝါဒသည် ခက်ခဲမှုများနှင့် ရင်ဆိုင်နေရကြောင်း အရပ်ဘက်လွတ်လပ်သော အဖွဲ့များက ပြောခဲ့သည်။ ထို့အပြင် လွတ်လပ်စွာ ဖော်ထုတ်ခွင့်သည်လည်း ယခင်ကထက် ပိုမိုတင်းကျပ်လာကြောင်း အဆိုပါအဖွဲ့များက ဆက်လက်ပြောကြားခဲ့သည်။

**ရိုက်တာ**

## တရုတ်နိုင်ငံတွင် ဆီးနှင်းများ စံချိန်တင်ကျဆင်း

**ပေကျင်း ဇန်နဝါရီ ၆**

၂၀၁၈ခုနှစ် နှစ်သစ်မှစကာ တရုတ်နိုင်ငံတွင် ပထမဆုံးအကြိမ် ဆီးနှင်းထူထပ်စွာကျဆင်းခဲ့ရာ ယခုအချိန်ထိ ဆက်လက်ကျဆင်းလျက်ရှိသောကြောင့် နိုင်ငံတွင်းရှိ ပြည်သူများ အန္တရာယ်ရှိရုံသာမက မော်တော်ယာဉ်သွားလာရေးတွင်လည်း များစွာအနှောင့်အယှက်ဖြစ်ရကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဇန်နဝါရီ ၆ ရက်က ဖော်ပြခဲ့သည်။

ယနေ့ နေ့လယ်ပိုင်းကတည်းက ကျင်းစုပြည်နယ်၏ အဝေးပြေးလမ်းပိုင်း ၁၃ ခုတွင် ဆီးနှင်းများထူထပ်စွာ ဆက်လက်ကျဆင်းလျက်ရှိသောကြောင့် လမ်းချော်နိုင်ပြီး အန္တရာယ်ရှိသောကြောင့် အဆိုပါလမ်းများကို ပိတ်ထားခဲ့ရကြောင်း ပြည်နယ်ပို့ဆောင်ရေးဌာနက ပြောကြားခဲ့သည်။

အိမ်နီးချင်း အန်ဟွေးပြည်နယ်တွင်လည်း ဆီးနှင်းထူထပ်စွာ ကျဆင်းမှုများ မြို့ပေါင်း ကိုးမြို့ရှိ အများပြည်သူ အပန်းဖြေရာနေရာ ၅၁ နေရာတွင် ဖြစ်ပွားလျက်ရှိသောကြောင့် အဆိုပါ နေရာများကို ပိတ်ထားခဲ့ရကြောင်း ပြည်နယ်ခရီးသွားလာရေးအာဏာပိုင်က ပြောခဲ့သည်။ ၂၀၀၈ ခုနှစ်ကတည်းက ဆီးနှင်းများ ဆိုးရွားစွာကျဆင်းခဲ့ရာ ယခုအချိန်ထိ ၁၃ ဦး သေဆုံးခဲ့ကြောင်း၊ စီးပွားရေးဆိုင်ရာ ဆုံးရှုံးမှုများလည်း ဖြစ်ပွားခဲ့ကြောင်း၊ လယ်ယာလုပ်ငန်းများလည်း ပျက်စီးခဲ့ကြောင်း ပြည်နယ်အစိုးရက ပြောခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယနိုင်ငံမြောက်ပိုင်းတွင် အအေးလှိုင်းဖြစ်မှုကြောင့် လူလေးဦး သေဆုံး

**နယူးဒေလီ ဇန်နဝါရီ ၆**

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဥတ္တရာပရာဒေ့ရှ်ပြည်နယ်၌ အအေးလှိုင်းဖြစ်မှုကြောင့် လူလေးဦးသေဆုံးသွားခဲ့ကြောင်း သက်ဆိုင်ရာ တာဝန်ရှိသူများက မကြာသေးမီက ပြောခဲ့သည်။

အအေးလှိုင်းဖြစ်မှုကြောင့် သေဆုံးသူများမှာ ဥတ္တရာပရာဒေ့ရှ်ပြည်နယ် မူဇက်ဖ်ဖာနာဂါနှင့် ရှမ်လီခရိုင်မှဖြစ်ကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၏ ပြည်နယ်အချို့တွင် လွန်ခဲ့သည့် ရက်ပိုင်းက အပူချိန်သည် စံချိန်တင် ကျဆင်းခဲ့ကြောင်းသိရပြီး ၃ ဒသမ ၄ ဒီဂရီ ဆဲလ်ဆီးရက်စ်အထိ ကျဆင်းခဲ့ကြောင်း သိရသည်။

အအေးလွန်ကဲမှုကြောင့် မူဇက်ဖ်ဖာနာဂါခရိုင်၌ နေထိုင်သည့် အသက် ၇၀ အရွယ် အဘိုးအိုတစ်ဦး မီရန်ပါလ်မြို့တွင် သေဆုံးခဲ့သလို အသက် ၄၀ အရွယ် အမျိုးသားတစ်ဦးလည်း အအေးလွန်ကဲမှုကြောင့် ဂျန်စာတာမြို့တွင် သေဆုံးခဲ့သည်။

ထို့အပြင် အသက် ၅၀ အရွယ် အလုပ်သမားတစ်ဦးလည်း မူဇက်ဖ်ဖာနာဂါခရိုင် ဗီဟာရီဂါကျေးရွာ၌ သေဆုံးခဲ့ပြီး အသက် ၄၈ နှစ်အရွယ် အမျိုးသားတစ်ဦးလည်း ရှမ်လီရထားဘူတာရုံအနီး၌ သေဆုံးခဲ့သည်။

မြို့တော်နယူးဒေလီအပါအဝင် အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ နေရာအနှံ့အပြားတွင် အအေးဒဏ်ကို ဆိုးရွားစွာ ခံစားနေရပြီး နှစ်သစ်ကူးအချိန်မှစကာ နေ့စဉ် နွေးနွေးထွေးထွေးနေနေကြရကြောင်း သိရသည်။

**ဆင်ဟွာ**



# နိုင်ငံတကာ သတင်းတိုထွာ

## ပြုံယမ်း-ပေကျင်း လေကြောင်းပျံသန်းမှုများကို မြောက်ကိုရီးယား လျှော့ချ

**ပြုံယမ်း ဇန်နဝါရီ ၆**

မြောက်ကိုရီးယားနိုင်ငံပိုင် လေကြောင်းလိုင်းသည် ပြုံယမ်းနှင့် ပေကျင်းသို့ ဆက်သွယ်ပျံသန်းနေသည့် ပုံမှန်လေကြောင်းလိုင်းများအရေအတွက်ကို လျှော့ချလိုက်ကြောင်း သိရသည်။

Air Koryo လေကြောင်းလိုင်းက ယခုလမှစတင်ကာ အပတ်စဉ်လေကြောင်းခရီးစဉ်ပျံသန်းမှု သုံးခုမှ ငါးခုအထိ လျှော့ချလိုက်ကြောင်း ပြောကြားခဲ့သည်။ လျှော့ချလိုက်သည့် လေကြောင်းဝန်ဆောင်မှုများကို လာမည့် ဖေဖော်ဝါရီလကုန်ပိုင်းလောက်တွင် ပြန်လည်ပြေးဆွဲမှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

Air Koryo လေကြောင်းလိုင်းသည် ပြုံယမ်းနှင့် တရုတ်နိုင်ငံအရှေ့မြောက်ပိုင်း ရှန်ယမ်းတို့ကို ဆက်သွယ်ထားသည့် လေကြောင်းခရီးစဉ်များကိုလည်း ယခုလလယ်မတိုင်မီအချိန်ထိ ခေတ္တရပ်နားထားခဲ့ကြောင်း ပြောကြားခဲ့သည်။ လေကြောင်းဝန်ဆောင်မှုများတွင် ယခုကဲ့သို့ အပြောင်းအလဲများ ပြုလုပ်ခဲ့မှုနှင့်ပတ်သက်၍ လေကြောင်းလိုင်းက အကြောင်းပြချက် ပေးခဲ့ခြင်းမရှိပေ။

ကျွမ်းကျင်သူများ၏ ပြောကြားချက်အရ မြောက်ကိုရီးယားနိုင်ငံအပေါ် ကုလသမဂ္ဂကချမှတ်ခဲ့သည့် အရေးယူပိတ်ဆို့မှုများကြောင့် လေကြောင်းခရီးစဉ်များကို အသုံးပြုနေကြသည့် လုပ်ငန်းရှင်ခရီးသွားအရေအတွက်သည် မြန်မြန်ဆန်ဆန်လျော့ကျလာခဲ့ကြောင်း သိရသည်။ **အင်န်အိတ်ချ်ကေ**

## အာဖဂန်နစ္စတန်၌ ဗုံးပေါက်ကွဲရာ လူပေါင်း ၁၁ ဦးသေဆုံး

**ကဘူးလ် ဇန်နဝါရီ ၆**

အာဖဂန်နစ္စတန်နိုင်ငံမြို့တော် ကဘူးလ်၌ ဇန်နဝါရီ ၅ ရက်က ဗုံးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူပေါင်း ၁၁ ဦးသေဆုံးခဲ့ပြီး ၂၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း အာဖဂန်နစ္စတန်အများပြည်သူကျန်းမာရေးဌာနမှ ပြောခဲ့သည်။

သေဆုံးသူ ၁၁ ဦးအနက် ငါးဦးမှာ ရဲတပ်ဖွဲ့ဝင်များဖြစ်ပြီး ဒဏ်ရာရရှိသူအချို့မှာ စိုးရိမ်ရသဖြင့် သေဆုံးသူစာရင်း မြင့်တက်လာနိုင်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောခဲ့သည်။

ဗုံးဖောက်ခွဲသူသည် ဆေးခြောက်နှင့် အရက်ရောင်းသည့် ဆိုင်၌ ရဲများက ပိတ်နေစဉ် ဗုံးဖောက်ခွဲခဲ့ခြင်းဖြစ်ပြီး လူအုပ်အတွင်း ဝင်ရောက်ဖောက်ခွဲခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

၂၀၁၇ ခုနှစ် နှစ်ကုန်ပိုင်းတွင် အာဖဂန်နစ္စတန်နိုင်ငံ မြို့တော်၌ တိုက်ခိုက်မှုများ မကြာခဏ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ထရန့်ရဲ့ စွပ်စွဲချက်တွေကို တုံ့ပြန်ချေဖျက်လိုက်တဲ့ ပါကစ္စတန်

**ခြူးစန္ဒီနွေး**




**အကြမ်းဖက်တိုက်ဖျက်မှုလုပ်ငန်းများ မအောင်မြင်**

နှစ်သစ်ကိုကူးပြောင်းလာတာဆိုရင် ရက်ပိုင်းအတွင်းသာရှိပါသေးတယ်။ ဒါပေမယ့် အမေရိကန်သမ္မတ ထရန့်ရဲ့ တွစ်တာပေါ်က စစ်ပွဲကတော့ ဆက်လက်အရှိန်အားကောင်းဆဲပါပဲ။ ဂျေရုဆလင်ကို အစ္စရေးနိုင်ငံရဲ့ မြို့တော်အဖြစ် သတ်မှတ်ပြီးတဲ့နောက် ထရန့်ရဲ့ နောက်ထပ်ဦးတည်ချက်ကတော့ ပါကစ္စတန်လို့ ဆိုရမလိုပါပဲ။ နှစ်သစ်ကို ကူးပြောင်းလျှင်ကူးပြောင်းချင်း ထရန့် ပထမဦးဆုံး တွစ်တာပေါ်မှာ ရေးခဲ့တာကတော့ ပါကစ္စတန်နဲ့ ပတ်သက်တဲ့ ကိစ္စပါပဲ။ ပါကစ္စတန်နိုင်ငံဟာ အမေရိကန်ဆီက ဒေါ်လာတွေ သန်းနဲ့ချီပြီး အရယူထားပေမယ့် အကြမ်းဖက်တိုက်ဖျက်မှုလုပ်ငန်းစဉ်တွေမှာတော့ အောင်မြင်အောင် လုပ်ဆောင်နိုင်စွမ်း မရှိဘူးလို့ သမ္မတထရန့်က စွပ်စွဲထားပါတယ်။

**ထရန့်၏ စွပ်စွဲမှု**

တနင်္လာနေ့မှာတော့ ထရန့်ဟာ သူရဲ့ တွစ်တာစာမျက်နှာပေါ်ကနေ တစ်ဆင့် ပါကစ္စတန်ဟာ လိမ်ညာနေတဲ့ တိုင်းပြည်လို့ စွပ်စွဲလိုက်ပါတယ်။ အာဖဂန်နစ္စတန်မှာ အမေရိကန်တို့ တိုက်ထုတ်နေတဲ့ အကြမ်းဖက်သမားတွေအတွက် ပါကစ္စတန်ဟာ ခိုလှုံရာတစ်ခုအဖြစ် လုံခြုံစွာရှိနေတယ်လို့ ပြောဆိုခဲ့ပါတယ်။ ထရန့်ရဲ့ ဒီလိုမျိုး စွပ်စွဲတဲ့စကားတွေ တွစ်တာပေါ်မှာ ရေးသားပြီးတဲ့နောက်မှာ ပါကစ္စတန်နိုင်ငံခြားရေးဝန်ကြီး Khawaja Muhammad Asif က ဒီစကားတွေဟာ အရေးမပါဘူးလို့ ချေပပြောဆိုခဲ့ပါတယ်။ တနင်္လာနေ့ နှောင်းပိုင်းမှာပဲ ပါကစ္စတန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီး David Hale ကို အစ္စလာမ္မာဘတ်မှာရှိတဲ့ နိုင်ငံခြားရေးဝန်ကြီးရုံးကို ဆင့်ခေါ်ခဲ့ပါတယ်။ ထရန့်ရဲ့ စကားကို ချေဖျက်ဖို့ရာ သတင်းမီဒီယာတွေနဲ့ နိုင်ငံရဲ့ အမျိုးသားလုံခြုံရေးကောင်စီဟာလည်း အလုပ်ရှုပ်သွားခဲ့ပါတယ်။ ပါကစ္စတန်ဘက်က အစည်းအဝေးထိုင်ပြီး သွားတဲ့နောက်မှာတော့ သင့်တော်တဲ့ ထုတ်ပြန်ချက်တစ်ခုကို ထုတ်ပြန်ပေးနိုင်ခဲ့ပါတယ်။ အဲဒါကတော့ အမေရိကန်ဘက်က ဘယ်လိုပဲစွပ်စွဲစွပ်စွဲ အာဖဂန်ရဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အထောက်အကူပြုနိုင်အောင် အရင်အတိုင်းပဲ ဆက်လက်လုပ်ဆောင်သွားမယ်ဆိုတာပါပဲ။ ထရန့်ရဲ့ စကားနဲ့ ပါကစ္စတန်ရဲ့ တုံ့ပြန်မှုဟာ ဒီနှစ်နိုင်ငံကြားက ဆက်ဆံရေးကို ထင်ဟပ်လျက်ရှိပါတယ်။ ပါကစ္စတန်နဲ့ အမေရိကန်တို့ရဲ့ ဆက်ဆံရေးဟာ မကြာသေးမီ လများအတွင်းကစလို့ အခြေအနေတင်းမာလာပါတယ်။

**အားမလို အားမရဖြစ်**

ပါကစ္စတန်ကို လာရောက်ကြတဲ့ အမေရိကန်အရာရှိတွေဟာ ပါကစ္စတန်နိုင်ငံနဲ့ပတ်သက်ပြီး အားမလိုအားမရဖြစ်ကာ စိတ်ပျက်မိကြောင်း ခဏခဏ ထုတ်ဖော်ပြောကြားကြတယ်။ ပါကစ္စတန်ဟာ သူရဲ့နယ်စပ်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရာမှာတော့ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပါဘူး။ ဒါပေမယ့်လည်း ပါကစ္စတန်အရာရှိတွေ တုံ့ပြန်တာကတော့ ပါကစ္စတန်ဟာ အကြမ်းဖက်မှုတန်ပြန် တုံ့ပြန်ရေးအတွက် လုပ်သင့်လုပ်ထိုက်တာထက်ပိုပြီး လုပ်ဆောင်ပြီးပြီလို့ ဆိုပါတယ်။ ဒါ့အပြင် အမေရိကန်ဟာ အာဖဂန်စစ်ပွဲမှာ သူ့ဘာသာ မအောင်မမြင်ဖြစ်တာကို ပါကစ္စတန်အပေါ် လွှဲချဖို့ ကြိုးစားနေတာပဲဖြစ်တယ်လို့လည်း ပါကစ္စတန်အရာရှိတွေက ပြန်လည်တုံ့ပြန်ကြပါတယ်။ အာဖဂန်တာလီဘန်တွေနဲ့ မဟာမိတ်ဖြစ်တဲ့ ဟက်ကာနီအဖွဲ့ကို ပါကစ္စတန်က ခိုလှုံရာပေးထားတယ်ဆိုတဲ့ အချက်ကိုလည်း ပါကစ္စတန်ဘက်က ငြင်းဆိုထားပါတယ်။ အဲဒီအဖွဲ့ဟာ အာဖဂန်နစ္စတန်နိုင်ငံအတွင်းမှာ ပြင်းထန်တဲ့ အကြမ်းဖက်မှုတွေကို ဆောင်ရွက်နေတဲ့ အဖွဲ့လည်းဖြစ်ပါတယ်။

**နယ်စပ်ခြံစည်းရိုးရှိမှ ကောင်းကောင်းအလုပ်ဖြစ်**

လွန်ခဲ့တဲ့ သီတင်းပတ်အတွင်းမှာ ပြုလုပ်ခဲ့တဲ့ သတင်းစာရှင်းလင်းပွဲမှာတော့ ပါကစ္စတန်တပ်ဖွဲ့က ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ် အဆစ်ဖ်ဂါဖော်က အမေရိကန်ဘက်က ပါကစ္စတန်မြေပေါ်မှာ ကိုယ့်သဘောနဲ့ကိုယ် အကြမ်းဖက်တိုက်ဖျက်ရေးတွေ လုပ်ဆောင်နေတာကို သတိပေးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ အာဖဂန်နိုင်ငံဘက်ကနေ အကြမ်းဖက်သမားတွေ စိမ့်ဝင်မှုကို ထိန်းချုပ်နိုင်ဖို့ဆိုရင် နှစ်နိုင်ငံနယ်စပ်မှာ ခြံစည်းရိုးရှိမှ ကောင်းကောင်းအလုပ်ဖြစ်မှာပါ။

**ဒုက္ခသည်တွေ နေရပ်ပြန်ပို့ဖို့လို**

အာဏာပိုင်တွေရဲ့ အဆိုအရ ပါကစ္စတန်မှာ အာဖဂန်ဒုက္ခသည် ၂ ဒသမ ၇ သန်းခန့် နေထိုင်လျက်ရှိတယ်လို့ သိရပါတယ်။ ဒီလူတွေကို နေရပ်ပြန်ပို့ပေးဖို့လည်း လိုပါတယ်။ ဘာလို့လဲဆိုရင် အာဖဂန်စစ်သွေးကြွတွေကို နှိမ်နင်းတဲ့အခါ ဒီလူတွေနဲ့ မှားယွင်းရှုပ်ထွေးမှုတွေ ဖြစ်ပေါ်လာနိုင်လို့ပါပဲ။ တာလီဘန်နဲ့ အခြားသော အကြမ်းဖက်အုပ်စုတွေက စစ်သွေးကြွတွေဟာ ဒုက္ခသည်စခန်းတွေမှာ ဝင်ရောက်ပုန်းအောင်း ခိုလှုံနေနိုင်လို့ပါပဲ။

**ရှုံးသွပ်မှုတစ်ခုသာဖြစ်**

၂၀၀၂ ခုနှစ်ကတည်းကစလို့ ပါကစ္စတန်ကို အမေရိကန်က ဒေါ်လာ ၃၃ ဘီလီယံ ထောက်ပံ့ပေးအပ်ခဲ့တာဟာ ရှုံးသွပ်မှုတစ်ခုသာဖြစ်တယ်ဆိုတဲ့ ထရန့်ရဲ့ စကားဟာ မှားနေတယ်လို့ ပါကစ္စတန်အရာရှိတွေက အခိုင်အမာပဲ ပြောဆိုခဲ့ကြပါတယ်။ ပါကစ္စတန်ဘက်က သူတို့ရဲ့ အပြုအမူကို ပြောင်းလဲဖို့ဆိုပြီး အမေရိကန်ဟာ စစ်အသုံးစရိတ်ထဲကနေ ဒေါ်လာ ၂၂၅ သန်းကို ဖြတ်တောက်ဖို့ စဉ်းစားနေပါတယ်။ ၂၀၁၆ ခုနှစ်မှာ ဒီငွေတွေကို တရားဝင်ခွင့်ပြုခဲ့တာဖြစ်ပါတယ်။ မကြာသေးမီရက်ပိုင်းအတွင်းကပဲ ထရန့်ရဲ့ အုပ်ချုပ်ရေးအရာရှိတွေဟာ ပါကစ္စတန်ကို ဒီငွေတွေမပေးတော့ဘူးဆိုတာ ကြေညာသင့် မသင့် ငြင်းခုံခဲ့ကြပါတယ်။ ပါကစ္စတန်ဘက်ကတော့ ၂၂၅ သန်းဆိုတာ သူတို့ရဲ့ GDP နဲ့ ဆိုရင် သေးငယ်တဲ့ ပမာဏသာဖြစ်တယ်လို့ ဆိုပါတယ်။ တရုတ်ဆီကလည်း ထောက်ပံ့မှုတွေ ရထားတော့ အရေးစိုက်စရာ မလိုဘဲ အေးအေးဆေးဆေးဖြစ်နေပါတယ်။ ပါကစ္စတန်သံအမတ်ဟောင်းတစ်ဦးဖြစ်တဲ့ မိုဟာမက် နာဝပ်ဇ် ချောင်ဒရီကတော့ "ကမ္ဘာကြီး အထူးသဖြင့် အမေရိကန်ပြည်ထောင်စုဟာ ကျွန်တော်တို့ရဲ့ ပြောစကားတွေကို လျစ်လျူရှုထားတယ်"လို့ ပြောပါတယ်။ "ဒီတော့ ကျွန်တော်တို့ဟာ ဘာလုပ်လုပ်အငြိုးခံနေရတယ်" လို့ ပြောပါတယ်။

**ပါကစ္စတန်၏ အရေးပါမှုကို လျစ်လျူရှုလို့မရ**

တကယ်တော့ ပါကစ္စတန်ဆီ ထောက်ပံ့မှုတွေ ရုပ်သိမ်းမယ်လို့ ခြိမ်းခြောက်ခဲ့တာ ထရန့်လက်ထက်ကျမှ မဟုတ်ပါဘူး။ သူ့အရင် သမ္မတအိုဘားမားလက်ထက်တုန်းကလည်း ဒီလိုပါပဲ။ ဒါပေမယ့် ဒီခြိမ်းခြောက်မှုဟာ ပါကစ္စတန်အတွက် အရေးစိုက်စရာကိစ္စတစ်ခု ဖြစ်မလာခဲ့ပါဘူး။ ဘာလို့လဲဆိုရင် အာဖဂန်စစ်ပွဲမှာ ပါကစ္စတန်ရဲ့ အရေးပါမှုကို လျစ်လျူရှုထားလို့ မရလို့ပါပဲ။ ပါကစ္စတန်နဲ့ အာဖဂန်တို့ဟာ နယ်နိမိတ်ချင်းထိစပ်နေတဲ့အတွက် အမေရိကန်ဟာ အာဖဂန်မှာ တာလီဘန်တွေကို နှိမ်နင်းဖို့ဆိုရင် ပါကစ္စတန်နဲ့ ဆက်ဆံရေးကောင်းနေဖို့ လိုပါတယ်။

**ပါကစ္စတန်အပေါ် ဖိအားတွေပေးထား**


အခုအချိန်မှာတော့ ပါကစ္စတန်နဲ့ အမေရိကန်ရဲ့ ဆက်ဆံရေးဟာ အတော်လေးတင်းမာလာပါပြီ။ ပါကစ္စတန်ဟာ အမေရိကန်ရဲ့ ထောက်ပံ့ကြေးတွေလိုချင်ရင် ဒီထက်ပိုပြီး အကြမ်းဖက်မှုတိုက်ဖျက်ရေးကို ဆောင်ရွက်ဖို့လိုတယ်လို့ အမေရိကန်ဘက်က သတိပေးထားပါတယ်။ ဒါ့အပြင် ပါကစ္စတန်ဟာ ဘာသာရေးဆိုင်ရာ လွတ်လပ်ခွင့်မှာ ချိုးဖောက်မှုအချို့ရှိနေတယ်ဆိုပြီး စောင့်ကြည့်ရမယ့် နိုင်ငံစာရင်းထဲမှာ ထည့်သွင်းထားပါတယ်။ ပါကစ္စတန်ကို ဒေါ်လာတွေ ဘီလီယံနဲ့ချီပြီး ထောက်ပံ့ထားခဲ့ပေမယ့် ပြန်ရလိုက်တာကတော့ လိမ်ညာမှုပါပဲ။ ပါကစ္စတန်ဟာ အကြမ်းဖက်သမားတွေအတွက် ဆိပ်ကမ်းသဖွယ်ဖြစ်နေခဲ့တယ်လို့ ဩဂုတ်လအတွင်းက သမ္မတထရန့်က ပြောခဲ့ပါတယ်။ ဒါ့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး တေလာဆန်ကလည်း ပါကစ္စတန်အပေါ် ဖိအားတွေ ပေးထားပါတယ်။


**လိုတာထက်ပိုပြီး အကြမ်းဖက်သမားတွေကို နှိမ်နင်းခဲ့**

ထရန့်ရဲ့ တွစ်တာစာမျက်နှာပေါ်မှာ ရေးသားခဲ့တာနဲ့ပတ်သက်ပြီး ပါကစ္စတန်ဘက်က ဒေါသတကြီး တုံ့ပြန်ကြပေမယ့် ထောက်ခံသူတွေလည်း ရှိပါတယ်။ သူတို့ကတော့ အာဖဂန်နိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနဲ့ အာဖဂန်သမ္မတဟောင်း ဟာမစ်ကာဇိုင်းတို့ပဲဖြစ်တယ်။ ဟာမစ်ကာဇိုင်းဟာလည်း သူ့အုပ်ချုပ်စဉ်အတောအတွင်း ပါကစ္စတန်နိုင်ငံကြောင့် အတော်လေးစိတ်ရှုပ်ထွေးခဲ့ရပုံပါပဲ။ အိမ်နီးချင်း အိန္ဒိယနိုင်ငံဟာလည်း ပါကစ္စတန်ကို အကြမ်းဖက်သမားတွေ မွေးထုတ်ရာတိုင်းပြည်အဖြစ် စွပ်စွဲခဲ့ဖူးပါတယ်။ ပါကစ္စတန်ဘက်ကတော့ သူတို့ဟာ လိုတာထက်တောင်ပိုပြီး အကြမ်းဖက်သမားတွေကို နှိမ်နင်းမှုတွေ ပြုလုပ်ခဲ့တယ်လို့ အခိုင်အမာပြောထားပါတယ်။ အမေရိကန်ဘက်က ထောက်ပံ့ကြေးပေးတာတွေကို ရပ်ဆိုင်းဖို့ စဉ်းစားနေပေမယ့် ဒါဟာ ပါကစ္စတန်ကို ကောင်းကောင်းဖိအားပေးနိုင်ပါ့မလား။ ပါကစ္စတန်ကတော့ အများက စွပ်စွဲထားသလို သူ့နိုင်ငံဟာ အကြမ်းဖက်သမားတွေအတွက် ခိုလှုံရာနေရာ မဟုတ်ဘူးဆိုရင် ဒါကို သက်သေပြဖို့ အချိန်တန်ပါပြီ။ ။

**ကိုးကား- နယူးယောက်တိုင်းမ်**

> **"ပါကစ္စတန်ဟာ သူရဲ့နယ်စပ်မှာ အကြမ်းဖက်မှုတိုက်ဖျက်ရေးအတွက် ဆောင်ရွက်ရာမှာတော့ အောင်မြင်အောင် စွမ်းဆောင်နိုင်ခဲ့ခြင်း မရှိပါဘူး၊ ဒါပေမယ့်လည်း ပါကစ္စတန်အရာရှိတွေ တုံ့ပြန်တာကတော့ ပါကစ္စတန်ဟာ အကြမ်းဖက်မှု တန်ပြန် တုံ့ပြန်ရေးအတွက် လုပ်သင့် လုပ်ထိုက်တာထက်ပိုပြီး လုပ်ဆောင်ပြီးပြီလို့ ဆို"**





# မြန်မာနိုင်ငံ ကုမ္ပဏီများ ဥပဒေ ပြဋ္ဌာန်း

*ယမန်နေ့မှအဆက်*

(ဃ) စာရင်းစစ်များသည် စစ်ဆေးအစီရင်ခံထားသော စာရင်းတစ်ရပ်ရပ်ကို ကုမ္ပဏီထံ တင်ပြရန်အတွက် ကုမ္ပဏီ၏ အထွေထွေအစည်းအဝေးကျင်းပရန် အကြောင်းကြားစာကို လက်ခံရရှိခွင့်ရှိသည့်အပြင် ထိုအစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသည်။ ထို့အပြင်စာရင်းများနှင့် စပ်လျဉ်း၍ ရေးသားဖော်ပြချက် သို့မဟုတ် ရှင်းလင်းချက် တစ်စုံတစ်ရာ ပြုလုပ်နိုင်သည်။

( င ) ဤအခန်းပါ ပြဋ္ဌာန်းချက်များနှင့်အညီစာရင်းစစ်တစ်ဦး နုတ်ထွက်လျှင် သို့မဟုတ် အစားထိုး ခန့်အပ်ခဲ့လျှင် နုတ်ထွက်သည့် သို့မဟုတ် အစားထိုး ခန့်အပ်ခံရသည့် စာရင်းစစ်သည် ၎င်း၏တာဝန်များ၊ ကျွမ်းကျင်ပညာရှင်၏ တာဝန်ဝတ္တရားများနှင့် ညီညွတ်စွာ သဘောရိုးဖြင့်သင့်လျော်စွာ ဆောင်ရွက်၍ ကုမ္ပဏီ၏ ငွေရေးကြေးရေး လုပ်ငန်းများနှင့် သက်ဆိုင်သော ရေးသားဖော်ပြချက် သို့မဟုတ် အစီရင်ခံစာကို လိုအပ်သည်ဟု ထင်မြင်လျှင် ပြုလုပ်နိုင်သည်။ ဒါရိုက်တာများသည် အဆိုပါအစီရင်ခံစာကို လက်ခံရရှိသည့်နေ့မှ ၂၈ ရက်အတွင်း ကုမ္ပဏီတွင်ပါဝင်သူများထံသို့ ပေးပို့ရမည့်အပြင် မှတ်ပုံတင်အရာရှိထံသို့ တင်ပြရမည်။ ဒါရိုက်တာများသည် လိုအပ်သည်ဟု ထင်မြင်ပါက စာရင်းစစ်က တင်ပြလာသည့် အစီရင်ခံစာ အပေါ်တွင် သဘောထားမှတ်ချက် ရေးသားဖော်ပြနိုင်သည်။

( စ ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များကို ဤဥပဒေပါ အခြားသော ပြဋ္ဌာန်းချက် တစ်ရပ်ရပ် သို့မဟုတ် အခြားသက်ဆိုင်ရာဥပဒေတစ်ရပ်ရပ်တွင်ပါရှိသော သတ်မှတ်ချက်များကို ကန့်သတ်တားမြစ်ခြင်းမရှိစေဘဲ လိုက်နာကျင့်သုံးရမည်။

၂၈၁။ စာရင်းစစ်အစီရင်ခံစာတစ်ရပ်ရပ်အား ပုဒ်မ ၂၈၀ ပါသတ်မှတ်ချက်များနှင့်ညီညွတ်ခြင်းမရှိဘဲပြုလုပ်ခဲ့လျှင် ထိုသို့ပျက်ကွက်မှုတွင် သိလျက်ဖြင့် တမင်ပါဝင်သော စာရင်းစစ်တစ်ဦးစီသည်ဒဏ်ကြေးငွေကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာများပါဝင်သောကုမ္ပဏီများနှင့် သက်ဆိုင်ခြင်း**

၂၈၂။ အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ်ပါဝင်သော ကုမ္ပဏီနှင့်စပ်လျဉ်းသည့် ကိစ္စရပ်တွင်အောက်ဖော်ပြပါ ပြဋ္ဌာန်းချက်များကို ပုဒ်မ ၂၆၀၊ ၂၇၉ နှင့် ၂၈၀ တို့တွင် ပါရှိသော ပြဋ္ဌာန်းချက်တစ်ရပ်ရပ်နှင့်သက်ဆိုင်ခြင်းမရှိစေဘဲ လိုက်နာဆောင်ရွက်ရမည်-

(က) အစိုးရကပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ်ပါဝင်သော ကုမ္ပဏီ၏ စာရင်းစစ်အား ပြည်ထောင်စုစာရင်းစစ်ချုပ်၏ အကြံပြုချက်အရ ပြည်ထောင်စုဝန်ကြီးက ခန့်အပ်နိုင်သည် သို့မဟုတ် ပြန်လည်ခန့်အပ်နိုင်သည်။

( ခ ) ပြည်ထောင်စုစာရင်းစစ်ချုပ်တွင် အောက်ပါလုပ်ပိုင်ခွင့်များရှိသည် -

(၁) ပုဒ်မခွဲ (က) နှင့်အညီ ခန့်အပ်ထားသော စာရင်းစစ်ကကုမ္ပဏီ၏ စာရင်းများကို စစ်ဆေးရမည့်နည်းလမ်းများအား ညွှန်ကြားရန်နှင့် စာရင်းစစ်၏ အဆိုပါလုပ်ငန်းတာဝန်များကို ဆောင်ရွက်ခြင်းနှင့် သက်ဆိုင်သော ကိစ္စရပ်များနှင့်စပ်လျဉ်း၍ အဆိုပါစာရင်းစစ်ထံသို့ ညွှန်ကြားချက်များပေးရန်၊

(၂) ကုမ္ပဏီ၏ စာရင်းများကို ထပ်မံစစ်ဆေးခြင်း သို့မဟုတ် စမ်းသပ်စစ်ဆေးခြင်းတစ်ရပ်ရပ်ပြုလုပ်ရန်အတွက် ပုဂ္ဂိုလ်တစ်ဦးဦးသို့ အခွင့်အာဏာအပ်နှင်းထားပြီးအဆိုပါစာရင်းစစ်ဆေးမှုအတွက် မည်သူ့ကိုမဆို မည်သည့်ပုံစံဖြင့် အခွင့်အာဏာအပ်နှင်းခြင်းခံရသူထံသို့ အဆိုပါကိစ္စရပ်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ သို့မဟုတ် အခြားအချက်အလက်များကို ပြည်ထောင်စုစာရင်းစစ်ချုပ်က အထွေထွေ သို့မဟုတ် အထူးအမိန့်တစ်ရပ်ဖြင့် ညွှန်ကြားသည့်အတိုင်း ပေးအပ်စေရန်နှင့်

(၃) ပြည်ထောင်စုစာရင်းစစ်ချုပ်က သတ်မှတ်ထားသည့် အချိန်ကာလအတွင်း ကုမ္ပဏီ၏ စာရင်းများကို စစ်ဆေးရန် သို့မဟုတ် ထပ်မံစစ်ဆေးရန် သို့မဟုတ် စမ်းသပ်စစ်ဆေးရန်အတွက် ကုမ္ပဏီ၏ လက်ဝယ်ရှိ သို့မဟုတ် ကုမ္ပဏီ၏ စီမံမှုအောက်ရှိမှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကို ကုမ္ပဏီက ၎င်းထံသို့ တင်ပြရန်၊

( ဂ ) ကုမ္ပဏီကသတင်းအချက်အလက်များ၊ မှတ်တမ်းများ သို့မဟုတ် စာရွက်စာတမ်းများကိုပေးအပ်ရန် သို့မဟုတ် ပြုစုပေးရန်ချမှတ်သည့် အမိန့်တစ်ရပ်ကို ယခင်ကဖြစ်စေ၊ယခုဖြစ်စေ ကုမ္ပဏီ၏ အရာရှိ သို့မဟုတ် ဝန်ထမ်းတစ်ဦးဦးအဖြစ် တာဝန်ရှိသူထံသို့ လိပ်မူပေးပို့နိုင်သည်။ ဤပုဒ်မတွင် ပါရှိသော ပြဋ္ဌာန်းချက်များအားလုံးသည် ကုမ္ပဏီနှင့် သက်ဆိုင်သကဲ့သို့ အဆိုပါပုဂ္ဂိုလ်များနှင့်လည်း သက်ဆိုင်စေရမည်။

(ဃ) အထက်ဖော်ပြပါစာရင်းစစ်သည် ၎င်း၏စာရင်းစစ်အစီရင်ခံစာမိတ္တူ တစ်စုံကို ပြည်ထောင်စုစာရင်းစစ်ချုပ်ထံသို့ တင်ပြရမည်ဖြစ်ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်က သင့်သည် ထင်မြင်သည့် နည်းလမ်းများဖြင့် မှတ်ချက်ပေးနိုင်ခွင့် သို့မဟုတ် ဖြည့်စွက်ခွင့်ရှိရမည်။

**လွှဲအပ်ခြင်း**

၂၈၃။ ပြည်ထောင်စုစာရင်းစစ်ချုပ်က ဆောင်ရွက်ရမည်ဖြစ်သော ပုဒ်မ ၂၈၂ ပါကိစ္စရပ်များကို အထွေထွေအားဖြင့်သော်လည်းကောင်း၊ အထူးအားဖြင့်သော်လည်းကောင်း ယင်း၏အခွင့်အာဏာ အပ်နှင်းခြင်းခံရသူတစ်ဦးဦးက ဆောင်ရွက်နိုင်သည်။

**ပြစ်မှုပြစ်ဒဏ်**

၂၈၄။ အစိုးရက ပိုင်ဆိုင်သည့် အစုရှယ်ယာတစ်ရပ်ရပ် ပါဝင်သော ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၂ အရ ပြုလုပ်သော အမိန့်တစ်ရပ်ရပ်ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုတွင်ပါဝင်သည့် ကုမ္ပဏီ၏ ဒါရိုက်တာ၊ အခြားအရာရှိများ သို့မဟုတ် ဝန်ထမ်းများ အားလုံးသည် နှစ်နှစ်ထက်မပိုသော ထောင်ဒဏ် သို့မဟုတ် ဒဏ်ကြေးငွေ ကျပ်သိန်း ၅၀ ကို ပေးဆောင်ရမည်။

**မှတ်တမ်းများကိုရရှိခွင့်နှင့် စစ်ဆေးကြည့်ရှုခွင့် စသည်တို့နှင့်စပ်လျဉ်းသည့် ဦးစားပေး အစုရှယ်ယာပိုင်ရှင်များ၏ အခွင့်အရေးများ**

၂၈၅။ ကုမ္ပဏီတစ်ခု၏ ဦးစားပေးအစုရှယ်ယာများနှင့် ဒီဘင်ချာများကို ပိုင်ဆိုင်သူများသည် ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းများ၊ စာရင်းစစ်များ၏ အစီရင်ခံစာများနှင့် ကုမ္ပဏီ၏ သာမန်အစုရှယ်ယာပိုင်ရှင်များက ရရှိသည့် အခြားအစီရင်ခံစာများကို ရရှိခွင့်နှင့် စစ်ဆေးကြည့်ရှုခွင့်ရှိသည်။

**အခန်း (၂၅)**

**အနုညာတစီရင်ဆုံးဖြတ်ခြင်း၊ မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား ညှိနှိုင်းသဘောတူခြင်းနှင့် အစုရှယ်ယာများဝယ်ယူနိုင်သည့် အခွင့်အရေး**

**အငြင်းပွားမှုကိစ္စရပ်များကို ခုံသမာဓိဖြင့် စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည့် ကုမ္ပဏီ၏ အခွင့်အာဏာ**

၂၈၆။ အငြင်းပွားမှုတစ်ရပ်ရပ်ကို ဖြေရှင်းရန်အတွက် ကုမ္ပဏီကဆောင်ရွက်နိုင်သည့် အခြားနည်းလမ်းတစ်ရပ်ရပ်ကို ကန့်သတ်တားမြစ်ထားခြင်းမရှိစေဘဲ ကုမ္ပဏီတစ်ခုသည် စာဖြင့်ရေးသားထားသော သဘောတူညီချက်ဖြင့် ကုမ္ပဏီနှင့် အခြားကုမ္ပဏီ သို့မဟုတ် အခြားပုဂ္ဂိုလ်တစ်ဦးဦးတို့အကြား ယခုသော်လည်းကောင်း၊ နောင်တွင်သော်လည်းကောင်း ဖြစ်ပေါ်လာမည့် အငြင်းပွားမှုတစ်ရပ်ရပ်ကိုအနုညာတစီရင်ဆုံးဖြတ်ခြင်းဥပဒေ သို့မဟုတ် အခြားသက်ဆိုင်ရာ ဥပဒေနှင့်အညီ ခုံသမာဓိဖြင့်စီရင်ဆုံးဖြတ်ရန်အတွက် တင်ပြနိုင်သည်။

**မြီရှင်များနှင့် ကုမ္ပဏီတွင် ပါဝင်သူများအကြား စေ့စပ်ပြေငြိမ်းနိုင်သည့် အခွင့်အာဏာ**

၂၈၇။ (က) ကုမ္ပဏီတစ်ခုနှင့် ယင်း၏မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များအကြားတွင်ဖြစ်စေ၊ ကုမ္ပဏီနှင့် ယင်းတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများအကြားတွင် ဖြစ်စေ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်အား အဆိုပြုတင်ပြသည့်အခါ တရားရုံးသည် ကုမ္ပဏီကဖြစ်စေ၊ ကုမ္ပဏီ၏ မြီရှင် သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများကဖြစ်စေ၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိကဖြစ်စေအကျဉ်းချုပ်ဖော်ပြချက်ဖြင့် လျှောက်ထားတင်ပြလာလျှင် တရားရုံးက ညွှန်ကြားသည့် နည်းလမ်းအတိုင်း မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင်ပါဝင်သူများ၏ အစည်းအဝေးတစ်ရပ်ကို ခေါ်ယူကျင်းပဆောင်ရွက်စေရန် အမိန့်ချမှတ်နိုင်သည်။

( ခ ) အစည်းအဝေး၌ ကိုယ်တိုင်ဖြစ်စေ သို့မဟုတ် ကိုယ်စားလှယ်ဖြင့်ဖြစ်စေ တက်ရောက်သောမြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများတွင်တန်ဖိုးလေးပုံသုံးပုံရှိသည့်အပြင် အရေအတွက်အများစုဖြင့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်အား သဘောတူညီခဲ့လျှင် ထိုစေ့စပ်ပြေငြိမ်းမှု သို့မဟုတ်စီစဉ်ဆောင်ရွက်မှု တစ်ရပ်ရပ်သည် တရားရုံးကခွင့်ပြုခဲ့လျှင် မြီရှင်များ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင်ပါရှိသော မြီရှင်များ သို့မဟုတ် ကုမ္ပဏီတွင်ပါဝင်သူများ သို့မဟုတ် အမျိုးအစားတစ်ရပ်တွင် ပါရှိသော ကုမ္ပဏီတွင် ပါဝင်သူများအားလုံးနှင့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းရန် ဆောင်ရွက်နေလျှင် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိနှင့် ကုမ္ပဏီ၏ ကြွေးမြီပေးဆပ်ရသူတစ်ဦးအပေါ်တွင် တရားဝင်စည်းနှောင်မှု ရှိစေရမည်။

( ဂ ) ပုဒ်မခွဲ (ခ) အရ ချမှတ်သည့်အမိန့်သည် ယင်းအမိန့်၏ တရားဝင်အတည်ပြုထားသည့် မိတ္တူမှန်တစ်စောင်ကို မှတ်ပုံတင်အရာရှိထံသို့ တင်ပြခြင်းမရှိလျှင် အကျိုးသက်ရောက်မှုမရှိစေရ။ အဆိုပါအမိန့်အားလုံး၏ မိတ္တူတစ်စုံကို ထိုအမိန့်အား ချမှတ်ပြီးနောက်တွင် ထုတ်ဝေသော ကုမ္ပဏီ၏ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းမိတ္တူတွင် ပူးတွဲထားရမည်။

(ဃ) တရားရုံးသည် ဤပုဒ်မအရ လျှောက်ထားမှုတစ်ခုခုကို လက်ခံရရှိပြီးနောက် မည်သည့်အချိန်တွင်မဆို လျှောက်ထားမှုအား အပြီးသတ်စီရင်ဆုံးဖြတ်ခြင်း မပြုမီအထိ တရားရုံးမှသင့်လျော်သည်ဟု ထင်မြင်သည့် စည်းကမ်းချက်များဖြင့် ကုမ္ပဏီအပေါ် တရားစွဲဆိုမှုတစ်ရပ်ရပ် စတင်ဆောင်ရွက်ခြင်း သို့မဟုတ် တရားစီရင်ဆောင်ရွက်မှု တစ်ရပ်ရပ်အား ဆက်လက်ဆောင်ရွက်ခြင်းကို ဆိုင်းငံ့ထားနိုင်သည်။

( င ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "ကုမ္ပဏီ" ဆိုသည်မှာ ဤဥပဒေအရ စာရင်းရှင်းလင်းဖျက်သိမ်းနိုင်သော ကုမ္ပဏီတစ်ရပ်ရပ်ကို ဆိုလိုသည်။ ဤပုဒ်မပါ ကိစ္စရပ်များအတွက် တရားစွဲဆိုထားသော သို့မဟုတ် အမိန့်ဒီဂရီတစ်ရပ်ရပ် လက်ခံရရှိထားသော အာမခံအကျိုးခံစားခွင့်မရရှိသော မြီရှင်များ (unsecured creditors) ကို အခြားသော အာမခံအကျိုးခံစားခွင့် မရရှိသော မြီရှင်များကဲ့သို့ အမျိုးအစားတစ်ရပ်တည်းဖြစ်သည်ဟု မှတ်ယူရမည်။

( စ ) တရားရုံးက ချမှတ်သည့် အမိန့်အပေါ် ဥပဒေနှင့်အညီတစ်ဆင့်မြင့် တရားရုံးသို့ အယူခံနိုင်သည်။

၂၈၈။ ကုမ္ပဏီတစ်ခုသည် ပုဒ်မ ၂၈၇၊ ပုဒ်မခွဲ (ဂ) ပါ ပြဋ္ဌာန်းချက်အား လိုက်နာရန် ပျက်ကွက်လျှင် ကုမ္ပဏီနှင့် ပျက်ကွက်မှုကို သိလျက်ဖြင့် တမင်ပြုလုပ်ခဲ့သည့် ကုမ္ပဏီ၏ ဒါရိုက်တာများ သို့မဟုတ် အခြားအရာရှိများတစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**စီစဉ်ဆောင်ရွက်မှုများနှင့် စေ့စပ်ပြေငြိမ်းမှုများအား လွယ်ကူစွာဆောင်ရွက်နိုင်စေရန်အတွက် ပြဋ္ဌာန်းချက်များ**

၂၈၉။ (က) ပုဒ်မ ၂၈၇ တွင် ဖော်ပြပါရှိသည့်အတိုင်း ကုမ္ပဏီနှင့် ပုဂ္ဂိုလ်တစ်ဦးဦးအကြား အဆိုပြုထားသော စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုတစ်ရပ်ရပ်ကို ခွင့်ပြုနိုင်ရန်အတွက် အဆိုပါပုဒ်မပါ ပြဋ္ဌာန်းချက်များအရ တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်အားတင်ပြလာသည့်အခါ စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား ကုမ္ပဏီတစ်ခုခုသို့မဟုတ် ကုမ္ပဏီများကို ပြန်လည်ဖွဲ့စည်းရန် သို့မဟုတ် ကုမ္ပဏီနှစ်ခု သို့မဟုတ် နှစ်ခုထက်ပိုသော ကုမ္ပဏီများကို ပေါင်းစည်းရန် ရည်ရွယ်သည့် စီမံချက်တစ်ရပ်အတွက် သို့မဟုတ်ယင်းစီမံချက်နှင့်စပ်လျဉ်း၍ အဆိုပြုခြင်းဖြစ်ကြောင်း၊ အဆိုပါစီမံချက်အရ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် စီမံချက်နှင့်သက်ဆိုင်သော ကုမ္ပဏီတစ်ခုခု၏ တာဝန်ယူဆောင်ရွက်မှု သို့မဟုတ် ပစ္စည်းအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ လွှဲပြောင်းပေးကြောင်း တရားရုံးကတွေ့ရှိလျှင် တရားရုံးသည် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ်စီစဉ်ဆောင်ရွက်မှုအား ခွင့်ပြုသည့်အမိန့်ဖြင့်သော်လည်းကောင်း၊ နောက်ဆက်တွဲ အမိန့်တစ်ရပ်ဖြင့်သော်လည်းကောင်း အောက်ပါကိစ္စရပ်အားလုံးအတွက်ဖြစ်စေ၊ ကိစ္စတစ်ရပ်ရပ်အတွက်ဖြစ်စေ စည်းကမ်းချက်များ ပြုလုပ်သတ်မှတ်နိုင်သည် -

(၁) လွှဲပြောင်းပေးသည့်ကုမ္ပဏီ၏ တာဝန်ယူဆောင်ရွက်မှုများနှင့် ပစ္စည်း သို့မဟုတ်တာဝန်ရှိမှုအားလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်း၊

(၂) လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက အခြားသူတစ်ဦးဦးသို့ သို့မဟုတ် အခြားသူတစ်ဦးဦးအတွက် ခွဲဝေသတ်မှတ်သည့် သို့မဟုတ် လျာထားဆောင်ရွက်သည့် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအားပြုလုပ်မည့် အဆိုပါကုမ္ပဏီရှိ အစုရှယ်ယာများ သို့မဟုတ် ဒီဘင်ချာများ သို့မဟုတ် အခြားငွေချေးသက်သေခံလက်မှတ်များ သို့မဟုတ် အခြားအလားတူ အကျိုးခံစားခွင့်များနှင့်စပ်လျဉ်း၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ခွဲဝေသတ်မှတ်ခြင်း သို့မဟုတ် လျာထားဆောင်ရွက်ခြင်း၊

(၃) လွှဲပြောင်းပေးသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းပေးသည့် ကုမ္ပဏီအပေါ်တွင်လည်းကောင်း၊ ဆိုင်းငံ့ထားသော တရားစွဲဆိုမှုတစ်ရပ်ရပ်ကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီကသော်လည်းကောင်း၊ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီအပေါ်တွင်လည်းကောင်း ဆက်လက်စွဲဆိုဆောင်ရွက်ခြင်း၊

(၄) လွှဲပြောင်းပေးသည့် ကုမ္ပဏီအား စာရင်းရှင်းလင်း ဖျက်သိမ်းခြင်း မပြုဘဲ ဖျက်သိမ်းခြင်း၊

(၅) တရားရုံးက သတ်မှတ်သည့်အချိန်အတွင်း ထိုသို့သတ်မှတ်ပေးသည့် နည်းလမ်းအတိုင်း စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအား သဘောတူညီခြင်း မရှိသော ပုဂ္ဂိုလ်တစ်ဦးဦးအတွက် ပြဋ္ဌာန်းချက်များ ပြုလုပ်ခြင်း၊

(၆) ပြန်လည်ဖွဲ့စည်းတည်ထောင်ခြင်း သို့မဟုတ် ပေါင်းစည်းခြင်းအား ပြည့်စုံထိရောက်စွာဆောင်ရွက်နိုင်ရန်အတွက် လိုအပ်သော နောက်ဆက်တွဲ သို့မဟုတ် ဆက်စပ်သည့်ကိစ္စရပ်များ ချမှတ်ခြင်း။

( ခ ) ဤပုဒ်မအရ ချမှတ်သည့် အမိန့်တစ်ရပ်သည် ပစ္စည်း သို့မဟုတ် တာဝန်ရှိမှုများကို လွှဲပြောင်းခြင်းနှင့် သက်ဆိုင်လျှင် အဆိုပါအမိန့်အရ ထိုပစ္စည်းကို လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ လွှဲပြောင်းအပ်နှင်းရမည်ဖြစ်ပြီး ယင်း၏ ပစ္စည်းများဖြစ်လာစေရမည်။ အလားတူအဆိုပါ အမိန့်အရ ထိုတာဝန်ရှိမှုများကို လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီ၏တာဝန်ရှိမှုများ ဖြစ်လာစေရမည်။ ပစ္စည်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်တွင်အမိန့်ညွှန်ကြားချက် တစ်စုံတစ်ရာ ပါရှိခဲ့လျှင် စေ့စပ်ပြေငြိမ်းမှု သို့မဟုတ် စီစဉ်ဆောင်ရွက်မှုအရ အကျိုးသက်ရောက်မှုရပ်စဲစေရန် ကြွေးမြီတာဝန်တင်ရှိခြင်းတစ်ရပ်ရပ်မှ ကင်းလွတ်စေရမည်။

(ဂ) ဤပုဒ်မအရ အမိန့်တစ်ရပ်အား ချမှတ်သည့်အခါ အဆိုပါအမိန့်နှင့် သက်ဆိုင်သောကုမ္ပဏီ အားလုံးသည် အဆိုပါအမိန့်၏ မူရင်းမိတ္တူမှန် တစ်စောင်အား အမိန့်ချမှတ်သည့်နေ့မှ ၁၄ ရက်အတွင်း မှတ်ပုံတင်နိုင်ရန်အတွက် မှတ်ပုံတင်အရာရှိထံသို့ ပေးပို့ရမည်။

(ဃ) ဤပုဒ်မတွင်ပါရှိသော "ပစ္စည်း" ဟူသောစကားရပ်တွင် ပစ္စည်း၊ အခွင့်အရေးနှင့် အခွင့်အာဏာအားလုံးပါဝင်ပြီး "တာဝန်ရှိမှု" ဟူသော စကားရပ်တွင် တာဝန်များလည်း ပါဝင်သည်။

( င ) ပုဒ်မ ၂၈၇၊ ပုဒ်မခွဲ (င) ပါပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ခြင်းမရှိစေဘဲ ဤပုဒ်မပါ "ကုမ္ပဏီ" ဟူသော စကားရပ်တွင် ဤဥပဒေ၏ အဓိပ္ပာယ်ဖော်ပြချက်တွင်ပါရှိသော ကုမ္ပဏီမှအပ အခြားကုမ္ပဏီတစ်ခုခု ပါဝင်ခြင်းမရှိ။

၂၉၀။ ပုဒ်မ ၂၈၉၊ ပုဒ်မခွဲ (ဂ) အား လိုက်နာရန် ပျက်ကွက်ပါက ကုမ္ပဏီနှင့် ထိုပျက်ကွက်မှုကို သိလျက်ဖြင့်တမင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီ၏ဒါရိုက်တာ သို့မဟုတ် အခြားအရာရှိ တစ်ဦးစီသည် ဒဏ်ကြေးငွေကျပ်တစ်သိန်းငါးသောင်းကို ပေးဆောင်ရမည်။

**အများစုဖြင့်အတည်ပြုထားသော ပဋိညာဉ်စာချုပ်တစ်ရပ်နှင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်များက အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုတွင် အစုရှယ်ယာများ ဝယ်ယူနိုင်သည့် အခွင့်အရေး**

၂၉၁။ (က) အခြားဥပဒေတစ်ရပ်ရပ်တွင် ပါရှိသော ပြဋ္ဌာန်းချက်များကို ကန့်သတ်တားမြစ်ထားခြင်း မရှိစေဘဲ ဤပုဒ်မတွင် "လွှဲပြောင်းပေးသည့် ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အများနှင့် သက်ဆိုင်သည့် ကုမ္ပဏီတစ်ခုရှိ အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာ အမျိုးအစားတစ်ရပ်ရပ်ကို ဤပုဒ်မတွင် "လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီ" ဟု ရည်ညွှန်းမည့် အခြားကုမ္ပဏီသို့ ပဋိညာဉ်စာချုပ်အရ လွှဲပြောင်းခြင်းကို လက်ခံသည့် ကုမ္ပဏီက အဆိုပါကိစ္စရပ်အတွက် ကမ်းလှမ်းမှုကို ပြုလုပ်ပြီးနောက် လေးလအတွင်း သက်ဆိုင်သော အစုရှယ်ယာများ၏တန်ဖိုး လေးပုံသုံးပုံထက်မနည်းသော ပိုင်ရှင်များက အတည်ပြုသည့်အခါလွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် အဆိုပါ လေးလကုန်ဆုံးပြီးနောက် နှစ်လအတွင်း မည်သည့်အချိန်တွင်မဆို သတ်မှတ်ထားသည့် နည်းလမ်းဖြင့် သဘောကွဲလွဲသော အစုရှယ်ယာရှင်တစ်ဦးဦးထံသို့ အကြောင်းကြားစာပေးပို့၍ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ၎င်း၏အစုရှယ်ယာများကို ရယူလိုကြောင်း ဖော်ပြအကြောင်းကြားနိုင်သည်။ ထိုအကြောင်းကြားစာပေးပို့ပြီးသည့်နေ့ရက်မှ ၂၈ ရက်အတွင်း သဘောကွဲလွဲသည့်အစုရှယ်ယာရှင်ကတရားရုံးသို့ တင်ပြလျှောက်ထားလာသည့်အပေါ် တရားရုံးက အခြားနည်းတစ်စုံတစ်ရာကို အမိန့်ချမှတ်ခဲ့ခြင်း မရှိလျှင် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီသည် ၎င်းထံသို့ လွှဲပြောင်းပေးရန် အတည်ပြုထားသော အစုရှယ်ယာရှင်များ၏ အစုရှယ်ယာများနှင့် စပ်လျဉ်းသည့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်အရ စည်းကမ်းချက်များဖြင့် အဆိုပါ အစုရှယ်ယာများကို ရရှိပိုင်ခွင့်ရှိပြီး ရယူရမည်ဖြစ်သည်။

*(စာမျက်နှာ ၁၉ သို့)*

*စာမျက်နှာ ၁၈ မှ*

(ခ) ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက အကြောင်းကြားစာတစ်စောင်အား ပေးပို့ခဲ့ပြီး တရားရုံးက သဘောကွဲလွဲသည့် အစုရှယ်ယာရှင်၏ တင်ပြလျှောက်ထားချက်အပေါ် ဆန့်ကျင်ကွဲလွဲသည့် အမိန့်တစ်ရပ်ရပ်ချမှတ်ခဲ့ခြင်းမရှိလျှင် အကြောင်းကြားစာပေးပို့သည့် နေ့မှစ၍ ၂၈ ရက် ကုန်ဆုံးသည့်အခါ သို့မဟုတ် သဘောကွဲလွဲသည့် အစုရှယ်ယာရှင်က တရားရုံးသို့ တင်ပြလျှောက်ထားပြီး ထိုသို့ တင်ပြလျှောက်ထားမှုအား ဆိုင်းငံ့ထားခြင်းခံရသည့်အခါ အခြားသက်ဆိုင်ရာ ဥပဒေတစ်ရပ်ရပ်ကို လိုက်နာလျက် လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသည် အကြောင်းကြားစာမိတ္တူတစ်စောင်ကို လွှဲပြောင်းပေးသည့် ကုမ္ပဏီသို့ပေးပို့ရမည်ဖြစ်ပြီး လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီက ရရှိထိုက်ခွင့်ရှိသည့် အစုရှယ်ယာများအတွက် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီမှ ပေးချေရမည့် တန်ဖိုးပမာဏ သို့မဟုတ် ယင်းအတွက် အဖိုးစားနားတစ်ရပ်ရပ်ကို လွှဲပြောင်းပေးသည့်ကုမ္ပဏီသို့ ပေးချေရမည် သို့မဟုတ် လွှဲပြောင်းပေးရမည်။ ယင်းသို့ ဆောင်ရွက်ပြီးနောက် လွှဲပြောင်းပေးသည့် ကုမ္ပဏီသည် လွှဲပြောင်းလက်ခံသည့် ကုမ္ပဏီအား အဆိုပါ အစုရှယ်ယာများ၏ ပိုင်ရှင်အဖြစ် မှတ်ပုံတင်စာရင်း ရေးသွင်းဖော်ပြရမည်။

(ဂ) ဤပုဒ်မအရ လွှဲပြောင်းပေးသည့်ကုမ္ပဏီက လက်ခံရရှိသော ငွေကြေးများကို သီးခြား ဘဏ်ငွေစာရင်းတစ်ခုသို့ ပေးသွင်းရမည်ဖြစ်ပြီး ထိုသို့လက်ခံရရှိသော ငွေပမာဏနှင့် အခြားအဖိုးစားနားများကို ၎င်းတို့နှင့်စပ်လျဉ်းသည့် အစုရှယ်ယာရှင်အသီးသီးအတွက် ယုံကြည်အပ်နှံမှုအဖြစ် အဆိုပါ လွှဲပြောင်းပေးသည့်ကုမ္ပဏီက ထိန်းသိမ်းထားရှိရမည်။

(ဃ) ဤပုဒ်မတွင် ဖော်ပြပါရှိသော "သဘောကွဲလွဲသည့် အစုရှယ်ယာရှင်" ဆိုသည်တွင် ပဋိညာဉ်စာချုပ်အား သဘောတူညီခြင်းမရှိသည့် အစုရှယ်ယာရှင်နှင့် စီမံချက် သို့မဟုတ် ပဋိညာဉ်စာချုပ်နှင့်အညီ လွှဲပြောင်းလက်ခံသည့်ကုမ္ပဏီသို့ ၎င်း၏ အစုရှယ်ယာများကို လွှဲပြောင်းပေးရန် ပျက်ကွက်သော သို့မဟုတ် ငြင်းဆန်သော အစုရှယ်ယာရှင်တစ်ဦးဦးတို့ ပါဝင်သည်။

**အပိုင်း (၅)**

**ဖျက်သိမ်းခြင်း**

**အခန်း (၂၆)**

**ကုမ္ပဏီတစ်ခုအားဖျက်သိမ်းခြင်း**

**ကုမ္ပဏီဖျက်သိမ်းခြင်းဆိုင်ရာနည်းလမ်းများ**

၂၉၂။ (က) ကုမ္ပဏီတစ်ခုအား အောက်ပါနည်းလမ်းတစ်ရပ်ရပ်ဖြင့် ဖျက်သိမ်းနိုင်သည်-

(၁) တရားရုံးကဖြစ်စေ၊

(၂) ဆန္ဒအလျောက်ဖြစ်စေ၊

(၃) တရားရုံး၏ ကြီးကြပ်မှုဖြင့်ဖြစ်စေ။

(ခ) ဆန့်ကျင်ကွဲလွဲမှု တစ်စုံတစ်ရာမရှိခဲ့လျှင် ကုမ္ပဏီဖျက်သိမ်းခြင်းနှင့် သက်ဆိုင်သည့် ဤဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဖော်ပြပါ နည်းလမ်းတစ်ရပ်ရပ်အရ ကုမ္ပဏီတစ်ခုအား ဖျက်သိမ်းခြင်းနှင့် သက်ဆိုင်စေရမည်။

**ကြွေးမြီပေးဆပ်ရသူများ** (Contributories)

**လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင်ပါဝင်သူများ၏ ကြွေးမြီပေးဆပ်ရသူများအဖြစ်တာဝန်ရှိမှု**

၂၉၃။ (က) ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်တွင် လက်ရှိသော်လည်းကောင်း၊ ယခင်ကသော်လည်းကောင်း ကုမ္ပဏီတွင် ပါဝင်သူများအားလုံးသည် ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ စာရင်းရှင်းလင်း ဖျက်သိမ်းခြင်းနှင့် ကြွေးမြီပေးဆပ်ရသူများအကြား အခွင့်အရေးများကို ညှိနှိုင်းဆောင်ရွက်ရန်အတွက် အောက်ပါ သတ်မှတ်ချက်များကို လိုက်နာစေလျက် ကျသင့်သည့်ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအား ပေးချေရာတွင် ငွေကြေးလုံလောက်မှုရှိစေရေးအတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များ စာရင်းသို့ ထည့်ဝင်ပေးဆပ်ရန် တာဝန်ရှိစေရမည်။

(၁) ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ခြင်းမပြုမီ လွန်ခဲ့သော တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလကတည်းကပင် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ခြင်း ဖြစ်လျှင် ကြွေးမြီပေးဆပ်ရေးအတွက် တာဝန်မရှိစေရ၊

(၂) ကုမ္ပဏီတွင် ယခင်က ပါဝင်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးအဖြစ်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီကချုပ်ဆိုထားသော ပဋိညာဉ်စာချုပ်အရ ဖြစ်ပေါ်လာသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့် စပ်လျဉ်း၍ ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ၊

(၃) ဤဥပဒေအရ ကုမ္ပဏီတွင် လက်ရှိပါဝင်သူများက ၎င်းတို့ပေးဆပ်ရန်ဖြစ်သော ကြွေးမြီတာဝန်ကို ပေးဆပ်နိုင်ဖွယ်မရှိကြောင်း တရားရုံးက တွေ့ရှိခဲ့လျှင်မှအပ ကုမ္ပဏီတွင် ယခင်ကပါဝင်ခဲ့သူတစ်ဦးသည် ကြွေးမြီပေးဆပ်ရာတွင် တာဝန်မရှိစေရ၊

(၄) အစုအားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင်လက်ရှိပါဝင်နေသူ သို့မဟုတ် ယခင်က ပါဝင်ခဲ့သူတစ်ဦးအဖြစ် တာဝန်ရှိသည့် အစုရှယ်ယာများအတွက် ပေးချေရခြင်းမရှိသေးသော ငွေပမာဏ (ရှိခဲ့လျှင်) ထက်ပိုမိုသော ငွေပမာဏကို ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးထံမှ ကြွေးမြီပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ၊

(၅) ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတွင် ယင်းကုမ္ပဏီကို စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါ ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များသို့ ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦးက ထည့်ဝင်ရန် တာဝန်ယူထားသည့် ပမာဏထက်ပိုမို၍ ၎င်းထံမှ ကြွေးမြီ ပေးဆပ်ရန်အတွက် ရယူခြင်းမရှိစေရ၊

(၆) ဤဥပဒေတွင်ဖော်ပြပါရှိသော မည်သည့်ပြဋ္ဌာန်းချက်ကမျှ အာမခံပေါ်လစီ (policyof insurance) သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးချင်းစီ၏တာဝန်ရှိမှုကို ကန့်သတ်ထားသည့် စည်းကမ်းချက်တစ်ရပ်ရပ်ကိုဖြစ်စေ၊ ကုမ္ပဏီ၏ ဘဏ္ဍာငွေများဖြင့်သာလျှင် အဆိုပါပေါ်လစီ သို့မဟုတ် ပဋိညာဉ်စာချုပ်တစ်ရပ်ရပ်အရ တာဝန်ရှိမှုများကိုဖြစ်စေ တရားမဝင်ခြင်းမဖြစ်စေရ၊

(၇) အမြတ်ဝေစုများ၊ အကျိုးအမြတ်များ သို့မဟုတ် အခြားနည်းတစ်ရပ်ရပ်ဖြင့် ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးကို ကုမ္ပဏီတွင်ပါဝင်သူအဖြစ် ပေးရန်ရှိသည့် ငွေပမာဏတစ်ရပ်ကို ၎င်းနှင့်ကုမ္ပဏီတွင် ပါဝင်သူတစ်ဦးမဟုတ်သော မြီရှင်တို့အကြားမည်သူ့ထံသို့ပေးချေရမည်ဟု ဖြစ်ပေါ်လာသည့်ကိစ္စရပ်၌ အဆိုပါကုမ္ပဏီတွင်ပါဝင်သူထံသို့ ကုမ္ပဏီကပေးချေရမည့် ကြွေးမြီတစ်ရပ်အဖြစ် မှတ်ယူခြင်းမရှိစေရ။ သို့သော် အဆိုပါငွေပမာဏကို ယင်းတို့အကြား ကြွေးမြီပေးဆပ်ရသူများ၏ အခွင့်အရေးအား အပြီးသတ်ညှိနှိုင်းသတ်မှတ်ရာတွင် ထည့်သွင်းစဉ်းစားနိုင်သည်။

(ခ) အစုရှယ်ယာမတည်ငွေရင်း ပါရှိသော ခံဝန်ချက်အားဖြင့် တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်အခါတွင် ထိုကုမ္ပဏီတွင် ပါဝင်သူအားလုံးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသဖြင့် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ ၎င်းကထည့်ဝင်ရန် တာဝန်ယူထားသော ပမာဏအတွက် တာဝန်ရှိသည့်အပြင် ၎င်းပိုင်ဆိုင်ထားသော အစုရှယ်ယာတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ပေးချေရခြင်းမရှိသေးသော ငွေပမာဏတစ်ရပ်ရပ်အတွက်လည်း ထည့်ဝင်ရန်တာဝန်ရှိသည်။

**တာဝန်ကန့်သတ်မထားသည့် ဒါရိုက်တာများ၏ တာဝန်**

၂၉၄။ တာဝန်ကန့်သတ်ထားသည့် ကုမ္ပဏီတစ်ခုအား စာရင်းရှင်းလင်း ဖျက်သိမ်းသည့်အခါတွင် ဤဥပဒေအရ သို့မဟုတ် ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းအရ တာဝန်ကန့်သတ်ထားခြင်းမရှိသော ယခင်ကသော်လည်းကောင်း၊ ယခုသော်လည်းကောင်း ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ကြသည့် ဒါရိုက်တာတစ်ဦးဦးသည် ကုမ္ပဏီ၏ သာမန်ပါဝင်သူတစ်ဦးအဖြစ် ငွေကြေးထည့်ဝင်ရန်တာဝန်ရှိခဲ့လျှင် ၎င်းတာဝန်အပြင် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းမှု စတင်ဆောင်ရွက်သည့်အချိန်တွင် တာဝန်ကန့်သတ်မထားသည့် ကုမ္ပဏီတစ်ခုတွင် ပါဝင်သူတစ်ဦးဖြစ်သကဲ့သို့ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်ရှိသည်။ သို့ရာတွင်-

(က) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းခြင်း စတင်သည့်နေ့မတိုင်မီ တစ်နှစ် သို့မဟုတ် ထိုထက်ပိုသော ကာလကပင် တာဝန်မှ ရပ်စဲခဲ့ပြီးဖြစ်လျှင် ၎င်းအနေဖြင့်ဖော်ပြပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ၊

(ခ) ဒါရိုက်တာအဖြစ် ယခင်က ဆောင်ရွက်ခဲ့သူတစ်ဦးသည် ၎င်းအနေဖြင့် အဆိုပါတာဝန်မှ ရပ်စဲခဲ့ပြီးနောက်ပိုင်း၌ ကုမ္ပဏီက ပဋိညာဉ်ပြုလုပ်ထားသည့် ကြွေးမြီ သို့မဟုတ် တာဝန်ရှိမှုတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန်တာဝန်မရှိစေရ၊

(ဂ) ကုမ္ပဏီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့်အညီ ကုမ္ပဏီ၏ ကြွေးမြီများနှင့် တာဝန်ရှိမှုများ၊ကုမ္ပဏီအား စာရင်းရှင်းလင်းဖျက်သိမ်းသည့်ကိစ္စရပ်အတွက် ကုန်ကျစရိတ်များ၊ အခကြေးငွေများနှင့် အသုံးစရိတ်များအတွက် ကျခံနိုင်ရန် အလို့ငှာ အဆိုပါငွေကြေးထည့်ဝင်မှုပြုလုပ်ရန် လိုအပ်ကြောင်း တရားရုံးက ယူဆခြင်းမရှိလျှင် ဒါရိုက်တာတစ်ဦးသည် အဆိုပါ ငွေကြေးထည့်ဝင်မှုများကို ထပ်မံပြုလုပ်ရန် တာဝန်မရှိစေရ။

**ကြွေးမြီပေးဆပ်ရသူ၏ တာဝန်များ**

၂၉၅။ ကြွေးမြီပေးဆပ်ရသူတစ်ဦး၏ တာဝန်ရှိမှုသည် စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိက ၎င်းအပေါ်သတ်မှတ်သည့် ငွေကြေးထည့်ဝင်ရန် တောင်းခံမှုများတွင် သတ်မှတ်ပါရှိသော အချိန်ကာလ၌ ပေးချေရမည့် ကြွေးမြီတစ်ရပ်ကို အကြွေးအဖြစ်သတ်မှတ်ရမည်။

**ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး သေဆုံးသည့်ကိစ္စရပ်**

၂၉၆။ (က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများစာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ သေဆုံးသွားခဲ့လျှင် ၎င်း၏တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်း၏တာဝန်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်အတွက် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ နည်းလမ်းတကျထည့်ဝင်ရန် တာဝန်ရှိပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။

(ခ) တရားဝင်ကိုယ်စားလှယ်များနှင့် အမွေဆက်ခံသူများသည် ၎င်းတို့က ပေးသွင်းရမည့် ငွေကြေးတစ်ရပ်ရပ်ကိုပေးသွင်းရန် ပျက်ကွက်ခဲ့လျှင် ပေးချေရန်တာဝန်ရှိသည့် ငွေကြေးများကို အတင်းအကျပ်ပြုပေးချေစေရန်အလို့ငှာ သေဆုံးသွားသော ကြွေးမြီပေးဆပ်ရသူ၏ ရွှေ့ပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ၊ မရွှေ့မပြောင်းနိုင်သော ပစ္စည်းကိုဖြစ်စေ စီမံခန့်ခွဲမှုပြုနိုင်ရန်အတွက် တရားစွဲဆိုဆောင်ရွက်မှုများကို ပြုလုပ်နိုင်သည်။

**ကုမ္ပဏီတွင်ပါဝင်သူတစ်ဦးဦး လူမွဲဖြစ်သည့်ကိစ္စရပ်**

၂၉၇။ ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းအား ကြွေးမြီပေးဆပ်ရသူများ စာရင်း၌ ထည့်သွင်းဖော်ပြခြင်း မပြုမီတွင်ဖြစ်စေ၊ ထည့်သွင်းဖော်ပြပြီးနောက်တွင်ဖြစ်စေ လူမွဲဖြစ်ကြောင်းသတ်မှတ်ခံရလျှင် -

(က) ၎င်း၏ လွှဲအပ်ခြင်းခံရသူများသည် စာရင်းရှင်းလင်းဖျက်သိမ်းခြင်း ကိစ္စရပ်များအားလုံးတွင်၎င်း၏ကိုယ်စား ဆောင်ရွက်ရမည်ဖြစ်ပြီး ၎င်းတို့သည် ကြွေးမြီပေးဆပ်ရသူများ ဖြစ်လာစေရမည်။ ၎င်းတို့အား လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် အထောက်အထားများတင်ပြစေနိုင်သည် သို့မဟုတ် ကုမ္ပဏီ၏ ရရန်ပိုင်ခွင့်များစာရင်းသို့ ထည့်ဝင်ရမည့် ၎င်း၏တာဝန်နှင့်စပ်လျဉ်း၍ လူမွဲအဖြစ်ခံယူသူက ပေးချေရန်တာဝန်ရှိသည့် ငွေကြေးတစ်ရပ်ရပ်ကို ဥပဒေနှင့်အညီ ၎င်း၏ရရန်ပိုင်ခွင့်များမှ ပေးချေစေရန် ခွင့်ပြုနိုင်သည်။ ၎င်းအပြင်

(ခ) လူမွဲအဖြစ်ခံယူသူ၏ ပစ္စည်းဥစ္စာများအပေါ် နောင်တွင်တောင်းဆိုမည့် သို့မဟုတ် တောင်းဆိုပြီးဖြစ်သည့် ၎င်းအနေဖြင့် တာဝန်ရှိမည့် ခန့်မှန်းချေငွေပမာဏအား သတ်မှတ်နိုင်သည်။

**တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းခြင်း**

**တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ကုမ္ပဏီကို ဖျက်သိမ်းနိုင်သည့် အခြေအနေများ**

၂၉၈။ တရားရုံးသည် အောက်ပါအခြေအနေတစ်ခုခုဖြစ်ပေါ်လာလျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းနိုင်သည်-

(က) ကုမ္ပဏီကို တရားရုံး၏ဆုံးဖြတ်ချက်ဖြင့် ဖျက်သိမ်းနိုင်သည်ဟု ကုမ္ပဏီက အထူးဆုံးဖြတ်ချက်ချမှတ်၍ ဆောင်ရွက်လျှင်၊

(ခ) ဥပဒေအရလိုက်နာဆောင်ရွက်ရသော အစီရင်ခံစာများတင်ပြရာတွင်ဖြစ်စေ၊ အစည်းအဝေးများကို ကျင်းပရာတွင်ဖြစ်စေ ပျက်ကွက်မှုရှိခဲ့လျှင်၊

(ဂ) ကုမ္ပဏီကို ဖွဲ့စည်းတည်ထောင်သည့်အချိန်မှစ၍ တစ်နှစ်အတွင်း ယင်း၏ စီးပွားရေးလုပ်ငန်းများကို စတင်ဆောင်ရွက်နိုင်မှုမရှိလျှင် သို့မဟုတ် ထိုကာလတစ်နှစ်လုံးအတွက် ယင်း၏စီးပွားရေးလုပ်ငန်းများကို ဆိုင်းငံ့ထားလျှင်၊

(ဃ) ကုမ္ပဏီတွင်ပါဝင်သူများ၏ အရေအတွက်ကို တစ်ဦးအောက်အထိ လျှော့ချခဲ့လျှင်၊

(င) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ခဲ့လျှင်၊

(စ) ကုမ္ပဏီကို ဖျက်သိမ်းခြင်းမှာ သင့်လျော်မှန်ကန်၍ တရားမျှတသည်ဟု တရားရုံးမှ ထင်မြင်လျှင်။

**ကုမ္ပဏီသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု ယူဆရန်အကြောင်းများ**

၂၉၉။ (က) ဤအခန်းပါ ကိစ္စရပ်များအတွက် အောက်ပါကိစ္စရပ် တစ်ခုခုပေါ်ပေါက်ခဲ့လျှင် ကုမ္ပဏီတစ်ခုသည် ယင်း၏ကြွေးမြီများကို ပေးချေခြင်းမပြုနိုင်ဟု မှတ်ယူရမည် -

(၁) လွှဲအပ်ခြင်းဖြင့်သော်လည်းကောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့်သော်လည်းကောင်း ကုမ္ပဏီက ငွေကျပ်နှစ်သိန်းငါးသောင်းထက်ပိုမိုသော ငွေပမာဏအား ကြွေးမြီပေးချေရန် တင်ရှိနေသော မြီရှင်တစ်ဦးဦးသည် ကုမ္ပဏီ၏မှတ်ပုံတင်ထားသော ရုံးခန်းသို့ မှတ်ပုံတင်စာဖြင့်ဖြစ်စေ၊ အခြားနည်းဖြင့် ဖြစ်စေ အကြောင်းကြားစာပေးပို့၍ ကုမ္ပဏီကပေးရန်ရှိသည့် ငွေပမာဏကို ၎င်းထံပေးချေစေရန် တောင်းဆိုခဲ့ပြီး၊ ကုမ္ပဏီသည် ထိုသို့တောင်းဆိုငွေကိုပေးချေရန် သို့မဟုတ် ကြွေးမြီအတွက် မြီရှင်က ကျေနပ်လက်ခံနိုင်လောက်သော အာမခံမှုတစ်ရပ်ရပ် ပြုလုပ်ရန် ထိုသို့အကြောင်းကြားသည့်နေ့မှသုံးပတ်အထိ ပျက်ကွက်နေခဲ့လျှင် သို့မဟုတ်

(၂) ကုမ္ပဏီ၏ မြီရှင်ကို အနိုင်ပေးသည့် တရားရုံးတစ်ရုံးရုံး၏ ဒီကရီ သို့မဟုတ် အမိန့်တစ်ရပ်အားအတည်ပြုခြင်း သို့မဟုတ် ယင်းနှင့်စပ်လျဉ်း၍ ထုတ်ပြန်ဆောင်ရွက်မှုအားလုံးဖြစ်စေ၊ တစ်စိတ်တစ်ဒေသဖြစ်စေ ဆောင်ရွက်နိုင်မှုမရှိခဲ့လျှင် သို့မဟုတ်

(၃) ကုမ္ပဏီသည် ယင်း၏ကြွေးမြီများအား ပေးဆပ်နိုင်ခြင်းမရှိကြောင်း တရားရုံးမှ ကျေနပ်လက်ခံနိုင်လျှင် ကုမ္ပဏီမှာ ယင်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းရှိမရှိဟူသည့်ကိစ္စရပ်ကို ဆုံးဖြတ်သည့်အခါတွင် တရားရုံးသည် ကုမ္ပဏီ၏ ဖြစ်ပေါ်လာဖွယ်ရှိသည့် တာဝန်ရှိမှုများကို ထည့်သွင်းသုံးသပ်ရမည်။

(ခ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)တွင် ဖော်ပြပါရှိသည့် တောင်းဆိုချက်ကို မြီရှင်၏ ကိုယ်စား တရားဝင်အခွင့်အာဏာအပ်နှင်းခြင်းခံရသော ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေးတစ်ဦးက လက်မှတ်ရေးထိုးခဲ့လျှင် သို့မဟုတ် လုပ်ငန်းစုတစ်ရပ်ဖြစ်သည့်အခါတွင် ထိုလုပ်ငန်းစု၏ ကိုယ်စားအဖြစ် ကိုယ်စားလှယ် သို့မဟုတ် ဥပဒေအကြံပေး သို့မဟုတ် လုပ်ငန်းစု၏အဖွဲ့ဝင်တစ်ဦးဦးက လက်မှတ်ရေးထိုးခဲ့လျှင် မြီရှင်ကိုယ်တိုင် တရားဝင်ပေးအပ်ဆောင်ရွက်ခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

**လက်အောက်ခံတရားရုံးသို့ လွှဲအပ်ဆောင်ရွက်နိုင်သည့် ကုမ္ပဏီဖျက်သိမ်းခြင်းများ အကြောင်း**

၃၀၀။ တရားရုံးသည် ကုမ္ပဏီတစ်ခုအားဖျက်သိမ်းရန်အတွက် ဤဥပဒေအရ အမိန့်တစ်ရပ်ချမှတ်သည့်အခါ ယင်းက သင့်သည်ထင်မြင်သည့်အတိုင်း လက်အောက်ခံတရားရုံးတစ်ခုခုတွင် ဆက်လက်စစ်ဆေးကြားနာစေရန် ညွှန်ကြားနိုင်သည်။ ထိုသို့လက်ခံဆောင်ရွက်ရသည့် လက်အောက်ခံတရားရုံးကို ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်အတွက် ဤဥပဒေတွင် ဖော်ပြထားသော "တရားရုံး" ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ပြီး ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်အတွက် တရားရုံး၏ စီရင်ပိုင်ခွင့်နှင့် အခွင့်အာဏာများရရှိစေရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို တရားရုံးတစ်ခုမှ အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းခြင်း**

၃၀၁။ တရားရုံးတစ်ခုခုတွင် ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်တစ်ခုကို ဆောင်ရွက်နေသည့်ကာလအတွင်း ကုမ္ပဏီဖျက်သိမ်းရန်ကိစ္စရပ်ကို စစ်ဆေးစီရင်ခွင့်ရှိသော အခြားတရားရုံးတစ်ခုခုတွင် တရားစွဲဆိုစစ်ဆေးခြင်းသည် ပိုမို၍အဆင်ပြေလွယ်ကူစေမည်ဖြစ်ကြောင်း တရားရုံးက တွေ့ရှိလျှင် ယင်းသည် အခြားတရားရုံးတစ်ခုသို့ လွှဲပြောင်းပေးနိုင်ပြီး ကုမ္ပဏီဖျက်သိမ်းရန် ကိစ္စရပ်ကို အဆိုပါ လွှဲပြောင်းလက်ခံရရှိသည့်တရားရုံး၌ ဆက်လက်ဆောင်ရွက်ရမည်။

**ကုမ္ပဏီဖျက်သိမ်းရန်အတွက် လျှောက်ထားခြင်းများနှင့် သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များ**

၃၀၂။ ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် တရားရုံးသို့ လျှောက်ထားမှုတစ်ရပ်ကို ဤပုဒ်မပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကုမ္ပဏီကဖြစ်စေ၊ ဖြစ်ပေါ်လာမည့် သို့မဟုတ် အလားအလာရှိသည့် မြီရှင် သို့မဟုတ် မြီရှင်များ အပါအဝင် မြီရှင်တစ်ဦး သို့မဟုတ် မြီရှင်များကဖြစ်စေ၊ ကြွေးမြီပေးဆပ်ရသူ သို့မဟုတ် ကြွေးမြီပေးဆပ်ရသူများကဖြစ်စေ၊ ယင်းတို့အားလုံး သို့မဟုတ် တစ်ဦးဦးကဖြစ်စေ စုပေါင်း၍သော်လည်းကောင်း၊ သီးခြားစီဖြင့်သော်လည်းကောင်း သို့မဟုတ် မှတ်ပုံတင်အရာရှိကဖြစ်စေ လျှောက်လွှာဖြင့်တင်ပြဆောင်ရွက်ရမည်။ သို့ရာတွင် -

(က) ကြွေးမြီပေးဆပ်ရသူတစ်ဦးသည် ၎င်းနှင့် သက်ဆိုင်သည့် အစုရှယ်ယာများ သို့မဟုတ် အစုရှယ်ယာအချို့ကို ကုမ္ပဏီအားဖျက်သိမ်းမှု စတင်ခြင်းမပြုမီ ၁၈လအတွင်း အနည်းဆုံးခြောက်လအထိ ၎င်းထံသို့ မူလကပင်ထုတ်ဝေထားပြီးဖြစ်ခြင်း သို့မဟုတ် ၎င်းကပိုင်ဆိုင်ထားပြီးဖြစ်ခြင်း၊ ၎င်းအမည်ဖြင့် မှတ်ပုံတင်ထားပြီးဖြစ်ခြင်း သို့မဟုတ် ယခင်ပိုင်ရှင်သေဆုံးခဲ့သဖြင့် ၎င်းထံသို့ လွှဲပြောင်းပေးခြင်းမရှိခဲ့လျှင် ကုမ္ပဏီတစ်ခုကို ဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ၊

(ခ) အောက်ပါအကြောင်းအရာများ ပေါ်ပေါက်ခြင်းမရှိလျှင် မှတ်ပုံတင်အရာရှိသည် ကုမ္ပဏီတစ်ခုကိုဖျက်သိမ်းရန်အတွက် လျှောက်လွှာတင်ပြခွင့်မရှိစေရ -

(၁) ကုမ္ပဏီ၏ လက်ကျန်ရှင်းတမ်း (balance sheet) တွင် သို့မဟုတ် ပုဒ်မ ၂၇၁ အရခန့်အပ်ထားသည့် စစ်ဆေးသူတစ်ဦးဦး၏ အစီရင်ခံစာတွင် ထုတ်ဖော်တင်ပြထားသည့် ကုမ္ပဏီ၏ဘဏ္ဍာရေးဆိုင်ရာ အခြေအနေအရ ၎င်း၏ကြွေးမြီများကို ပေးဆပ်နိုင်ခြင်းမရှိဟု ပေါ်ပေါက်လျှင်၊ ၎င်းအပြင်

(၂) လျှောက်လွှာတင်ပြရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ ကြိုတင်ခွင့်ပြုချက်ကို ရယူထားလျှင်၊ သို့ရာတွင် ကုမ္ပဏီသည် ကြားနာသည့်အခွင့်အရေးကို ဦးစွာမရရှိခဲ့လျှင် အဆိုပါ ခွင့်ပြုချက်ကို ပေးအပ်ခြင်း မပြုရ။

*(ဆက်လက်ဖော်ပြပါမည်)*



# မြန်မာသဒ္ဒါသင်ကြားရေး (၃၅)

**မောင်ခင်မင်(ဓနုဖြူ)**

"ကဲ...ရှေ့မဆက်ခင် မြန်မာသဒ္ဒါသင်ကြားရေးအကြောင်း စပြောကြတုန်းက ညည်းမေးတဲ့ ပြဿနာတစ်ခု မဖြေရသေးတာ သတိရသလား"

"ဘာပါလိမ့်ဆရာ၊ သြော်...သတိရပါပြီ၊ ရှေးကမြန်မာသဒ္ဒါကျမ်းရယ်လို့ မပေါ်ပေါက်ခဲ့တော့ မြန်မာစာဆိုတွေ မြန်မာသဒ္ဒါမသင်ရဘဲ ပါဠိသဒ္ဒါပဲ သင်ရတယ်၊ ဒါပေမယ့် မြန်မာစာပေတွေရေးဖွဲ့တော့ သဒ္ဒါနည်းမှန်မှန် ရေးနိုင်ကြတာ ဘာကြောင့်ပါလိမ့်ဆိုတဲ့ ပြဿနာမဟုတ်လား ဆရာ"

"ဟုတ်ပ့ါဗျာ၊ ညည်းက အမှတ်သညာကောင်းသားပဲ၊ ပုဂံခေတ်က ကုန်းဘောင်ခေတ်အထိ မြန်မာသဒ္ဒါကျမ်းရယ်လို့ တစ်စောင်တစ်ဖွဲ့မှ မပေါ်ပေါက်ခဲ့ပေမယ့် မြန်မာစာဆိုတွေက သဒ္ဒါမှန်မှန်ရေးနိုင်ခဲ့ကြတဲ့ အကြောင်းတစ်ခုကတော့ ဘယ်လူမျိုးမဆို ကိုယ့်မိခင်ဘာသာ စကားကို စကားပြောတတ်တဲ့ အရွယ်ကတည်းက သဒ္ဒါမှန်မှန် ပြောတတ်လို့ပဲ၊ တစ်နည်းပြောရရင် ကိုယ့်မိခင်ဘာသာစကားရဲ့သဒ္ဒါနည်းတွေကို စကားပြောတက်စ ကလေးအရွယ်ကတည်းက သိနေလို့ပဲကွဲ့"

"သြော်...ဟုတ်ကဲ့ပါဆရာ"

"စဉ်းစားကြည့်လေ၊ စကားပြောတတ်စကလေး တစ်ယောက်က မုန့်စားချင်ရင် 'သားသားမုန့်မုန့်စားချင်တယ်' လို့ ပြောမှာပဲမဟုတ်လား၊ 'သားသားစားမုန့်မုန့်ချင်တယ်' လို့ ဘယ်ကလေးမှ မပြောဘူး၊ 'သားသားချင်တယ်စားမုန့်မုန့်' လို့လည်း ဘယ်ကလေးမှ မပြောဘူး၊ 'သားသားမုန့်မုန့်စားချင်တယ်' လို့ပဲပြောမှာပဲလေ"

"ဟုတ်ကဲ့ပါဆရာ"

"ကလေးတစ်ယောက်ဟာ သူ့မိခင်ဘာသာစကားကို ပြောတတ်လာတာဟာ လူကြီးမိဘတွေပြောတဲ့စကားတွေကို နားထောင်ပြီး အတုခိုးပြောတာချည်းမဟုတ်ဘူး၊ သူ့ဘာသာစကားကို သဒ္ဒါနည်းအတိုင်း ပြောဆိုနိုင်တဲ့စွမ်းရည်က သူ့ဦးနှောက်ထဲမှာ ပါလာပြီးသားဆိုတာ ပညာရှင်တွေက သုတေသနပြုပြီး တွေ့လာကြတယ်"

"ဟုတ်ကဲ့ပါ"

"ဆိုပါတော့ကွယ်၊ ကလေးက 'မုန့်မုန့်၊ မန်မန်၊ ကော်ကော်၊ ချိုချို၊ ရေရေ' ဆိုတဲ့ စကားလုံးတွေ 'စားမယ်'၊ 'သောက်မယ်' ဆိုတဲ့ စကားလုံးတွေကို သိထားရင် 'မုန့်မုန့်စားမယ်၊ မန်မန်စားမယ်၊ ကော်ကော်သောက်မယ်၊ ချိုချိုသောက်မယ်' ဆိုတဲ့ ဝါကျတွေ သူ့ဘာသာသူတွဲစပ်ပြောတတ်လာကြတာ လေ့လာကြည့်ရင်သိမှာပါ၊ တူတာကို သူတို့ဘာသာထုတ်ဖော်နိုင်တဲ့ သာဓကတစ်ခု ဆရာတွေ့ဖူးတာ ပြောရဦးမယ်"

"ပြောပြပါဆရာ"

"၃နှစ်သားအရွယ် ကလေးတစ်ယောက်က ကားတွေကို အမြဲတွေ့နေပြီး ကားသံတွေလည်း အမြဲကြားနေရတယ်၊ 'ကားကား' လို့လည်း ခေါ်တတ်တယ်၊ တစ်နေ့သူကစားနေတုန်း ကောင်းကင်က လေယာဉ်ပျံဖြတ်ပျံသွားတဲ့ အသံကြားတော့ ဘာပြောတယ် မှတ်သလဲ"

"ဘာပြောပါသလဲဆရာ"

"ကောင်းကင်ကိုလက်ညှိုးထိုးပြီး 'ကားကား'၊ 'ကားကား' လို့ ပြောတယ်ဗျ"

"စိတ်ဝင်စားစရာပဲနော်"

"ဒါကကြုံလို့ ပြောတာပါ၊ ကလေးတစ်ယောက်ဟာ သူမွေးကတည်းက ကြားနေရတဲ့ သူ့မိခင်ဘာသာစကားကို သဒ္ဒါနည်းမှန်မှန် ပြောတတ်တဲ့ အစွမ်းသတ္တိရှိတယ်၊ ဒီအစွမ်းသတ္တိဟာ အသက်အရွယ်အရ တဖြည်းဖြည်းဖွံ့ဖြိုးလာတာပါပဲ၊ စာရေးတတ်တဲ့ အရွယ်ရောက်တော့လည်း ကိုယ်ပြောတဲ့စကားအသွားအလာအတိုင်း သဒ္ဒါမှန်မှန်၊ ဝါကျမှန်မှန်ရေးနိုင်တာပဲလေ"

"ဒီလိုဆိုရင် သဒ္ဒါသင်ဖို့ မလိုဘူးဆိုတဲ့ သဘောပါလားဆရာ"

"ရှေးစာဆိုတွေ မြန်မာသဒ္ဒါရယ်လို့ သင်ခဲ့ရတာမဟုတ်ဘဲ အင်မတန်ပြောင်မြောက်တဲ့ စာတွေရေးဖွဲ့နိုင်ခဲ့ကြတာကို စဉ်းစားကြည့်ပေါ့ကွယ်၊ အဲ...တစ်ခုတော့ရှိတာပေါ့၊ ဒါနာမ်ပဲ၊ ဒါကြိယာပဲ၊ ဝါကျဖွဲ့ရင် နာမ်နဲ့ကြိယာကို ဘယ်လိုတွဲရတယ်ဆိုတဲ့ သဒ္ဒါနည်းတွေကို ကျောင်းမှာသင်တယ်ဆိုတာက ပညာရပ်အနေနဲ့ သိအောင် သင်တာလေ၊ အဲဒီနည်းတွေသိထားရင် စာရေးတဲ့အခါမှာ အထောက်အကူဖြစ်တာပေါ့၊ ဒါပေမယ့် အဲဒီသဒ္ဒါဆိုင်ရာ ဝေါဟာရတွေ၊ ဖွင့်ဆိုချက်တွေ မသိဘဲနဲ့လည်း သဒ္ဒါမှန်မှန်ရေးနိုင်ကြတာပဲလေ"

"ဆရာ-သဒ္ဒါမတတ် စာမတတ်ဆိုတဲ့ အဆိုရှိတယ် မဟုတ်ပါလားဆရာ"

"ဟုတ်ပါတယ်၊ ရှေးကဆိုရင် "သဒ္ဒတ်မတာစတ်မတာ သဒ္ဒါမတတ်စာမတတ်" လို့ စကားလိမ်နဲ့ဆိုထားတဲ့ အဆိုအမိန့်ရှိတာပေါ့၊ ဒါပေမယ့် အဲဒီအဆိုအမိန့်ဟာ ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာစကားနဲ့ မဆိုင်ဘူး၊ တိုင်းခြားဘာသာစကားဖြစ်တဲ့ ပါဠိဘာသာကို သင်တဲ့အခါ ပါဠိသဒ္ဒါနည်းတွေ တတ်ဖို့လိုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ ပါဠိဘာသာအပါအဝင် တခြားဘာသာစကားတစ်ခုခုကို သင်ရင် အဲဒီဘာသာစကားရဲ့သဒ္ဒါကို တတ်ဖို့လိုတာပေါ့၊ အဲဒီအဓိပ္ပာယ်ကို ဆရာကြီးမင်းသုဝဏ်လည်း ရှင်းပြဖူးပါတယ်၊ ရှေးတုန်းက ပါဠိသဒ္ဒါကျမ်းတွေကို အလေးထားပြီး သင်ကြရတာမို့ အဲဒီ စကားပေါ်ပေါက်လာတာလို့ မှတ်သားဖို့ပါပဲ၊ ကဲ... ဒါဆိုရင် ညည်းမေးတဲ့ ပြဿနာ ပြေလည်ရောပေ့ါနော်"

"ဟုတ်ကဲ့ ဆရာ၊ နားလည်ပါပြီ"

"ကလေးတွေရဲ့ ဘာသာစကားဖန်တီးနိုင်တဲ့ စွမ်းရည်နဲ့ ပတ်သက်ပြီး ဟိုတလောကပဲ သာဓကတစ်ခုတွေ့လိုက်သေးတယ်၊ ဆွေမျိုးထဲက ကလေးတစ်ယောက် အသက် ၂ နှစ်ကျော်ပဲရှိသေးတယ်၊ တီဗွီက 'ကလေးများရဲ့စာပေပွဲတော်' ဆိုတဲ့ သီချင်းလာတော့ သူက လိုက်ဆိုရင်း 'ဖေဖေလည်းလိုက်ခဲ့နော်၊ မေမေလည်း လိုက်ခဲ့နော်' လို့ ဆိုရင်းနဲ့ သူခေါ်တတ်တဲ့ အဒေါ်တွေ အကုန်အစားထိုးပြီး 'ညီလေးလည်း လိုက်ခဲ့နော်၊ ဘဘလည်း လိုက်ခဲ့နော်' ဆိုတာမျိုးတွေ သူ့ဘာသာသူ ဆိုတတ်နေတယ်လေ"

"ဟုတ်ကဲ့ပါ ဆရာ၊ ဒါ့ထက် ဝါစင်္ဂအရေအတွက်နဲ့ ပတ်သက်ပြီး တခြားအယူအဆတွေလည်း ရှိကြောင်း ဆရာတစ်ခါပြောဖူးတာ သတိထားမိပါတယ်၊ သိကောင်းစရာ ကလေးတွေ သိပါရစေဆရာ"

"အင်း... ဒီနေ့ အသုံးပြုနေတဲ့ ဝါစင်္ဂရှစ်ပါး၊ ဝါစင်္ဂကိုးပါးဆိုတဲ့ အယူအဆတွေဟာ ဂရိသဒ္ဒါကို အခြေခံပြီး ဂရိက လက်တင်၊ လက်တင်က အင်္ဂလိပ်၊ အင်္ဂလိပ်က မြန်မာဘာသာစကားလေ့လာတဲ့နယ်ပယ်အထိ ပျံ့နှံ့လာတာကို ပြောပြီးပါပြီ၊ တစ်ချိန်က အင်္ဂလိပ်ဘာသာစကားမှာ အသုံးတွင်ကျယ်တဲ့ ဝါစင်္ဂရှစ်ပါးအယူအဆကို ဒီနေ့ဘာသာစကားလေ့လာတဲ့ ပညာရှင်တွေက လက်မခံတော့ပါဘူး၊ အဲဒီလိုပဲ မြန်မာဘာသာစကားကို လေ့လာတဲ့ပညာရှင်တွေကလည်း ဝါစင်္ဂရှစ်ပါး၊ ကိုးပါး အယူအဆတွေကို ပြန်လည်စိစစ်ကြတာပေါ့၊ နာမ်နဲ့ ကြိယာကတော့ ပညာရှင်အားလုံး လက်ခံတဲ့ ဝါစင်္ဂနှစ်ပါးပါပဲ"

"ဟုတ်ကဲ့ပါ"

"နာမ်နဲ့ကြိယာကို ပစ္စည်းအမျိုးမျိုးနဲ့ တွဲသုံးရင် မြန်မာသဒ္ဒါ ကိစ္စပြီးတယ်လို့ ဆရာကြီးဦးဖိုးစိန်တို့၊ ဆရာကြီးဦးဖေမောင်တင်တို့က မိန့်ဆိုကြပါတယ်၊ ဝါစင်္ဂနှစ်ပါးအယူအဆလို့ ခေါ်နိုင်တာပေါ့"

"ဟုတ်ကဲ့ပါ"

" မြန်မာဘာသာစကားကို ဘာသာဗေဒနည်းနဲ့ လေ့လာရာမှာ ဝါစင်္ဂသုံးပါး အယူအဆကို တော်တော်ကျယ်ကျယ်ပြန့်ပြန့် လက်ခံကြပါတယ်၊ ဝါစင်္ဂသုံးပါးဟာ နာမ်ရယ်၊ ကြိယာရယ်၊ ပစ္စည်းရယ် အဲဒီသုံးပါးပဲ၊ အင်္ဂလိပ်ဝေါဟာရသုံးရင်တော့ Noun,Verb,Particle ဆိုတဲ့ ဝါစင်္ဂသုံးပါးပေ့ါ၊ ပစ္စည်းကို ဝါစင်္ဂအဖြစ် မသတ်မှတ်ရင်တော့ ဝါစင်္ဂနှစ်ပါးပေ့ါ၊ ပစ္စည်းပါထည့်ရင် ဝါစင်္ဂသုံးပါးပေ့ါ"

"ပညာရှင်နာမည်တွေရော သိပါရစေဆရာ"

"ဝါစင်္ဂသုံးပါးအယူအဆကို တွင်တွင်ကျယ်ကျယ် ဖော်ထုတ်တဲ့ ပညာရှင်က လန်ဒန်တက္ကသိုလ်၊ အရှေ့တိုင်းနှင့် အာဖရိက ပညာရှင်သင်ကျောင်း (School of Oriental and African Studies) SOAS လို့ အတိုကောက်ခေါ်တာပေ့ါ၊ အဲဒီက မြန်မာစာပါမောက္ခ ဒေါက်တာဂျေအေစတူးဝပ် (Dr.J.A.Stewart) ပါပဲ၊ ဆရာကြီးက မြန်မာနိုင်ငံမှာ နှစ်ပေါင်း ၃၀ ကျော် အမှုထမ်းပြီး မြန်မာစာ၊ မြန်မာမှုကို လေ့လာတယ်၊ အငြိမ်းစားယူပြီးတော့ အင်္ဂလန်ပြန်ပြီး မြန်မာစာပါမောက္ခအဖြစ် ပို့ချတယ်၊ ဆရာကြီးရဲ့ An Introduction to Colloquial Burmese ကျမ်းနဲ့ Manual of Colloquial Burmese ကျမ်း နှစ်ကျမ်းထင်ရှားတယ်၊ မြန်မာနှုတ်ပြောစကားနိဒါန်းနဲ့ မြန်မာနှုတ်ပြောစကားလက်စွဲပေ့ါ၊ ဆရာကြီးက အဲဒီကျမ်းတွေမှာ နာမ်၊ ကြိယာ၊ ပစ္စည်းဆိုတဲ့ ဝါစင်္ဂသုံးပါး အယူအဆကို ဖော်ပြတယ်၊ ဝါစင်္ဂရှစ်ပါး၊ ကိုးပါးထဲက တခြားဝါစင်္ဂတွေကို ချုပ်ရင်အဲဒီသုံးပါးပဲရှိတယ်လို့ ဆိုတယ်"

"ဟုတ်ကဲ့ပါ"

"နောက်ပညာရှင်တစ်ယောက်က အမေရိကန်နိုင်ငံ ယေးတက္ကသိုလ် (Yale University)က ဒေါက်တာကော်နင် (Dr. W.Cornyn) ပဲ၊ ဒီဆရာကြီးက Outline of Burmese Grammar (မြန်မာသဒ္ဒါကောက်ကြောင်း)ဆိုတဲ့ ကျမ်းကို ပါရဂူဘွဲ့အတွက် ပြုစုတင်သွင်းထားတာ၊ အဲဒီကျမ်းမှာလည်း မြန်မာစကားမှာ နာမ်၊ ကြိယာ၊ ပစ္စည်းဆိုတဲ့ ဝါစင်္ဂသုံးမျိုးပဲရှိကြောင်း ဖော်ပြတယ်၊ ဒေါက်တာစတူးဝပ်ရဲ့ ကျမ်းတွေကို သူမလေ့လာဖူးဘဲ အယူအဆချင်းတူတဲ့အကြောင်း ဖော်ပြထားတယ်၊ မြန်မာဘာသာစကား လေ့လာရာမှာ အဲဒီပညာရှင် နှစ်ယောက်ရဲ့ဝါစင်္ဂအယူအဆဟာ တော်တော်တွင်ကျယ်ပါတယ်"

"ဝါစင်္ဂရှစ်ပါး၊ ကိုးပါးကို ချုပ်လိုက်ရင် သုံးပါးပဲရှိတယ်ဆိုတဲ့ အယူအဆကို ရှင်းပြပေးပါဦး ဆရာ"

"အသေးစိတ်တော့ အဲဒီကျမ်းတွေမှာ လေ့လာနိုင်ပါတယ်၊ အချုပ်ပြောရရင်တော့ နာမ်စားက နာမ်ထဲမှာ အကျုံးဝင်တယ်၊ နာမ်တွေ၊ ကြိယာတွေကို၊ နာမဝိသေသန၊ ကြိယာဝိသေသနအဖြစ် သုံးနိုင်တာမို့ အဲဒီဝါစင်္ဂတွေကလည်း နာမ်၊ ကြိယာတွေထဲမှာ အကျုံးဝင်တယ် ဝိဘတ်၊ သမ္ဗန္ဓ၊ ပစ္စည်းတွေကို ခြုံပြီး ပစ္စည်းအဖြစ် သတ်မှတ်နိုင်တယ်၊ အာမေဍိတ်ကိုတော့ သီးခြားဝါစင်္ဂအဖြစ် မသတ်မှတ်ဘဲ နာမ်၊ ကြိယာတွေအဖြစ် မှတ်ယူတယ်၊ ဒီတော့ ချုပ်လိုက်ရင် နာမ်၊ကြိယာ၊ ပစ္စည်းဆိုတဲ့ ဝါစင်္ဂသုံးပါးပဲရှိတယ်ဆိုတဲ့ သဘောပါပဲ"

"ဟုတ်ကဲ့ပါ"

"နာမ်၊ ကြိယာ၊ ဝိဘတ်၊ အထူးပြုဆိုပြီး ဝါစင်္ဂလေးပါးသတ်မှတ်တဲ့ အယူအဆလည်း ရှိတယ်၊ ဒီအယူအဆအရ ကိုယ့်ဟာကိုယ်ရပ်တည်နိုင်တဲ့ ဝိဘတ်တွေကို ဝါစင်္ဂတစ်ခုအဖြစ် သတ်မှတ်တယ် 'သံဘူးကို ရေခွက်အဖြစ် သုံးနိုင်သည်' ဆိုတဲ့ ဝါကျမှာ 'အဖြစ်' ဆိုတဲ့ ဝိဘတ်မျိုးပေ့ါ၊ ပြီးတော့ နာမဝိသေသနနဲ့ ကြိယာဝိသေသနဆိုတဲ့ ဝါစင်္ဂနှစ်မျိုးကို 'အထူးပြု' ဆိုပြီး တစ်မျိုးတည်းပေါင်းလိုက်တယ်၊ ဒါလည်း အယူအဆတစ်မျိုးပေ့ါ၊ သိသာရုံပြောပြတာပါ၊ ဆက်ကြသေးတာပေ့ါ"

**"ဟုတ်ပါတယ်၊ ရှေးကဆိုရင် "သဒ္ဒတ်မတာစတ်မတာ သဒ္ဒါမတတ်စာမတတ်" လို့ စကားလိမ်နဲ့ဆိုထားတဲ့ အဆိုအမိန့် ရှိတာပေ့ါ၊ ဒါပေမယ့် အဲဒီအဆိုအမိန့်ဟာ ကိုယ့်မိခင်ဘာသာစကားဖြစ်တဲ့ မြန်မာစကားနဲ့ မဆိုင်ဘူး၊ တိုင်းခြားဘာသာစကား ဖြစ်တဲ့ ပါဠိဘာသာကို သင်တဲ့အခါ ပါဠိသဒ္ဒါနည်းတွေ တတ်ဖို့လိုတယ်ဆိုတဲ့ အဓိပ္ပာယ်ပါ၊ ပါဠိဘာသာအပါအဝင် တခြား ဘာသာစကားတစ်ခုခုကို သင်ရင် အဲဒီ ဘာသာစကားရဲ့သဒ္ဒါကိုတတ်ဖို့လိုတာပေ့ါ "**

# လေထုညစ်ညမ်းမှုက ကလေးငယ်သန်းပေါင်းများစွာကို ဦးနှောက်ထိခိုက်အောင် လုပ်ဆောင်နေ

**ကလျာမိုးမြင့်**

ကမ္ဘာတစ်ဝန်းလုံးမှာရှိတဲ့ကလေးငယ်ပေါင်း ၁၇ သန်းလောက်ဟာ အဆိပ်သင့်တဲ့လေကိုရှူရှိုက်နေရပြီး ၎င်းတို့ရဲ့ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်ခံနေရတယ်လို့ ကုလသမဂ္ဂကလေးများ အရေးပေါ်ရန်ပုံငွေအဖွဲ့ (UNICEF)ရဲ့ အစီရင်ခံစာတစ်စောင်မှာ ဖော်ပြခဲ့ပါတယ်။ ဒီလိုထိခိုက်ခံစားရတဲ့ ကလေးငယ်တွေရဲ့ သုံးပုံနှစ်ပုံကျော်လောက်က တောင်အာရှမှာ နေထိုင်ကြတဲ့ ကလေးငယ်တွေဖြစ်နေပြီး ၎င်းတို့ဟာ ညစ်ညမ်းတဲ့လေထုကို သတ်မှတ်ထားတဲ့ အတိုင်းအတာထက် ခြောက်ဆလောက်ပိုပြီး ထိတွေ့နေကြရတယ်လို့သိရပါတယ်။

ညစ်ညမ်းတဲ့လေအတွင်းမှာပါဝင်တဲ့ အမှုန်အမွှားတွေက ဦးနှောက်တစ်သျှူးတွေကို ထိခိုက်စေနိုင်ပြီး သိမြင်မှုပိုင်းဆိုင်ရာဖွံ့ဖြိုးမှုကို ယိုယွင်းအားနည်းလာစေတယ်လို့ အစီရင်ခံစာထဲမှာ ဖော်ပြထားပါတယ်။ အသက်ရှည်ကျန်းမာမှုပိုင်းမှာလည်း နောက်ဆက်တွဲဆိုးကျိုးပြဿနာတွေ ဖြစ်လာနိုင်ဖွယ်ရှိတယ်လို့ ဆိုပါတယ်။

လေထုညစ်ညမ်းခြင်းဟာ ကလေးသူငယ်တွေရဲ့ ကျန်းမာရေးကို တစ်ကမ္ဘာလုံး အတိုင်းအတာအားဖြင့် အကြီးဆုံးခြိမ်းခြောက်လာတဲ့ အန္တရာယ်တစ်ခုဖြစ်ပါတယ်။ နှစ်စဉ်နှစ်တိုင်း အသက်ငါးနှစ်အောက် ကလေးငယ် ၆၂၀၀၀၀ လောက်ဟာ အဆုတ်ရောင်ရောဂါကို ခံစားနေကြရပြီး အသက် တစ်နှစ်အောက်ကလေးငယ်တွေမှာဆိုရင် အန္တရာယ်အကြီးဆုံးဖြစ်နေပါတယ်။

**နို့စို့ကလေးငယ်တွေရဲ့ဦးနှောက်ကိုထိခိုက်စေခြင်း**

ဦးနှောက်ဟာ ကလေးငယ်ရဲ့ပထမဆုံးရက်ပေါင်း ၁၀၀၀ အတွင်းမှာ အဓိကကျတဲ့ဖွံ့ဖြိုးမှုတွေစတင်လာပြီး ဒီအဆင့်မှာ အခြေခံကျတဲ့ ဦးနှောက်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုတွေ စတင်ဖွဲ့စည်းလာပါတယ်။ ဒီလိုအရေးကြီးတဲ့ အချိန်ကာလအတွင်းမှာ ညစ်ညမ်းတဲ့လေထုနဲ့ ထိတွေ့လိုက်ခြင်းက ဖွံ့ဖြိုးမှုကိုအကျိုးသက်ရောက်စေနိုင်တာဖြစ်တယ်လို့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။

ဖွံ့ဖြိုးမှုဖြစ်နေစဉ်အတွင်းမှာ နုငယ်တဲ့ ဦးနှောက်ဟာ အထူးသဖြင့် အသေးငယ်ဆုံးဆိုတဲ့ အဆိပ်ရှိဓာတု ပစ္စည်းတွေကိုတောင်မှ ခံနိုင်ရည် မရှိပါဘူး။ ဒီအခြေအနေတွေက ကလေးငယ်ကို အသက်ရှူနှုန်း ပိုပြီးမြင့်မားလာစေခြင်းအားဖြင့် ပိုဆိုးအောင်လုပ်ပြီး အဆိပ်သင့်တဲ့လေကို ပိုပြီးရှူရှိုက်မိစေတာဖြစ်တယ်လို့ သိရပါတယ်။



ဦးနှောက်ပိုင်းဆိုင်ရာ ချိတ်ဆက်မှုတွေက ကလေးငယ်ရဲ့ အကောင်းဆုံးတွေးခေါ်နိုင်မှု၊ သင်ယူလေ့လာမှု၊ ကျန်းမာရေး၊ မှတ်ဉာဏ်၊ ဘာသာစကားနဲ့အခြားစွမ်းရည်တွေကို ပံ့ဖော်ပေးတာဖြစ်တဲ့အတွက် လေထုညစ်ညမ်းမှုကို ကြိမ်ဖန်များစွာ ရှူရှိုက်ရတဲ့အခါ ဦးနှောက်ပိုင်းဆိုင်ရာချိတ်ဆက်မှုကို အနှောင့်အယှက်ဖြစ်လာပြီး ကလေးငယ်ရဲ့ဦးနှောက်ဖွံ့ဖြိုးမှုကို ထိခိုက်စေတာ ဖြစ်ပါတယ်။

**စီအင်န်အင်န်**

ခရီးသွားဆောင်းပါး

# ရှေးဟောင်းသမိုင်းဝင် မြင်းမထိလိုဏ်ဂူ

မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-ခင်ဇွန်ဇာလင်း


မြင်းမထိလိုဏ်ဂူအဝင် တန်ဆောင်းကို တွေ့ရစဉ်။

ကလောမြို့က ထွက်လာကတည်းက ရာသီဥတုက အေးစိမ့်စိမ့်ဖြစ်နေသည်။ ရှုလေတိုင်းမှိုင်းမှုန်ဝေဆိုင်းနေသော မြူနှင်းများ၊ စိမ်းညို့နေသည့်လွမ်းမောဖွယ်ရာ တောင်ကုန်းများ၊ စိုက်ပျိုးလက်စ ဟင်းသီးဟင်းရွက်စိုက်ခင်းများက စိတ်နှလုံးကို ညို့ယူဖမ်းစားသလိုရှိနေသည်။ ဆောင်းရာသီ အအေးဓာတ်က ကလောမြို့နယ်တစ်ခွင်ကို လွှမ်းခြုံရစ်ဆိုင်းလျက်ရှိနေရာ ဆွတ်ပျံ့ကြည်နူးဖွယ်ကောင်းနေတော့သည်။

ကျွန်တော်တို့ စီးလာသောကားက ကလောမြို့အရှေ့တောင်ဘက်သို့ ထွက်လိုက်သည်နှင့် မြင်ကွင်းများက ပြောင်းလဲသွားသည်။ တောင်ကုန်းဆင်ခြေလျှောများတွင် စနစ်တကျ အကွက်လိုက်စိုက်ပျိုးထားသော စိုက်ခင်းများတွင် လုပ်ငန်းခွင်ဝင်နေသူများကို တွေ့ရသည်။ ပန်းဂေါ်ဖီ၊ မုန်လာ၊ မုန်ညင်း၊ ပြောင်း၊ နေကြာ၊ လက်ဖက်စိုက်ခင်းများ၊ ကြက်သွန်စိုက်ခင်းများကို တွေ့ရသဖြင့် စိုက်ပျိုးရေးအောင်မြင်ဖြစ်ထွန်းသော ဒေသဖြစ်ကြောင်း ထုတ်ဖော်ပြသလိုပင်ဖြစ်သည်။

“ဟိုး…မှာ တွေ့ရတာ မြင်းမထိတောင်ပေါ့”ဟု အတူလိုက်ပါလာသူကို ကျွန်တော်လက်ညှိုးထိုးပြီး ပြောပြလိုက်သည်။ ကလောမြို့ဝန်းကျင် ဒေသကိုကျွန်တော် အကြိမ်ကြိမ်ရောက်ခဲ့ဖူးသဖြင့် သဘာဝပတ်ဝန်းကျင်နှင့် ဘူမိအနေအထားကို ကျွန်တော်သတိပြုမိနေခြင်းဖြစ်သည်။ ယခု တောင်ကြီး-အင်းလေး-ပင်းတယသို့ လာရောက်လာစဉ် ကျွန်တော်တစ်ကြိမ်တစ်ခါမှ မရောက်ခဲ့ဖူးသေးသော မြင်းမထိလိုဏ်ဂူသို့ ရောက်အောင်လာခဲ့ခြင်းဖြစ်သည်။

မြင်းမထိလိုဏ်ဂူက ကလောမြို့နှင့် လေးမိုင်ခန့်ဝေးပြီး အောင်ပန်းမြို့မှ နှစ်မိုင်ခန့်သာဝေးသော ပင်လောင်း-ဖယ်ခုံ-လွိုင်ကော်သို့သွားသည့် ကားလမ်းဆုံမှ ပင်လောင်းဘက်သို့ လေးမိုင်ခန့်သွားလျှင် မြင်းမထိရွာသို့ ရောက်လေသည်။ မြင်းမထိရွာမှ ကားကိုဆက်လက်မောင်းနှင်ခဲ့ရာ မြင်းမထိရွာနှင့် တစ်ဆက်တည်း နှစ်ဖာလုံခန့်အကွာအဝေးတွင် မြင်းမထိလိုဏ်ဂူကို ရောက်ရှိလာခဲ့သည်။

လိုဏ်ဂူရှေ့ကားရပ်ရာနေရာတွင် ဘုရားဖူးကားများဖြင့် ပြည့်နေသည်ကိုတွေ့ရသည်။ လေအေးစက်တပ်ကားကြီးများ၊ မီနီဘတ်စ်များဖြင့် တောင်ကြီး၊ အင်းလေး၊ ပင်းတယ ခရီးစဉ်အတိုင်း ဘုရားဖူးများ၊ အပန်းဖြေ ခရီးထွက်သူများက မြင်းမထိလိုဏ်ဂူသို့ လာရောက်လည်ပတ်လေ့လာကြခြင်းဖြစ်ရာ စည်ကားနေခြင်းဖြစ်သည်။

ကားပေါ်မှ ဆင်းပြီး မြင်းမထိလိုဏ်ဂူအဝင်ဝရှေ့တွင် ရပ်ကာ မြင်းမထိတောင်ကြောပေါ်တွင် တည်ရှိနေသာ မြင်းမထိလိုဏ်ဂူအကြောင်း လေ့လာခဲ့ဖူးသည်ကို အတွေးထဲပြန်ပေါ်လာသည်။ မြင်းမထိလိုဏ်ဂူဟု အလွယ်ခေါ်ဆိုကာ နာမည်ကြီးနေသော်လည်း အမှန်စင်စစ်မှာ ဥဏ္ဏာလုံမွေ့ရှင်တော် ကိန်းဝပ်ရာ သဘာဝလိုဏ်ဂူဟုခေါ်ဆိုကြကြောင်း သိရသည်။ ကျွန်တော်တို့ ကားဝင်လာခဲ့သော မုခ်ဦးအဝင်ဝနဖူးစည်းဆိုင်းဘုတ်တွင် ဥဏ္ဏာလုံမွေ့ရှင်တော်ကိန်းစပ်ရာ သဘာဝလိုဏ်ဂူ ဘုရားဟု ရေးထိုးထားသည်ကို တွေ့ခဲ့ရသည်။

တကယ်တော့ မြင်းမထိဆိုသည်မှာ ယခုမြင်တွေ့နေရသော တောင်ကြောတစ်ခွင်တွင် လွန်ခဲ့သည့်နှစ်များစွာက အင်အားကြီးမားသည့် မြင်းကြီးလေးကောင် ထွက်ထွက်လာပြီး လူတို့စိုက်ပျိုးထားသော ကောက်ပဲသီးနှံများကို စားသောက်ကြသည်။ ခြောက်လှန့်မောင်းထုတ်မရသဖြင့် ပုဂံပြည့်ရှင် အနော်ရထာမင်းထံ အကူအညီတောင်းခံကြရာ အနော်ရထာမင်းလည်း ကျန်စစ်သား၊ ငထွေးရူး၊ ငလုံးလက်ဖယ်၊ ညောင်ဦးဖီးစသည့် သူရဲကောင်း လေးဦးကို စေလွှတ်ခဲ့သည်။ သူရဲကောင်းလေးဦးတို့က မြင်းကြီးများကို ရေသို့ဆင်းအောင်ကြံပြီး ခုန်အုပ်ဖမ်းယူကာ စီး၍ရအောင် လေ့ကျင့်ကာ ပုဂံနေပြည်တော်သို့ ယူဆောင်လာခဲ့ကြသည်။




မြင်းများထွက်လာသောရွာကို မြင်းတွင်းရွာဟု ခေါ်တွင်ခဲ့ပြီး ယခုတိုင် ကလောမြို့နယ်နှင့် ပင်လောင်းမြို့နယ်အဝင်ရှိ ဘီလူးချောင်းအနီးတွင်တည်ရှိနေသည်။ မြင်းများ ထွက်မပြေးနိုင်ရန် ဝိုင်းဝန်းဖမ်းသည့်နေရာကို မြင်းဝန်းရွာဟုခေါ်ဆိုခဲ့ရာ ကာလကြာသည့်အခါ အင်းဝန်းရွာ အမည်ဖြင့် မြင်းမထိရွာ၏ အရှေ့ဘက် တစ်မိုင်ကျော်အကွာတွင်တည်ရှိနေသည်။ သူရဲကောင်းလေးဦးတို့ မြင်းများကို စီး၍လာခဲ့ရာ မြင့်မားသောတောင်ကြီး တစ်တောင်တွေ့မြင်ရသဖြင့် မြင်းစီးပြီးခုန်ကျော်ခဲ့ရာ တောင်ကိုမထိအောင် ခုန်ကျော်နိုင်ခဲ့ရာမှ မြင်းမထိတောင်ဟု ခေါ်ဝေါ်ခဲ့ကြခြင်းဖြစ်ကြောင်း လေ့လာမှတ်သားခဲ့ဖူးသည်ကို ပြန်သတိရမိသည်။

အတွေးစကို ဖြတ်ပြီး ကျွန်တော်တို့ မြင်းမထိလိုဏ်ဂူအတွင်း ဝင်ရောက်ခဲ့သည်။ ကျွန်တော့်အနေဖြင့် မြန်မာနိုင်ငံတစ်ဝန်း နာမည်ကြီး လိုဏ်ဂူအတော်များများသို့ ရောက်ရှိခဲ့ဖူးသော်လည်း ယခုမြင်းမထိလိုဏ်ဂူမှာ အတော်ကျဉ်းမြောင်းသည့်ဂူဖြစ်ပြီး ဂူအတွင်းကျယ်ပြန့်သည့်နေရာအနည်းငယ်သာရှိကြောင်း သတိပြုမိသည်။ လိုဏ်ဂူ အဝင်လမ်းမှာ လှေကားထစ်များပြုလုပ်ထားပြီး ဘေးတစ်ဖက်တစ်ချက်တွင် လက် ကိုင်တန်းများလည်း တပ်ဆင်ပေးထားရာ သွားလာရ အဆင်ပြေလေသည်။

လိုဏ်ဂူအတွင်း ဖြည်းဖြည်းချင်း ဝင်ရောက်ခဲ့ရာ တစ်နေရာ၌ ရသေ့ဖိုလ်ဝင်ဂူရာစုနှစ်အလိုက် ဗုဒ္ဓဆင်းတုတော်များကို တွေ့ရသည်။ ဗုဒ္ဓဆင်းတုတော်များကို ဖူးမြော်နိုင်ရန် ကြွေပြားများ ခင်းထားရာ အောက်ခံအအေးဓာတ်ကြောင့် ခြေဖဝါးများ အေးစက်သည့်အထိ အတွေ့ကို ခံစားရသည်။ ထိုင်လျက် ရုပ်ပွားတော်များဖြစ်ပြီး ခေတ်အလိုက်ဆင်းတုတော် လက်ရာမျိုးစုံဖူးမြော်ရသည်။

ဂူအတွင်း ဆက်လက်ဝင်ရောက်ခဲ့ရာ လိုဏ်ဂူနံရံတစ်နေရာ၌ နတ်သမီးသနပ်ခါးကျောက်ပျဉ်ဟု ရေးထိုးထားသည်ကို တွေ့ရသဖြင့် မေးမြန်းကြည့်ရာ အသားအရေလှပပြီး ကျန်းမာစေကြောင်း သိရသည်။ ကျောက်ပျဉ်တွင် လက်ဖဝါးဖြင့် ပွတ်ကာ မျက်နှာပြင်ကို လိမ်းနေကြသည့် အမျိုးသမီးများကို တွေ့ရသည်။

လိုဏ်ဂူအတွင်း အနည်းငယ်ဝင်မိသည်နှင့် ရှေးဟောင်းသမိုင်းဝင် လက်ဆောင်ခံ စေတီငယ်တစ်ဆူကို ဖူးတွေ့ရသည်။ ဆက်လက်ပြီး ဝင်ရောက်ခဲ့ရာ သီရိဓမ္မာသောကမင်းကြီး တည်ထားခဲ့သော ရှေးဟောင်းသမိုင်းဝင် ဥဏ္ဏာလုံမွေ့ရှင်တော်စေတီတော်မြတ်ကို ရွှေရောင်ဝင်းပစွာ ဖူးတွေ့ရသည်။ လိုဏ်ဂူနံရံ၊ ကျောက်စက်ပန်းဆွဲတို့ နောက်ခံဖြင့် ဥဏ္ဏာလုံမွေ့ရှင်တော်စေတီမှာ ကြည်ညိုသပ္ပာယ်ဖွယ်ရာအထိဖြစ်ရာ လက်အုပ်ချီမိုး ရှိခိုးပူဇော်လိုက်သည်။ ကျွန်တော့်လို လက်အုပ်ချီမိုး ဖူးမြော်နေကြသူများကိုလည်း တွေ့ရသည်။

ဦးချကန်တော့ပြီးနောက် စေတီတော်ကို ကြည်ညိုလေ့လာမိသည်။ ဥဏ္ဏာလုံမွေ့ရှင်တော်စေတီတော်မြတ်ကို မူလတည်ထားကိုးကွယ်ခဲ့သော ဒါယကာမှာ သီရိဓမ္မာသောကမင်းဖြစ်သည်။ မြတ်စွာဘုရား၏ မျက်မှောင်တော်၌ ပေါက်ရောက်သော ဥဏ္ဏာလုံမွေ့တော်ဓာတ်ကို ဤစေတီတွင် ဌာပနာထည့်သွင်းတည်ထားခဲ့ခြင်းဖြစ်သည်။ နောက်ပိုင်း၌ ဆက်လက်တည်ထားကိုးကွယ်ခဲ့သည်မှာ ပုဂံအနော်ရထာမင်းဖြစ်ကြောင်း သိရသည်။

ကျွန်တော်တို့ ဥဏ္ဏာလုံမွေ့ရှင်တော်စေတီအား ဖူးမြော်ပြီးနောက် လိုဏ်ဂူအတွင်း ဆက်လက်ဝင်ရောက်ခဲ့ကြသည်။ ဘုရားဖူးများပြားသည့်အတွက် ကျဉ်းမြောင်းသော ဂူအတွင်း၌ ဖြည်းဖြည်းချင်းသွားကာ လိုဏ်ဂူအနေအထားကို လေ့လာရသည်။ ခဏအကြာ နတ်သမီးရေကန်ဟု ရေးသားထားသော တွင်းငယ်တစ်တွင်းသို့ ရောက်လာခဲ့ရာ တွင်းငယ်အတွင်းရှိရေက ကြည်လင်နေသည်ကို တွေ့ရသည်။ လူအချို့က တွင်းမှ ရေအနည်းငယ်ယူကာ မျက်နှာသစ်ကြသည်။ မျက်နှာပွင့်လန်းကာ ကျန်းမာရေးကောင်းသည်ဟု ဆိုသည်။

ဆက်လက်ပြီး လျှောက်လာခဲ့ရာ ဂူအတွင်းတစ်နေရာ၌ ရေပေါ်နဂါးရုံဓာတ်တော်ရှင်လာဘမုနိဘုရားကို အခြားဆင်းတုတော်များအတူ ဖူးတွေ့ရသည်။ ကျောက်စက်ပန်းဆွဲများ၊ ကျောက်စက်မိုး မျှော်များကို မြင်တွေ့ရပြီးနောက် ဆက်လက်ဝင်ရောက်လာခဲ့ရာ လိုဏ်ဂူနံရံတွင် ထူးဆန်းဖွယ်ရာ ကျောက်ဗောဓိပင်ကို တွေ့မြင်ရသည်။ ကျောက်ပန်း၊ ကျောက်ခက်များက ဗောဓိပင်တစ်ပင်အလား ဖြစ်ပေါ်နေခြင်းဖြစ်သည်။

လိုဏ်ဂူအတွင်း မြတ်စွာဘုရားဒေသစာရီ ကြွချီတော်မူပုံ ဗုဒ္ဓမတ်ရပ်ရုပ်ပွားတော်များ၊ ကျောက်ဖား၊ ရွှေဟင်္သာနှင့် ဆင်ဖြူတော်ပုံ၊ အနော်ရထာမင်းကြီးတည်ထားကိုးကွယ်ခဲ့သောစေတီနှင့် နှစ်ကျိပ်ရှစ်ဆူ ရုပ်ပွားတော်များကို မြင်တွေ့ဖူးမြော်ရသည်။ လိုဏ်ဂူအချို့နေရာတွင် လူတစ်ကိုယ်စာသာ သွားလာရသော နေရာများ ကျောက်စက်ပန်းဆွဲများမှ ရေစိမ့်ကျသဖြင့် လိုဏ်ဂူ အောက်ခြေ၌ ရေများ စိုစွတ်နေသည့်နေရာများကို သတိပြုသွားလာရသည်။ ခြေဖဝါးတွင် စိုစွတ်နေသော ရေက ကျောက်စက်ရေဖြစ်သဖြင့် တစ်ကိုယ်လုံး အေးစိမ့်နေအောင် ခံစားရသည်။ တချို့နေရာများ၌ အသက်ရှူရသည်မှာ မဝသလိုလည်း ခံစားရသည်။

ကျွန်တော်တို့ မြင်းမထိလိုဏ်ဂူအတွင်းမှ ပြန်ထွက်လာခဲ့ကြသည်။ မြင်းမထိလိုဏ်ဂူသည် ရှေးနှစ်ပေါင်း ထောင်ချီသော သက်တမ်းရှိသော သဘာဝကျောက်လိုဏ်ဂူဖြစ်ပြီး လိုဏ်ဂူအတွင်းရှိ စေတီပုထိုးများမှာလည်း လွန်ခဲ့သည့်နှစ် ၂၃၀၀ ကျော်ကတည်းက တည်ထားကိုးကွယ်ခဲ့သည့် စေတီများဖြစ်ကြောင်း သိရသည်။ လိုဏ်ဂူအတွင်းလမ်းအရှည်မှာ ၁၀၂၈ ပေရှိပြီး မြင်းမထိတောင်မှာ ပင်လယ်ရေမျက်နှာပြင်ထက် ၄၃၁၅ ပေမြင့်သည့်နေရာတွင် တည်ရှိသည်ဖြစ်ရာ မြင့်မားသည့်တောင်လည်း ဖြစ်သည်။

ကျွန်တော်တို့ မြင်းမထိလိုဏ်ဂူမှ ထွက်လာပြီးနောက် အဝင်စောင်းတန်းတစ်လျှောက် ရောင်းချနေသာ ဈေးဆိုင်များကို လိုက်လံကြည့်ရှုကြသည်။ လက်ဖက်ခြောက်၊ တို့ဟူးခြောက်၊ လက်ဖက်စို၊ ရှမ်းရိုးရာ အသုံးအဆောင်နှင့် အဝတ်အထည်များ၊ ဒေသထွက်ကုန်များကို ဈေးသက်သာစွာ ရောင်းချနေသည်ကို တွေ့ရသည်။ စောင်းတန်းအပြင်ဘက်တွင်လည်း မြေပြင်တွင် ပစ္စည်းများ ခင်းကျင်းကာ ကြက်သွန်ဖြူ၊ နေကြာစေ့၊ လိမ္မော်သီးများကို ရောင်းချနေရာ ဘုရားဖူးများက စိတ်တိုင်းကျ ဝယ်ယူနေကြသည်ကို တွေ့ရသည်။

ခရီးလမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာသဖြင့် ပွင့်လင်းရာသီ၊ အားလပ်ရက်များတွင် အပန်းဖြေခရီး၊ ဘုရားဖူးခရီးထွက်ကြသူ တဖြည်းဖြည်းများပြားလာရာ မြင်းမထိ လိုဏ်ဂူသို့လည်း နေ့စဉ်ခရီးသွားများ မပြတ်တမ်း လာရောက်လျက်ရှိနေကြသည်ကို တွေ့ရသည်။

နေရာဒေသတိုင်းတွင် စိတ်ဝင်စားဖွယ်၊ ထူးဆန်းဖွယ်များအပြင် လှပသော ကမ်းခြေများ၊ စေတီပုထိုးများ၊ ရှေးဟောင်းမြို့ပြများကိုပါ ပိုင်ဆိုင်ထားသည့် မြန်မာနိုင်ငံတွင် မြင်းမထိလိုဏ်ဂူကလည်း စိတ်ဝင်စားဖွယ်ကောင်းသော သဘာဝ ကျောက်လိုဏ်ဂူတစ်ခုအဖြစ် တည်ရှိနေရာ ခရီးသွား ခရီးစဉ်တစ်ခုအဖြစ် ထင်ရှားလာသည့် နေရာတစ်ခုဖြစ် ရောက်ရှိနေပြီဖြစ်သည်။ ။



အ ခွင့် အ လမ်း ဖွေ ရှာ ဘ ဝ အ တွက် တာ

မြန်မာနိုင်ငံသည် အာဆီယံစီးပွားရေးအသိုက်အဝန်းသို့ ဝင်ရောက်ခဲ့ပြီဖြစ်ရာ မိမိတို့ လူသားအရင်းအမြစ်များကို ကျွမ်းကျင်လုပ်သားများအဖြစ် လေ့ကျင့်ပျိုးထောင်ပြီး အာဆီယံနိုင်ငံများ၏ ဘုံအလုပ်သမားဈေးကွက်၌ အရည်အသွေးပြည့်ဝစွာ ယှဉ်ပြိုင်နိုင်ရေးအတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားများအားလုံးတွင် တာဝန်ကိုယ်စီရှိပါသည်။ မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်ရှိပြီး အလုပ်လုပ်နိုင်သူဦးရေမှာ ၃၂ သန်းကျော်ရှိသည်။ ထို့အပြင် တစ်နိုင်ငံလုံး၏ ၆၇ ရာခိုင်နှုန်းသော အလုပ်လုပ်နိုင်သည့် လူစွမ်းအား အရင်းအမြစ်များသည် ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်များကိုရရှိကာ ကျွမ်းကျင်သည့် အလုပ်သမားများအဖြစ် ရပ်တည်နိုင်ကြပြီး နိုင်ငံတော်အတွက် မှန်ကန်သည့်ဝင်ငွေလမ်းကြောင်း၊ တိုင်းပြည်တိုးတက်ကြီးပွားရေးအတွက် ဘက်ပေါင်းစုံမှ ကူညီပံ့ပိုးသူများဖြစ်လာစေရန် ရည်ရွယ်ကာ ပြည်တွင်း၊ ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ၊ အလုပ်သမားများအတွက် သိသင့်သိထိုက်သည်များ၊ ကျွမ်းကျင်မှုစနစ်များ၊ လိုအပ်ချက်များ၊ လူမှုဖူလုံရေးခံစားခွင့်များအကြောင်းကို အလျဉ်းသင့်သလို တင်ဆက်သွားရန် ရည်ရွယ်ထားပါသည်။

# ပြည်ပရောက်အလုပ်သမားများနှင့် မိသားစုများ အခက်အခဲရှိက ဆက်သွယ်ပါ

**ခင်ရတနာ**



ပြည်ပတွင် အလုပ်သွားရောက်လုပ်ကိုင်ကြသူများအနက် အဆင်ပြေကြသူများ၏ အောင်မြင်မှုများလည်းရှိသည့်နည်းတူ အဆင်မပြေကြသူများ၏ ဒုက္ခဆင်းရဲများသည်လည်း ဒုနှင့်ဒေး မြင်တွေ့ရသည်။ မည်သို့ပင်ဆိုစေ ရေကြည်ရာ မြက်နုရာ ရွှေ့ပြောင်းသွားလာခြင်းသည် တားဆီးရန်မလွယ်ကူသည့် ကိစ္စရပ်ပင်ဖြစ်ပြီး ယင်းတို့ကို ကာကွယ်စောင့်ရှောက်ရန်မှာ အားလုံးတွင်တာဝန်ရှိပါသည်။

"ပြည်ပနိုင်ငံတွေမှာ သွားရောက်လုပ်ကိုင်ကြတဲ့ မြန်မာနိုင်ငံသားတွေ တရားဝင်ထွက်ခွာမှုဖြစ်လာရေးနဲ့ အလုပ်သမားတွေကို ကာကွယ်စောင့်ရှောက်မှုပေးနိုင်ရေး၊ သက်ဆိုင်ရာနိုင်ငံတွေရဲ့ဥပဒေတွေနဲ့အညီ ခံစားခွင့်တွေ ပိုပြီးရရှိနိုင်ဖို့ ပြည်ပအလုပ်လုပ်ကိုင်မှု ကြီးကြပ်ရေးကော်မတီကနေ ဆောင်ရွက်ပေးနေပါတယ်။ ဒါ့အပြင်ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနနဲ့ Complaints Mechanism Center တွေကို ဖွင့်လှစ်ထားပြီး ၂၄ နာရီပတ်လုံး ဝန်ကြီးဌာနက တာဝန်ရှိသူတွေက အလုပ်သမားရေးရာကိစ္စတွေကို ကူညီလက်ခံဖြေရှင်းပေးနေတာဖြစ်ပါတယ်"ဟု အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်က ရှင်းပြသည်။

၁၉၉၀ ပြည့်နှစ်မှစတင်ကာ ပြည်ပနိုင်ငံများသို့ ရွှေ့ပြောင်းလုပ်သားများ စတင်သွားရောက်လုပ်ကိုင်ကြပြီး ၁၉၉၉ ခုနှစ်တွင် ပြည်ပအလုပ်အကိုင်လိုင်စင်ရ အကျိုးဆောင် ကုမ္ပဏီများကို တရားဝင်စတင်ခွင့်ပြုပေးခဲ့ရာ လက်ရှိအချိန်တွင် အကျိုးဆောင်အေဂျင်စီစုစုပေါင်း ၂၅၀ကျော်အထိ ရှိလာပြီဖြစ်သည်။

"မှန်ကန်တဲ့အကျိုးဆောင်တွေဖြစ်ဖို့လိုအပ်သလို တရားဝင် သွားရောက်ခွင့်ရဖို့လည်း လိုအပ်ပါတယ်၊ အခုနောက်ပိုင်းမှာ အေဂျင်စီတွေအများကြီးဖြစ်လာတော့ ရွေးချယ်စရာ ပိုပြီးရလာပါတယ်၊ ဒါပေမယ့် မှန်ကန်ပြီး နာမည်ရတဲ့ ကုမ္ပဏီတွေကို ရွေးချယ်တတ်ဖို့တော့ လိုအပ်တယ်၊ အချို့ကုမ္ပဏီတွေက မူလ ကြော်ငြာထားတာနဲ့ ကွဲလွဲတာမျိုးတွေရှိတဲ့အခါ အလုပ်သမားတွေက အလုပ်သမားက တာဝန်ရှိသူတွေဆီ အကူအညီတောင်းကြတယ်၊ အရင်က ပြဿနာဖြစ်ပေမယ့် ဒီကိုပြန်ရောက်မှ ဖြေရှင်းရတာမျိုးတွေရှိခဲ့တယ်၊ နောက်ပိုင်းမှာ အလုပ်သမားသံအရာရှိတွေရှိလာတော့ အရင်ထက်အများကြီး အဆင်ပြေလာတယ်၊ အလုပ်သမားအချင်းချင်း ပူးပေါင်းဆောင်ရွက်နေကြတဲ့ အဖွဲ့အစည်းတွေလည်းရှိလာတော့ အရင်ထက်စာရင် အများကြီး အလုပ်သွားရတာ ကောင်းလာပါတယ်"ဟု မလေးရှားနိုင်ငံတွင် သွားရောက်အလုပ် လုပ်ကိုင်ခဲ့ဖူးသူ ကိုဇင်မင်းထွန်းက ပြောပြသည်။

နိုင်ငံရပ်ခြားသို့ သွားရောက်အလုပ်လုပ်ကိုင်နေသူအများစုမှာ ထိုင်း၊ မလေးရှား၊ တောင်ကိုရီးယား၊ စင်ကာပူနှင့် ဂျပန်နိုင်ငံများတွင် လုပ်ကိုင်လျက်ရှိကြပြီး တရားဝင်သွားရောက်သူဦးရေမှာ ထိုင်းနိုင်ငံတွင် သုံးသိန်းနီးပါး၊ မလေးရှားနိုင်ငံတွင် နှစ်သိန်းနီးပါး၊ ကိုရီးယားနိုင်ငံတွင် သုံးသောင်း ဝန်းကျင်၊ စင်ကာပူနိုင်ငံတွင် ၂၀၀၀နီးပါး၊ ဂျပန်နိုင်ငံတွင် ၁၀၀၀၀ နီးပါးတို့ဖြစ်ကြောင်း သိရှိရပြီး တရားမဝင်အားဖြင့် ထိုင်းနိုင်ငံတွင် ၁ ဒသမ ၆ သန်းဝန်းကျင်နှင့် မလေးရှားနိုင်ငံတွင် သုံးသိန်းကျော်တို့ သွားရောက်လုပ်ကိုင်နေကြောင်း ပြည်ပရောက် အလုပ်သမားအဖွဲ့အစည်းများက ခန့်မှန်းကြသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ထိုင်းနိုင်ငံနှင့် မလေးရှားနိုင်ငံတို့တွင် အလုပ်သမားသံအရာရှိ နှစ်ဦးစီနှင့် ကိုရီးယားသမ္မတနိုင်ငံတွင် အလုပ်သမားသံအရာရှိတစ်ဦးကို စေလွှတ်ထားပြီး အလုပ်သမားများကြုံတွေ့နေရ သည့် အရေးကိစ္စများကို ဖြေရှင်းညှိနှိုင်းပေးရန်အတွက် ခန့်အပ်ထားကြောင်း သိရသည်။

အလုပ်သမားများတရားဝင် ပြည်ပသို့ သွားရောက်သည့်အခါ ပထမဆုံးအနေဖြင့် အလုပ်ရှင်၊ အလုပ်သမား သဘောတူ စာချုပ်ချုပ်ဆိုသွားရန် ဝန်ကြီးဌာနမှ ညွှန်ကြားထားပြီး စာချုပ်သက်တမ်း၊ လုပ်ခလစာ၊ အချိန်ပို၊ လုပ်ငန်းအမျိုးအစား၊ စား၊ ဝတ်၊ နေရေး သဘောတူညီမှု၊ ခရီးသွားလာခွင့်၊ အပြန်စရိတ်နှင့် ဆေးကုသခွင့်စသည့် အခြေခံအချက်များနှင့် အလုပ်သမားများ၏ လိုက်နာရမည့်စည်းကမ်းများကို ထည့်သွင်းထားပြီး ယင်းတို့ကို တရားဝင်လိုင်စင်ရ အေဂျင်စီများက ဆက်သွယ်ညှိနှိုင်းချုပ်ဆိုပေးရန် ဆောင်ရွက်ပေးထားကြောင်း အဆိုပါဝန်ကြီးဌာနမှ သိရှိရသည်။

"ဝန်ကြီးဌာနအနေနဲ့ လုပ်သားဈေးကွက်ကို ဖွင့်ပေးထားပါတယ်၊ ရွှေ့ပြောင်း လုပ်သားတွေဟာ နိုင်ငံတော်ကို တစ်ဖက် တစ်လမ်းကနေ ဝင်ငွေရရှိအောင် လုပ်ဆောင်ပေးနေသူတွေ ဖြစ်သလို သူတို့ရဲ့အခက်အခဲတွေ၊ပြဿနာတွေကိုလည်း အတတ်နိုင်ဆုံး ကူညီဖြေရှင်းပေးနေပါတယ်၊ အဆင်မပြေမှုတွေမှာ အလုပ်သမားတွေဘက်က အခက်အခဲ၊ အလုပ်ရှင်ဘက်က အခက်အခဲနဲ့ အေဂျင်စီတွေဘက်က အခက်အခဲအားလုံးကို ညှိနှိုင်းပေးရတာဖြစ်ပါတယ်၊ အများဆုံးဖြေရှင်းပေးရတာကတော့ အလုပ်က မူလပြောတဲ့နေရာနဲ့ တကယ်လုပ်ရတဲ့ နေရာ မတူတာ၊ လုပ်ငန်းအမျိုးအစားမတူတာတွေ အများဆုံးကြုံရတယ်၊ ကလေးတွေက တိုင်တယ်ဆိုရင် အေဂျင်စီတွေကို လအလိုက်၊ နှစ်အလိုက် ယာယီရပ်စဲတာ၊ အပြီးပိတ်သိမ်းခိုင်းတာတွေနဲ့ စည်းကမ်းထိန်းသိမ်းထားပါတယ်"ဟု ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေက ပြောကြားသည်။

**အရေးပေါ်ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များအတွက် ကူညီပေးနိုင်ရန် Complaints Mechanism Center ကို နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားပြီး ဖုန်းနံပါတ် ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀ ၂၈၄၊ ၀၁-၆၅၀၀၈၉နှင့် ၀၁-၆၅၀၁၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်သည်။**

**အရေးပေါ်အခြေအနေများတွင် အလုပ်သမားများအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် မလေးရှားနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်- ၆၀၁၁ ၂၃၅၀၅၇၁၀၊ ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ် ၆၆၀၈၆၇၇၄၆၈ ၂၅ နှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး ၀၀၈၂၂၇၉၀၃၈၄၃ တို့ကို ဆက်သွယ်နိုင်သည်။**

**အီးမေးလ်အနေဖြင့် complaint.moles@gmail.com သို့ ဆက်သွယ်ကာ အလုပ်သမားဆိုင်ရာ အရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီတိုင်ကြားနိုင်သည်။**

သို့သော် ပြည်ပသို့ သွားရောက်အလုပ်လုပ်ကိုင်လိုသူများသည် အလုပ်ချိန်ကြာမြင့်ခြင်း၊ ဘာသာစကားနှင့် ဓလေ့ထုံးစံတို့မတူညီခြင်း၊ မိသားစုနှင့်ဝေးကွာနေရခြင်း၊ ရာသီဥတုကွာခြားခြင်း၊ လုပ်ခလစာနည်းပါးခြင်းစသည့်အခက်အခဲများရှိသည်ကို ကြိုတင်တွက်ဆထားကြရန် လိုအပ်ကြောင်း သိရသည်။

"ကိုယ်မှန်းတဲ့အတိုင်း ဖြစ်လာဖို့က ရာခိုင်နှုန်းအတော်နည်းပါတယ်၊ သို့သော် ကိုယ့်နိုင်ငံမှာထက်ပင်ပန်းသလို ဝင်ငွေကလည်း ကိုယ့်ဆီမှာထက် ပိုရတာမျိုးရှိတော့ ပင်ပန်းသမျှကို ခံနိုင်ရည်ရှိကြဖို့ ပြောချင်ပါတယ်၊ နိုင်ငံခြားရောက်လာရင် ကိုယ့်မြန်မာလူမျိုးချင်းတောင် မယုံရပါဘူး။ အခြားသူတွေကလည်း အနိုင်ကျင့်တာမျိုးရှိတယ်၊ အပျော်အပါးတွေကလည်း လက်တစ်ကမ်းတင်ရှိတော့ အမှန်တကယ် ထိန်းသိမ်းနေတတ်ဖို့ အများကြီးလိုအပ်ပါတယ်၊ ဖြစ်နိုင်ရင် တရားဝင်သွားတာကောင်းတယ်၊ ဘယ်လိုပဲဖြစ် ဖြစ်ရောက်လာရင် အလုပ်သမား တွေဖွဲ့ထားတဲ့အဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ထားသင့်သလို အလွယ်တကူဆက်သွယ်လို့ရမယ့် ဖုန်းတွေကိုလည်း မှတ် သားထားသင့်တယ်"ဟု ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် အလုပ် လုပ်ကိုင်နေသူ ကိုကြာရစ်က သူ့အတွေ့အကြုံကို ပြောပြသည်။

ထို့ပြင် တရားဝင်သွားရောက်ရန်အတွက် အေဂျင်စီများကို ရွေးချယ်ရာတွင် အလုပ်သမားရုံးမှ တရားဝင်ထုတ်ပေးထားသည့် အကျိုးဆောင်လိုင်စင်ရှိ မရှိ၊ ပြည်ပမထွက်ခွာမီ လုပ်ငန်းခွင်အကြိုသင်တန်း ပေးခြင်းရှိ မရှိ၊ လုပ်ငန်းလိုင်စင်ရှိ မရှိ၊ အေဂျင်စီ၏ သမိုင်းကြောင်းနှင့် အေဂျင်စီနှင့် ဆက်သွယ်သည့် ကိုယ်စားလှယ်များ မှန်ကန်မှု ရှိမရှိ ကို သေချာစွာစုံစမ်းသင့်ပြီး စုံစမ်းရန်အခက်အခဲရှိပါက မြို့နယ်အသီးသီးရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။

"ကျွန်မက တရားမဝင်သွားခဲ့ဖူးပါတယ်၊ အများအခေါ်ကတော့ အောက်လမ်းကပါ၊ နေခဲ့တဲ့ သုံးနှစ်စလုံး စက်ရုံထဲကနေ အပြင်ကိုလုံးဝမထွက်ရဲခဲ့ပါဘူး၊ လစာကလည်း သူများထက်နည်းသလို နေထိုင်မကောင်းဖြစ်ရင် ဆေးကုဖို့မလွယ်လို့ နေမကောင်းမဖြစ်အောင် တစ်ချိန်လုံးဂရုစိုက်နေခဲ့ရပါတယ်၊ ကျွန်မသူငယ်ချင်းတစ်ယောက်ဆိုရင် နေမကောင်းဖြစ်လို့ ဆေးမကုနိုင်ဘဲ မျက်စိရှေ့မှာတင် သေဆုံးသွားတာကြုံရတယ်၊ ဝမ်းနည်းစရာကောင်းတဲ့နေ့ရက်တွေပါ၊ ကိုယ့်နိုင်ငံသားချင်းတောင် ရေခြားမြေခြားမှာ ကူညီနိုင်တာအားနည်းပါတယ်၊ အဲဒါကြောင့် အခုနောက်တစ်ခေါက် ပြန်သွားတော့ တရားဝင်ထွက်ခဲ့တယ်၊ ကျွန်မအခု ခုနစ်နှစ်ရှိသွားပြီး ကိုယ့်ပတ်ဝန်းကျင်က မြန်မာတွေကိုလည်း အကူအညီပေးဖြစ်တယ်"ဟု ထိုင်းနိုင်ငံရောက် တွဲလက်ညီ လူမှုကူညီရေးအဖွဲ့မှ မမြဥ္ဇူက ပြောကြားသည်။

ရွှေ့ပြောင်းလုပ်သားများ ထောက်ပံ့ကူညီရေးဗဟိုဌာနများကို ရန်ကုန်၊ မန္တလေး၊ မကွေး၊ ဘားအံ၊ မော်လမြိုင်၊ ကျိုင်းတုံ၊ မိတ္ထီလာ၊ မြင်းခြံ၊ ကျောက်ဆည်၊ ထားဝယ်နှင့် မြဝတီမြို့စသည့် မြို့ကြီးများရှိ အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် ဖွင့်လှစ်ထားပြီး ပြည်ပသို့ သွားရောက်လုပ်ကိုင်လိုသူများ တရားဝင်ရွှေ့ပြောင်းသွားလာ နိုင်ရေးအတွက် လုပ်ငန်းစဉ်များနှင့် အချက်အလက်များကို ဖြေကြားကူညီပေးလျက်ရှိသည်။

ထို့ပြင် အရေးပေါ်ကြုံတွေ့နေရသည့် မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များအတွက် ကူညီပေးနိုင်ရန် Complaints Mechanism Center ကို နေပြည်တော်နှင့် ရန်ကုန်တိုင်းဒေသကြီး အလုပ်သမားညွှန်ကြားရေး ဦးစီးဌာနတို့တွင် ဖွင့်လှစ်ထားပြီး ဖုန်းနံပါတ် ၀၆၇-၄၃၀၁၈၄၊ ၀၆၇-၄၃၀ ၂၈၄၊ ၀၁-၆၅၀၀၈၉နှင့် ၀၁-၆၅၀၁၈၇ တို့သို့ ၂၄ နာရီပတ်လုံး ဆက်သွယ်နိုင်သည်။ အရေးပေါ်အခြေအနေများတွင် အလုပ်သမားများအတွက် လိုအပ်ချက်များကို ဖြေရှင်းပေးနိုင်ရန် မလေးရှားနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ်-၆၀၁၁ ၂၃၅၀၅၇၁၀၊ ထိုင်းနိုင်ငံဆိုင်ရာ အလုပ်သမားသံအရာရှိ ဖုန်းနံပါတ် ၆၆၀၈၆၇၇၄၆၈ ၂၅ နှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး ၀၀၈၂၂၇၉၀၃၈၄၃ တို့ကို ဆက်သွယ်နိုင်သည်။ အီးမေးလ်အနေဖြင့် complaint.moles@gmail.com သို့ ဆက်သွယ်ကာ အလုပ်သမားဆိုင်ရာ အရေးကိစ္စများကို အချိန်နှင့်တစ်ပြေးညီ တိုင်ကြားနိုင်ပြီး အကူအညီများ ပေးအပ်သွားမည်ဖြစ် ကြောင်း သိရသည်။ ။



# ဥပဒေနှင့် တရားဥပဒေစိုးမိုးရေး

**မေနွယ်အေး**

လူပုဂ္ဂိုလ်တစ်ဦးချင်းစီက လိုက်နာစောင့်ထိန်းရမည့်အရာသည် ကျင့်ဝတ်ဖြစ်ပြီးအစုအဖွဲ့တစ်ခုချင်းစီက လိုက်နာရမည့် အရာသည် စည်းကမ်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံလုံးသာမကသက်ဆိုင်သူများအားလုံးလိုက်နာကြရမည့်အရာကတော့ ဥပဒေပင်ဖြစ်သည်။ ဥပဒေထုတ်ပြန်ပြဋ္ဌာန်းလိုက်သည်နှင့် တစ်ပြိုင်နက် သက်ဆိုင်သူများအားလုံးလိုက်နာကြရမည် ဖြစ်သည်။ ဥပဒေကိုမသိသဖြင့် အပြစ်မှကင်းလွတ်ခွင့်ရမည် မဟုတ်ပေ။

ဥပဒေများအာဏာသက်ရောက်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေတွင် သီးခြားဖော်ပြချက်များမပါဝင်ပါကထုတ်ပြန်ကြေညာသည့်နေ့မှစ၍ အာဏာတည်သည်။ အချို့ဥပဒေများမှာ နိုင်ငံတော် သမ္မတကအမိန့်ကြော်ငြာစာထုတ်ပြန်၍ အာဏာတည်စေခြင်းမျိုးရှိသကဲ့သို့ မည်သည့်နေ့မှစတင်၍ အာဏာစတင်သက်ရောက်မည်ကိုဥပဒေတွင် ထည့်သွင်းပြဋ္ဌာန်းထားခြင်းမျိုးလည်းရှိသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအရ လွှတ်တော်သို့ ဥပဒေကြမ်းများတင်သွင်းခွင့်ရှိသူများမှာဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် လွှတ်တော် ကိုယ်စားလှယ်များတို့ ဖြစ်ကြသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဥပဒေပြဋ္ဌာန်းသည့် လုပ်ငန်းစဉ်များအတိုင်း ဥပဒေများကိုယနေ့လွှတ်တော်များကပြဋ္ဌာန်းလျက်ရှိသည်။ ပထမအကြိမ်ပြည်ထောင်စု လွှတ်တော်ကဥပဒေ ၂၃၂ ခုနှင့် ဒုတိယအကြိမ်ပြည်ထောင်စုလွှတ်တော်ကဥပဒေ ၄၈ ခုယနေ့အချိန်ထိစုစုပေါင်းဥပဒေ ၂၈၀ ခုကိုပြဋ္ဌာန်းပြီးဖြစ်ကြောင်း သိရသည်။

ဥပဒေဆိုသောစကားရပ်တွင်နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများလည်းပါဝင်သည်။ ၎င်းတို့ကို တစ်ဆင့်ခံ ဥပဒေဟုလည်းခေါ်ဆိုနိုင်သည်။ ဥပဒေပြဋ္ဌာန်းပြီးလျှင် ၎င်းဥပဒေကိုအကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်တစ်ဆင့်ခံဥပဒေများထုတ်ပြန်ရန်လိုအပ်သည်။ ပြဋ္ဌာန်းဥပဒေတွင် မူဝါဒများနှင့် ယေဘုယျအချက်များကိုသာဖော်ပြလေ့ရှိပြီး အမှန်တကယ် အကောင်အထည်ဖော်ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုတစ်ဆင့်ခံဥပဒေများတွင် အသေးစိတ်ထည့်သွင်းရေးဆွဲပြဋ္ဌာန်းလေ့ရှိကြသည်။ သို့သော် အချို့ဥပဒေများသည် တစ်ဆင့်ခံဥပဒေထုတ်ပြန်ရန်မလိုသည်များလည်းရှိသည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ အရ ပြည်ထောင်စု လွှတ်တော်သည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများထုတ်ပြန်ခွင့်အာဏာကိုဖွဲ့စည်းပုံအခြေခံဥပဒေအရဖွဲ့စည်းသည့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းတစ်ရပ်ရပ်အား ပေးအပ်ထားပြီးအမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့်လုပ်ထုံးလုပ်နည်းများထုတ်ပြန်ခွင့်အာဏာကိုသက်ဆိုင်ရာအဖွဲ့အစည်းသို့မဟုတ် အာဏာပိုင်အားအပ်နှင်းထားသည်။ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့် ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်း၊ သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်လည်းကောင်းညီညွတ်မှုရှိရမည် ဖြစ်သည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၃၇ နှင့် ၁၅၇ တို့အရနည်းဥပဒေ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်ကိုထုတ်ပြန်ပြီးသည့်အခါ သက်ဆိုင်ရာအဖွဲ့အစည်းသည် မိမိထုတ်ပြန်သည့် နည်းဥပဒေ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းကိုလွှတ်တော်ပုံမှန်အစည်းအဝေးကာလတွင် လွှတ်တော်ဥက္ကဋ္ဌ၏ ခွင့်ပြုသည့်အစီအစဉ်ဖြင့် လွှတ်တော်ကိုယ်စားလှယ်များထံဖြန့်ဝေတင်ပြရသည်။ ယင်းနည်းဥပဒေ၊ စည်းမျဉ်းသို့မဟုတ် စည်းကမ်းတစ်ရပ်ရပ်သည် သက်ဆိုင်ရာဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် ညီညွတ်မှုမရှိကြောင်း တွေ့ရှိပါက ပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန် ဖြန့်ဝေတင်ပြသောနေ့ရက်မှ ရက်ပေါင်း ၉၀ အတွင်း လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်တွင် အဆိုတင်သွင်းနိုင်သည်။ ထိုကဲ့သို့အဆိုတင်သွင်းခြင်းမရှိပါကအတည်ပြုသည်ဟုမှတ်ယူရမည်။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၉၇ အရပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်နှစ်ရပ်လုံးကပယ်ဖျက်ရန် သို့မဟုတ် ပြင်ဆင်စေရန်ဆုံးဖြတ်ပါကပြည်ထောင်စုလွှတ်တော်ကပယ်ဖျက်သည် သို့မဟုတ် ပြင်ဆင်စေသည် ဟုမှတ်ယူရမည်ဖြစ်ပြီးပြည်သူ့လွှတ်တော်နှင့် အမျိုးသား လွှတ်တော်တို့ သဘောထားကွဲလွဲပါကပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရမည် ဖြစ်သည်။

ထို့ပြင် ဥပဒေများကိုလိုက်နာအကောင်အထည်ဖော်ရာတွင် ရှင်းလင်းလွယ်ကူပြီးထိရောက်စွာ ဆောင်ရွက်နိုင်ရန် အချို့သောဥပဒေများတွင် လက်စွဲ(manual)နှင့် စံလုပ်ထုံးလုပ်နည်း (Standard Operating Procedure) များရေးသားထုတ်ပြန် ဆောင်ရွက်ကြကြောင်းတွေ့ရှိရသည်။

သို့ပါသောကြောင့် လွှတ်တော်တွင် ပြဋ္ဌာန်းဥပဒေများကို ပြဋ္ဌာန်းပြီးရုံမျှနှင့် ဥပဒေပြုလုပ်ငန်းစဉ်ပြီးဆုံးသည်ဟု မဆိုသာပေ။ ဥပဒေပြုလုပ်ငန်းစဉ်တစ်ရပ်လုံးပြီးမြောက်စေရန်မှာ ဥပဒေကိုဆက်လက်အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့်တစ်ဆင့်ခံဥပဒေများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ဆက်လက်ထုတ်ပြန်ရန် လိုအပ်ပေသည်။ သို့မှသာဥပဒေသည် အသက်ဝင်၍ ပိုမိုအားကောင်းလာကာ တရားဥပဒေစိုးမိုးမှုရှိလာမည်ဖြစ်သည်။ ဖော်ပြပါဥပဒေပြုလုပ်ငန်းစဉ်များကိုစနစ်တကျ လုပ်ဆောင်ခြင်း၊ဥပဒေကိုစီမံခန့်ခွဲအကောင်အထည်ဖော်သည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများ၏ ပါဝင်ဆောင်ရွက်ခြင်းနှင့် လိုက်နာကြသည့်ပြည်သူများ၏ ပါဝင်မှုတို့သည်တရားဥပဒေစိုးမိုးရေးအားကောင်းလာမည့် အကြောင်းအရာများဖြစ်ပါကြောင်းတင်ပြလိုက်ရပါသည်။ ။

**"လွှတ်တော်တွင် ပြဋ္ဌာန်းဥပဒေများကို ပြဋ္ဌာန်းပြီးရုံမျှနှင့် ဥပဒေပြုလုပ်ငန်းစဉ်ပြီးဆုံးသည်ဟု မဆိုသာပေ။ ဥပဒေပြုလုပ်ငန်းစဉ်တစ်ရပ်လုံးပြီးမြောက်စေရန်မှာ ဥပဒေကိုဆက်လက်အကောင်အထည်ဖော်ရန်အတွက် လိုအပ်သည့် တစ်ဆင့်ခံဥပဒေများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ဆက်လက်ထုတ်ပြန်ရန် လိုအပ်ပေသည်။ သို့မှသာ ဥပဒေသည် အသက်ဝင်၍ ပိုမိုအားကောင်းလာကာ တရားဥပဒေစိုးမိုးမှုရှိလာမည် ဖြစ်သည်"**

## နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် အားကစားပြိုင်ပွဲများ ကျင်းပ

**ရိုးခေါဒါရ် ဇန်နဝါရီ ၆**

နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ယနေ့ နံနက် ၈ နာရီ မိနစ် ၂၀ တွင် ရိုးခေါဒါရ်မြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးရှေ့၌ ကျင်းပရာ ရိုးခေါဒါရ်မြို့ အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွန်း၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်ကွက် အုပ်ချုပ်ရေးမှူးများနှင့် မြို့စည်ပင်သာယာရေးကော်မတီဝင်များ တက်ရောက်ကြ၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကိုအလေးပြုကြပြီး နံနက် ၇ နာရီတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့သဝဏ်လွှာကို မြို့အုပ်ချုပ်ရေးမှူး ဦးရဲဝင်းထွန်းက ဖတ်ကြားသည်။

ထို့နောက် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစား ပြိုင်ပွဲများကို အမှတ် (၁)ရပ်ကွက်အားကစားကွင်း၌ ဆက်လက်ကျင်းပရာ မြို့ပေါ်ရပ်ကွက် နှစ်ခုရှိ အထက ကျောင်းများမှ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့်ကို ကျား၊ မ ခွဲ၍ မီတာ ၁၀၀ အပြေးပြိုင်ပွဲကို လည်းကောင်း၊ ရပ်ကွက်လူငယ်များနှင့် ဌာနဆိုင်ရာများဖြင့် စားပွဲတင် Tennis ပြိုင်ပွဲများ၊ ပိုက်ကျော်ခြင်းခတ်ပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲ၊ မီတာ ၁၀၀၀၀ အဝေးပြေးပြိုင်ပွဲများကိုလည်းကောင်း အသီးသီး ယှဉ်ပြိုင်ကြသည့်အပြင် ရပ်ကွက်လူငယ်များက ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေကပြကြသည်။

အဆိုပါ ပြိုင်ပွဲများမှ ဆုရရှိသူများအား ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များ၊ မြို့စည်ပင်သာယာရေးကော်မတီအဖွဲ့ဝင်များနှင့် ဒေသခံစေတနာအလှူရှင်များ ပူးပေါင်းပြီး ဆုများအသီးသီးချီးမြှင့်ပေးကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများဆုပေးပွဲ ကျင်းပ

**မိုင်းယု ဇန်နဝါရီ ၆**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းယုမြို့ဌာနဆိုင်ရာများမှ ကြီးမှူး ကျင်းပသော နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကျောင်းသားကျောင်းသူများအတွက် အားကစားနည်း ခြောက်မျိုးဖြင့် ယှဉ်ပြိုင်ကစားခြင်းနှင့် ဆုများပေးအပ်ချီးမြှင့်ပွဲကို ဇန်နဝါရီလ ၄ ရက် နံနက်ပိုင်းနှင့် အမျိုးသား(အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုများပေးအပ်ချီးမြှင့်ပွဲကို ညနေ ၃ နာရီကလည်းကောင်း မြို့မရပ်ကွက် ထေရဝါဒကျောင်းအနီးရှိ အားကစားကွင်း၌ ကျင်းပခဲ့သည်။ အဆိုပါ အားကစားနည်း ခြောက်မျိုးဖြစ်သည့် အာလူးကောက်၊ မုန့်စား၊ ဖားခုန်၊ အပ်နဖားထိုး၊ ဂုန်နီအိတ်စွပ်၊ မီတာ ၁၀၀နှင့် ၂၀၀ အပြေးပြိုင်ပွဲများဖြစ်ပြီး ဆုများရရှိသည့် ကျောင်းသားကျောင်းသူများ အားလည်းကောင်း၊ အမျိုးသား (အလွတ်တန်း) ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲတွင် သုံးဂိုးသုညဖြင့် ပထမဆုကို ခါဆမ်မိန်းအသင်းနှင့် ဒုတိယဆုကို မြို့မလူငယ်အသင်းတို့က ရရှိခဲ့ပြီး ဌာနဆိုင်ရာတာဝန်ရှိသူများမှ ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ကိုကိုနိုင်(ပြန်/ဆက်)

## ချင်းရွှေဟော်၌ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အခမ်းအနားနှင့် အားကစားပစ္စည်းများ ပေးအပ်ပွဲကျင်းပ

**ချင်းရွှေဟော် ဇန်နဝါရီ ၆**

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ လောက်ကိုင်ခရိုင် ချင်းရွှေဟော်မြို့တွင် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ဇန်နဝါရီ ၄ ရက် နံနက် ၇ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးထင်ကျော်ထံမှ ပေးပို့သော နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်သဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်မျိုးနိုင်က ဖတ်ကြားပြီး စာစီစာကုံးနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသူများအား တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းနှင့် ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

အဆိုပါအခမ်းအနားသို့တက်ရောက်လာသူများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ထုတ်ဝေသည့် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ သတင်းစကားလက်ကမ်းစာစောင်ကို ဖြန့်ဝေခဲ့ကြသည်။

ဆက်လက်၍ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်အဖြစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်းနှင့် ချင်းရွှေဟော်မြို့ဌာနဆိုင်ရာများမှ လှူဒါန်းသော ကျန်းမာရေးအားကစားပစ္စည်း ကိုးမျိုးတို့အား ဒေသခံပြည်သူများထံသို့ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။



မြို့နယ် (ပြန်/ဆက်)

## နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနား အားကစားပြိုင်ပွဲများနှင့် စည်ကားစွာ ကျင်းပ

**ရေစကြို ဇန်နဝါရီ ၆**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့တွင် ဇန်နဝါရီ ၄ ရက် နံနက်မှစ၍ နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ အခမ်းအနားကို ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။



ဇန်နဝါရီ ၄ ရက် နံနက် ၄ နာရီ ၁၀ မိနစ်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မြင့်ဦးဆောင်သော ဌာနဆိုင်ရာများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ လုပ်သားပြည်သူများသည် မြို့နယ်ရဲတပ်ဖွဲ့၏ အလံတင်တပ်ဖွဲ့၏ ဦးဆောင်မှုဖြင့် အလံတင်အခမ်းအနားပြုလုပ်ပြီး နံနက် ၇ နာရီတွင် နှစ် ၇၀ ပြည့် လွတ်လပ်ရေးနေ့ သဝဏ်လွှာဖတ်ကြားခြင်း အခမ်းအနားကို ပြုလုပ်သည်။

ဆက်လက်၍ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်၊ မာရသွန်ပြိုင်ပွဲ၊ မီတာ ၁၀၀ အပြေးပြိုင်ပွဲ အပ်ထိုးပြိုင်ပွဲ၊ အာလူးကောက်ပြိုင်ပွဲ၊ ခေါင်းအုံးရိုက်ပြိုင်ပွဲနှင့် လွှတ်တော်ကိုယ်စားလှယ်များဖလား ဘော်လီဘောပြိုင်ပွဲများကို ကျင်းပကြပြီး ပြိုင်ပွဲ အသီးသီးမှ ဆုရရှိကြသူများ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ကလေးပြိုင်ပွဲများမှ ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြကြောင်း သိရှိရသည်။

ဖေထွဏ်းဇော်(ရေစကြို)

# အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်းသို့ ထောက်ပံ့ငွေကျပ် သိန်း ၄၀ ပေးမည်

**မော်ကျွန်း ဇန်နဝါရီ ၆**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် မော်ကျွန်းမြို့နယ်တွင် ဖွဲ့စည်းထားသော အငြိမ်းစားဝန်ထမ်းများ လူမှုကူညီရေးအသင်းသို့ တိုင်းဒေသကြီးအဆင့်မှ ထောက်ပံ့ငွေကျပ်သိန်း ၄၀ ရရှိမည်ဟု ဒီဇင်ဘာ ၃၁ ရက်က မော်ကျွန်းပြည်သူ့စာကြည့်တိုက်၌ ပြုလုပ်သော အသင်းသားများနှင့်တွေ့ဆုံသည့် လပတ်အစည်းအဝေးမှ သိရသည်။

အငြိမ်းစားချင်း ကူညီရင်းရိုင်းပင်းကြပါစို့ဆောင်ပုဒ်ဖြင့် အဆိုပါအသင်းကို ၂၀၁၇ ခုနှစ် မေလ ၂၃ ရက်နေ့တွင် မော်ကျွန်းမြို့နယ်အတွင်းရှိ အငြိမ်းစား ၅၅ ဦးဖြင့် စတင်ဖွဲ့စည်းခဲ့ရာမှ ယခုအခါ အသင်းသား ၁၂၀ အထိရှိလာပြီဖြစ်ကြောင်း၊ အသင်းဝင်ကြေးတစ်ဦးလျှင် ငွေကျပ် ၁၀၀၀၊ လစဉ်ကြေးတစ်လလျှင် ငွေကျပ် ၅၀၀ နှုန်းဖြင့် ကောက်ခံကြောင်း နှင့် အသင်းငွေများကိုဘဏ်တွင် ငွေစာရင်းဖွင့်၍ အပ်နှံထားကြောင်း သိရသည်။

အသင်းဝင်များအနေဖြင့် ဆေးရုံတက်နေလျှင် ထောက်ပံ့ငွေကျပ် ငါးသောင်း၊ ကွယ်လွန်ပါက ငွေကျပ်သုံးသောင်းနှုန်းဖြင့် ကူညီပေးနေကြောင်း အသင်းဝင်အငြိမ်းစား စိုက်ပျိုးရေးဌာနအရာရှိ ဦးခင်စိုးက ပြောသည်။ အသင်းမဝင်ရသေးသော မြို့နယ်အတွင်းနေ အငြိမ်းစားဝန်ထမ်းများအား အသင်းဝင်လာရေး တိုးချဲ့စည်းရုံးသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်တစ်ခရိုင်လျှင်ထောက်ပံ့ငွေကျပ် သိန်း ၁၀၀ စီ တိုင်းဒေသကြီးလူမှုအသင်းအဖွဲ့မှ ထောက်ပံ့မည်ဟု အသင်းသို့အသိပေးလာရာ မော်ကျွန်းမြို့နယ်မှ ငွေကျပ်သိန်း ၄၀ ရမည်ဖြစ်ပြီး ပုသိမ်မြို့သို့ ယခုလအတွင်း သွားရောက်ထုတ်ယူရမည်ဟု အသင်းဥက္ကဋ္ဌက ယင်းအစည်းအဝေးတွင် အသိပေးတင်ပြခဲ့ကြောင်း သိရသည်။

**ခင်ဆိုင်**

## လွတ်လပ်ရေးနေ့အခမ်းအနား ကျင်းပ

**နောင်ချို ဇန်နဝါရီ ၆**

နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ အလံတင်အခမ်းအနားကို ဇန်နဝါရီ ၄ ရက်က နောင်ချိုမြို့ မြစိမ်းသာကျောက်တိုင်၌ ကျင်းပခဲ့သည်။ နံနက် ၇ နာရီတွင် မြို့နယ်ခန်းမ၌ နိုင်ငံတော်သမ္မတထံမှ ပေးပို့သည့် နှစ် (၇၀) ပြည့် လွတ်လပ်ရေးသဝဏ်လွှာကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးချမ်းမြေ့စောက ဖတ်ကြားခဲ့ကြောင်း သိရသည်။

**စိုးဝင်း(နောင်ချို)**

## ဂန့်ဂေါမြို့နယ်၌ သစ်သီးဝလံ ပြပွဲ၊ ပြိုင်ပွဲကျင်းပ

**ဂန့်ဂေါ ဇန်နဝါရီ ၆**

ဂန့်ဂေါမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ သစ်သီးဝလံပြိုင်ပွဲ၊ ပြပွဲဖွင့်ပွဲကို ဇန်နဝါရီ ၄ ရက်က မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၌ ပြုလုပ်ရာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဒေါ်ယဉ်မင်းလှိုင်၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပြူးလွင်နှင့် တာဝန်ရှိသူတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ခဲ့သည်။

"သီးနှံပြိုင်ပွဲ၊ ပြပွဲမှာ ဒေသက စိုက်ပျိုးထွက်ရှိနေတဲ့ သီးနှံတွေကို ပြသတဲ့ အစီအစဉ်ပါ၊ ပြခန်းမှာတော့ ကျောက်ဖရုံသီး၊ သင်္ဘောသီး၊ ငှက်ပျောသီး စတဲ့ သစ်သီးတွေသာမက လယ်ယာသီးနှံတွေဖြစ်တဲ့ နေကြာ၊ ပဲစင်းငုံ၊ ပဲတီစိမ်း၊ စပါး၊ မြေပဲစတဲ့ သီးနှံအမျိုးအစား ပေါင်း ၆၀ ကျော် ယှဉ်ပြိုင်ပြသပေးထားပါတယ်" ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

ပြပွဲတွင် သီးနှံမျိုးကောင်း မျိုးသန့်မျိုးစေ့နမူနာများ၊ ပိုးသတ်ဆေး၊ မှိုသတ်ဆေး၊ ရွက်ဖျန်းမြေဩဇာ နမူနာများကို ပြသထားပြီး လာရောက်လေ့လာသူများအား စိုက်ပျိုးရေးဌာန ဝန်ထမ်းများက သိပ္ပံနည်းကျ စိုက်ပျိုးရေး ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးသည့်အပြင် သီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးပညာပေး ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



နေပြည်တော် တပ်ကုန်းမြို့နယ်၌ နှစ်(၇၀)ပြည့် လွတ်လပ်ရေးနေ့ ပျော်ပွဲရွှင်ပွဲနှင့် အားကစားပြိုင်ပွဲများကို ဇန်နဝါရီ ၄ရက်က မြို့နယ်အားကစားကွင်းကြီးအတွင်း ကျင်းပခဲ့ရာ ရိုးရာခြင်းလုံးခတ်ပြိုင်ပွဲ၊ လူငယ်ဘောလုံးပြိုင်ပွဲ၊ ဘော်လီဘောပြိုင်ပွဲနှင့် ပြေးခုန်ပစ်ပြိုင်ပွဲများအား ယှဉ်ပြိုင်နေကြသည်ကို တွေ့ရစဉ်။

တင်ထွန်းတာ(တပ်ကုန်း)

## အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ဦးဇော်ဝင်း ဥက္ကဋ္ဌ **ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့်ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်** အမှုဆောင်အရာရှိချုပ် **စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတမှ ၂၀၁၈ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁/၂၀၁၈ အရ သာသနာတော်ဆိုင်ရာဘွဲ့ **"သုဓမ္မမဏိဇောတဓရ"** ဘွဲ့တံဆိပ်တော်ကို ထိုက်ထိုက်တန်တန်ချီးမြှင့်ခြင်းခံရသည့်အတွက် အထူးဂုဏ်ယူဝမ်းမြောက်ပါသည်။

**ရုံးချုပ်ဝန်ထမ်းများ**
**ဇော်ထက်ပိုင်အင်ဂျင်နီယာနှင့် ဆောက်လုပ်ရေးအုပ်စုကုမ္ပဏီလီမိတက်**
**စိန်ရွှေထိပ်တန်းဆောက်လုပ်ရေးကုမ္ပဏီလီမိတက်**

## ရန်ကုန်ကွန်ပျူတာတက္ကသိုလ် ပဉ္စမအကြိမ်အာစရိယပူဇော်ပွဲ

ရန်ကုန်ကွန်ပျူတာတက္ကသိုလ်(B.C.Sc.,B.C.Tech.) ကျောင်းသားကျောင်းသူဟောင်းများ(Batch 1 to 23)၏ပဉ္စမအကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံပွဲကို ၂၀၁၈ခုနှစ် ဇန်နဝါရီ ၁၄ရက် (တနင်္ဂနွေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ MICT Park, Conference Hall၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမည်ဖြစ်ပါသည်။ ဆက်သွယ်လှူဒါန်းနိုင်ရန်နှင့် တက်ရောက်နိုင်ရန် အခမ်းအနားအစီအစဉ်များကို ICST/UCSYအာစရိယပူဇော်ပွဲနှင့်တွေ့ ဆုံပွဲ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## လူပျောက်ကြော်ငြာ



မကွေးတိုင်းဒေသကြီး၊ မကွေးမြို့နယ်၊ မြင်စိုင်းအုပ်စု၊ ထန်းပင်စမ်းကျေးရွာနေ ဦးအောင်မြ၏သား မောင်မြင့်ကို ၈/မကန(နိုင်)၁၈၃၉၃၄ သည် သစ်ရာကောက်ကားဂိတ်မှ ၂၀-၁၂-၂၀၁၇ရက်တွင်ဧရာသစ္စာကားနှင့်လိုက်ပါသွားပြီးဗိုလ်တထောင်မြို့နယ်၊ (၂) ရပ်ကွက်၊ ဝတ်ကျောင်းလမ်း၊ ကျိုက်ပိကျောင်းသို့ သွားရာကျောင်းသို့ ယနေ့ ကြော်ငြာထည့်သည့်အချိန်ထိ ရောက်မလာပါသဖြင့် ဤဓာတ်ပုံပါသူအား တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန် အသိပေးအပ်ပါသည်။

**(ဖခင်)ဦးအောင်မြ**
**၈/မကန(နိုင်)၀၇၅၆၈၈**
**ဖုန်း-၀၉-၇၉၉၆၀၆၃၇၂၊ ၀၉-၉၇၄၀၂၇၃၅၃**


# 7 Stars ရာထူးဝင်သင်တန်းကြီး
# PPTT-5 မူလတန်းပြ ဆရာ/ဆရာမဝင်ခွင့်
# ပုံမှန်တန်းခွဲများ စပြီ

သင်တန်းတက်ရောက်ရန် အချိန်မရသူများအတွက် အပြည့်စုံဆုံးနှင့် အကောင်းမွန်ဆုံး ပြုစုထားသော မှတ်စုစာအုပ်များကိုလည်း ရောင်းချပေးနေပါပြီ ။

**စာအုပ်ဝယ်ယူရရှိနိုင်သော နေရာများ**

မန္တလေး – ညို စာပေ ( မန္တလေး တစ်ဦးတည်းကိုယ်စားလှယ် ) 02 - 69701 , 02-2844418
နေပြည်တော် – ရွှေမင်းသားစာပေ (မြို့မဈေး) ၊အဓိပတိစာပေ (သပြေကုန်း)၊ သရဖူစာပေ(ပျဉ်းမနား)
မကွေး – ရွှေပြည်စိုးစာပေ (09 - 965340474) ရန်ကုန်မြို့ – 7 Stars ရာထူးဝင်သင်တန်းကြီး
ပုသိမ် – ပြုံးချိုစာပေ ( 09 - 5200159 ) ရာပြည့် ၊ စာပေဟောင်းလေးအိုးကြီး
မုံရွာ – အဓိပတိစာပေ ( 071 - 21357 ) မော်လမြိုင် – ကျော်ကျော်စာပေ 09-425322625

တိုက် (18/3B) ၊သပြေညို (၁) ၊ ဦးထွန်းလင်းခြံလမ်း ၊လှည်းတန်း ၊ရန်ကုန်မြို့ ။
**09- 789107733 , 09- 780080052 , 09- 421052736 , 09- 799860155**









ထွန်းဖောင်ဒေးရှင်းဘဏ်လီမိတက်၏ပံ့ပိုးမှုကြောင့်

**ပြည်နယ်နှင့်တိုင်းဒေသကြီးများပြမြေပုံ ယခင် – ၇၅၀၀ ကျပ်**



ယခု – ၃၀၀၀ ကျပ် ကို မြန်မာတစ်နိုင်ငံလုံး အမြို့မြို့အနယ်နယ်မှ ယူနိုင်ပါပြီ။

Hot Lines: 09 774 / 09 775 / 09 455 / 09 952 – 204020

Yae Kyaw Complex, Rm No.307, 3rd Floor, PZDG, Yangon. : 09 774 204020, 775 204020, 455 204020, 5030177, 01 204020
: dpsmap@gmail.com : facebook.com/DPSMyanmar : www.dpsmap.com



သိန်း 1000 ရှိရုံဖြင့် (၃) ထပ် လုံးချင်းတိုက်
4 MBR, 2 Carpark
အသစ်စက်စက် ဝယ်နေနိုင်ပြီ
AUNG MYIT TAR
ESTATE@INSEIN
ပြည်လမ်း၊ ဂျပန်လမ်း၊ မင်္ဂလာဒုံလေဆိပ် နှင့် YCDC Golf ကွင်းအနီး
50% ပေးချေရုံဖြင့် ချက်ချင်းနေနိုင်ပြီး ကျန် 50% ကို
Mortgage 13% ဖြင့် (၁၅) နှစ် ငွေချေစနစ်
CONTACT 09 799089042, 09 775509173, 09 443199101, 09 763672613
9:00 AM to 9:00 PM
JAN
13/14 - Jan - 2018
ဦးဝိစာရလမ်း၊ ရွှေတိဂုံဘုရားအနောက်ဘက်မုခ်ရှေ့ 'Myanmar Culture'
အမှတ်(၆၅)၊ အောင်မေတ္တာလမ်း၊ စော်ဘွားကြီးကုန်း၊ အင်းစိန်မြို့နယ်
မြန်မာနိုင်ငံသားများပိုင်ဆိုင်သော
i GREEN
DEVELOPMENT & ENGINEERING GROUP
လမ်းညွှန်
ပြည်လမ်း၊ ဂျပန်လမ်းမှဝင် - သဇင်လမ်းမှ တဆင့် - အောင်မေတ္တာလမ်းသို့

GREEN, GRAND, CARE FOR THE PEOPLE

ဂရန်း(ဒ်)ဟံသာအင်တာနေရှင်နယ်ဆေးရုံကြီး၏
ကျန်းမာရေးဖောင်ဒေးရှင်း အလှူဒါနအစီအစဉ်

၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ (၁)ရက်နေ့မှ (၃၁)ရက်နေ့အထိ တစ်နေ့လျှင် လူဦးရေ (၃၀၀)၊ စုစုပေါင်း လူဦးရေ (၉၀၀၀)အား

ဆရာဝန်နှင့် ဆွေးနွေးစမ်းသပ်ခ၊ ဆေးရုံဝန်ဆောင်ခ တို့ကို ဂရန်း(ဒ်)ဟံသာဖောင်ဒေးရှင်းမှ လှူဒါန်းပေးသွားမည်ဖြစ်ပါကြောင်း သတင်းကောင်းပါးအပ်ပါသည်။

သာသာရပ်အလိုက် အထူးကုဆရာဝန်ကြီးနှင့် သမားတော်ကြီး (၃၀၀)ဦးတို့မှ တစ်ဦးလျှင် Booking (၃၀)စီ ကုသဆွေးနွေးနိုင်ရန် စီစဉ်ထားရှိပါသည်။
ဆရာဝန်ကြီးများ၏ အမည်နှင့် အချိန်ကို Facebook Page : www.facebook.com/grandhantha တွင်
ကြည့်ရှုလေ့လာနိုင်ပါသည်။ ဖုန်းဖြင့်ဖြစ်စေ၊ လူကိုယ်တိုင်ဖြစ်စေ ကြိုတင်စာရင်းပေးသွင်းနိုင်ပါပြီ။

Booking တင်ရန် ➡ တနင်္လာနေ့ မှ သောကြာနေ့၊ နံနက် (၉)နာရီမှ ညနေ (၅)နာရီအတွင်း 09 422049933, 09 422049911

အမှတ် (၃)၊ နာနတ်တောလမ်းနှင့် ကြည့်မြင်တိုင်ကမ်းနားလမ်းထောင့်၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ၈/၂၀၁၇၊ တအဆလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0320) / (ဆေးမှုန့်)TMR 000394(0320)
RE GD.
ကျွမ်းရှက်ပုံ ဆေးကောင်း
မြန်မာတိုင်းရင်း ဆေးဗက်ဝင် စစ်မှန်သော ပရဆေး ပစ္စည်း များဖြင့် ဖော်စပ်ထားသောကြောင့် အုံ့ ဩ လောက် အောင်အထူးပင် ဆေး စွမ်းထက်မြက်လှပါသည်။

မူမောရင်တုန်ကင်းဝေးအောင် မြန်မာတိုင်းရင်းဆေးဂုဏ်ဆောင်
ရွှေပျားကောင်
နလုံးသည်းခြေဆေး
သုံးစွဲနိုင်သောရောဂါများ

## ဖောင်းကြွပျောက်ဆုံး လျှောက်ထားခြင်း

ယာဉ်အမှတ် 1G/6724 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

Since 1996
ပုလဲ
(သူငယ်တန်းမှ ၁၀တန်း)
နှစ်စဉ်ရန်ကုန်မြောက်ပိုင်းခရိုင် တက္ကသိုလ်ဝင်တန်း
အောင်ချက်အကောင်းဆုံး (၃)ကျောင်းစာရင်းဝင်
ဆရာဝန်များဦးစီးသော
စံပြဘော်ဒါ နှင့်ကိုယ်ပိုင်အထက်တန်းကျောင်း
မိမိတို့ဆရာဝန်ဖြစ်အောင် လေ့ကျင့်ခဲ့သည့်ပုံစံအတိုင်း လေ့ကျင့်ပေးသည်။ စာရိတ္တ၊ စည်းကမ်းပြုပြင်ပေးသည်။ ဆိတ်ငြိမ် ခြံဝန်းကျယ် အဲယားကွန်းတပ် စာသင်ဆောင်၊ အိပ်ဆောင်များ။ ကွန်ပျူတာ၊ အင်္ဂလိပ်(4 Skill)၊ အားကစား၊ တေးဂီတ၊ ပြည်တွင်းပြည်ပလေ့လာရေးခရီးများ၊
(၈)တန်းအစိုးရစစ် အတွက် သင်ရိုးကုန်သင်ပေးပြီး အထူးလေ့ကျင့်ပေးသည်။
(၉)တန်းအထူး – သင်ရိုးကုန်သင်ပေး၍နှစ်ဝက်မှစ၍(၁၀)တန်းစာပါ ထပ်ဆောင်းကြိုသင်ပေးပါသည်။
အမှတ်(၇၇) ၄ဝါလမ်း ၊ ပုလဲမြို့သစ် ၊ မင်္ဂလာဒုံ ။ ဖုန်း - ၀၉-၄၅၆၃၉၉၉၉၁၊ ၀၉-၄၅၆၃၉၉၉၉၂၊ ၀၉-၅၁၅၇၇၅၁ 'ပုလဲစံပြဘော်ဒါနှင့်ကိုယ်ပိုင်အထက်တန်းကျောင်း' facebook page တွင်လည်း ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။




## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်(၂)ရပ်ကွက်၊ အကွက်အမှတ်(စ-၅)၊ ဦးပိုင်အမှတ် ၇၃၊ ၆၆×၆၇ ကြား၊ (ဒေလီယာ×ခိုင်ရွှေဝါ)လမ်းကြားရှိ ဦးတင်အောင်အမည်ဖြင့် ချထားပေးသောမြေကွက်အား မန်စီးတီးဂေါက်သီးရိုက်အသင်းမှ မြို့ကွက်သစ်နေရာချထားရေး ငွေရပြေစာ၊ မန်စီးတီးဂေါက်သီးရိုက်အသင်း အစည်းအဝေးမှတ်တမ်း၊ တရားရုံးကျမ်းကျိန်ချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

ရွှေကြေးစည် မှ မန်းရွှေစက်တော်/အလောင်းတော်ကဿပ
▲ရွှေစက်တော်၊ မကွေး၊ မင်းဘူး၊ ကျောင်းတော်ရာ ဘုရားစုံ။
▲ရွှေစက်တော်၊လမ်းဘုရားစုံ၊ပုဂံ၊ပုပ္ပါး၊စွယ်တော်လေးဆူ၊ပခုက္ကူ။
▲ရွှေစက်တော်၊ ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ ပခုက္ကူ၊ မုံရွာ၊ အလောင်းတော်ကဿပ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား။
▲ရွှေစက်တော်၊ အလောင်းတော်ကဿပ၊ မုံရွာ၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား။
▲ရွှေစက်တော်၊ တောင်ကြီး၊အင်းလေး၊ပင်းတယ၊မိန်းမရဲတောင်၊ရေပြာအိုင်။
▲အလောင်းတော်ကဿပ၊ မုံရွာအနီး၊ စစ်ကိုင်း၊ ကျောက်စိမ်းဘုရား။
မှင်ပွဲအလှူဖြူနီး (19-1-2018) နှင့် အပတ်စဉ် အင်္ဂါ၊ သောကြာ ထွက်ပါမည်
01-240860,01-372290,09-400700373,09402030373,09445566373

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ရဲမွန်တောင်ရပ်ကွက်၊ အကွက်အမှတ် ၅၊ ဦးပိုင်အမှတ် ၂၀-ခ၊ ၃၉×၄၀ကြား၊ ၅၈×၅၉လမ်းကြားရှိ ဦးသန်းနိုင်အမည်ဖြင့် ချထားပေးသော မြေကွက်အား ဒေါ်သန်းသန်းဝေ ၉/မရမ(နိုင်)၀၃၃၀၉၄ မှ မြေနေရာချထားမိန့်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ အောင်သာယာရပ်ကွက်၊ အကွက်အမှတ် ၈၈-၃၈၊ ဦးပိုင်အမှတ် ၅၊ ၄၄လမ်း×၄၅လမ်းကြား၊ အောင်ဆန်းလမ်းနှင့် ငကျွဲလမ်းကြားရှိ ဒေါ်မြိုင်အမည်ဖြင့် ချထားပေးသောမြေကွက်အား ဒေါ်ဇင်မာဦး ၉/မနမ(နိုင်)၁၁၃၃၆၉ မှ ဦးပိုင်-၅(ခဲစင်း)အရှေ့ဘက်ခြမ်းအား မြေစလစ်၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး ထောက်ခံချက်များတင်ပြ၍ အခွန်ပေးဆောင်ရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန်နှင့် ဂရန်သစ်၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း၊ အမှုတွဲဖွင့်လှစ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

Merry Christmas & Happy New Year 2018
AMERICAN VISION
PROFESSIONAL EYE CARE CENTER
နောက်ဆုံးပေါ် ကမ္ဘာကျော် BRANDED အစစ်အမှန်
ပါဝါ၊ နေကာမျက်မှန် ဝယ်ယူသူတိုင်းအတွက်
Sale Up to 50% Off
လက်ဆောင်တွေလည်း ပေးဦးမှာနော်။
only until 10.1.2018
YANGON: (01) 242476, 241897, 241898,
MANDALAY: (02) 35588, 32053, NAYPYITAW: (067) 432393

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်နန်းငွေကြူ(ခ)ဒေါ်မာဂရက် (သီပေါ)

**အသက်(၉၂)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်နေ ဦးပီတာညွှန့်မောင်၏ဇနီး သီပေါအသင်း(ရန်ကုန်)၏ ကန်တော့ခံ ဒေါ်နန်းငွေကြူသည် ၂-၁-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုများနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**သီပေါအသင်း(ရန်ကုန်)**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

**ဦးစံအောင် အသက်(၈၆)နှစ်**

ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန၊ရန်ကုန်တိုင်းဒေသကြီး ဦးစီးမှူးရုံးမှ တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းရွှေ၏ဖခင် ဦးစံအောင်သည် ၄-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရန်ကုန်တိုင်းဒေသကြီးဦးစီးမှူးရုံး**

**ဗဟိုသိုလှောင်ရုံ(ရန်ကုန်မြို့)ဝန်ထမ်းများနှင့် ကိုစိုးမိုးထွန်း(မိသားစု)**

**Royal T & P Co.,Ltd**

---

# ဝမ်းနည်းကြေကွဲခြင်း

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ အလှူ့ဒါယိကာမကြီး

# ဒေါ်ရှုထိန် (မြိတ်မြို့)

## အသက်(၈၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ် (၁၆၂-ဘီ)နေ ဦးတင်မောင်ထွဋ်-ဒေါ်သင်းသင်းစိုးတို့၏မိခင် ဒေါ်ရှုထိန်သည် ၅-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၁၁း၁၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဝင်းထိန်-ဒေါ်အေးအေးယု မိသားစု**

---

**မြိတ်မြို့နယ်အသင်း(ရန်ကုန်)**

**ဒေါ်ရှုထိန်(မြိတ်) အသက်(၈၀)**

**အသင်းဝင်အမှတ်(၇၂၇)**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၆၂/ဘီ)နေ (ဦးစိုးတင့်)၏ဇနီးသည် ၅-၁-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (မြိတ်အသင်းမှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) အမှုဆောင်အဖွဲ့

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှလှသန်း (ရေးမြို့)

**(၁၉၇၃-၇၇) သတ္တဗေဒ၊ မော်လမြိုင်ကောလိပ်**

**အသက်(၆၄)နှစ်**

သူငယ်ချင်း လှလှသန်း(ရေးမြို့)သည် ၄-၁-၂၀၁၈ ရက် (ကြာသပတေးနေ့) နံနက် ၁း၁၄နာရီတွင် ကွယ်လွန်ကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၃-၇၄ သတ္တဗေဒမိသားစု**

**မော်လမြိုင်ကောလိပ်**

---

## ဗိုလ်ကြီးရွှေစိုး(ငြိမ်း) (နတ်စင်လမ်းအသင်းဝင်)

**ကြည်း-၂၃၆၅၂၊ OTS (84)**

**CTC - 76 ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ တိုက်ကြီးမြို့**

**အသက်(၅၅)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တိုက်ကြီးမြို့နယ်၊ ပျဉ်းမကုန်းကျေးရွာနေ (ဦးထွန်းရှိန်-ဒေါ်အုံးကြည်)တို့၏သား၊ (ဦးအေးဖေ-ဒေါ်သန်းခင်)တို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်မြသန်းတို့၏တူ၊ အဖျောက်မြို့နေ ဦးငွေမောင်-(ဒေါ်စန်းတင့်)၊ ဦးဝင်းလှ-ဒေါ်ခင်မာဝင်း၊(ဦးအောင်ကျော်ဝင်း)တို့၏ညီ/မောင်၊ ဦးဝင်းကို-ဒေါ်လှလှသန်းတို့၏အစ်ကို၊ မောင်ရဲလင်းအောင်(အကျဉ်းဦးစီးဌာန၊ နေပြည်တော်)၊ မနှင်းနွယ်စိုး(KBZ ဘဏ်၊ တိုက်ကြီးမြို့)တို့၏ဖခင်၊ ဒေါ်ခင်အေး[မြို့မ(၄)-မူလွန်]၏ခင်ပွန်းသည် ၆-၁-၂၀၁၈ရက် (စနေနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အိုးတန်းရပ်ကွက်၊ နတ်စင် ၁လမ်းနေအိမ်မှ သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်ကြီးရွှေစိုး(ငြိမ်း) (နတ်စင်လမ်းအသင်းဝင်)

**ကြည်း-၂၃၆၅၂၊ OTS (84)**

**CTC - 76 ၊ စစ်မှုထမ်းဟောင်းအဖွဲ့၊ တိုက်ကြီးမြို့**

**အသက်(၅၅)နှစ်**

သူငယ်ချင်း ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ဝ၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**OTS (84) သူငယ်ချင်းမိသားစုများ**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းတင်

**အသက်(၉၀)နှစ်**

တောင်ငူမြို့၊ အိမ်အမှတ် ၇၂၊ (၂၃)ရပ်ကွက်၊ သံတောင်လမ်းနေ (ဦးမောင်ကြီး - ဒေါ်ငွေယုံ)တို့၏သမီး၊ ဦးတင်လှ၏ဇနီး၊ ဦးစိုးလှ-ဒေါ်ဖြူဖြူမာ၊ (ဦးကြည်စိုး)-ဒေါ်ခင်မာဝေ၊ ဦးစိုးနိုင်-ဒေါ်ခင်နုနု၊ ကိုဝင်းနိုင်၊ ကိုသိန်းနိုင်-ဒေါ်ဥမ္မာကျော်တို့၏မိခင်သည် ၆-၁-၂၀၁၈ရက်(စနေနေ့)မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ညောင်ပင်သာရွာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁-၂၀၁၈ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၆နာရီတွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်သန်းတင်

**အသက်(၉၀)**

ဦးစိုးနိုင် (ဒုညွှန်မှူး၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန)-ဒေါ်ခင်နုနုတို့၏မိခင်ကြီးသည် ၆-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဇနီး**

**ဝန်ထမ်းမိသားစုများ**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

## ဒေါ်သန်းတင် (တောင်ငူမြို့)

**အသက်(၉၀)နှစ်**

ဦးစိုးနိုင်-ဒေါ်ခင်နုနု(ဒု-ညွှန်/မှူး၊စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ)ဆ/မရုံးချုပ် နေပြည်တော်တို့၏မိခင်သည် တောင်ငူမြို့၊ အိမ်အမှတ် ၇၂၊ (၂၃)ရပ်ကွက်၊ သံတောင်လမ်းနေ ၆-၁-၂၀၁၈ရက် (စနေနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ကြည်-ဒေါ်ဖြူဖြူမြင့်**

**ညွှန်ကြားရေးမှူး တ·ဆ·ရ·(၅)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**နေပြည်တော်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး**

## ဒေါ်သန်းတင် (တောင်ငူမြို့)

**အသက်(၉၀)နှစ်**

ဦးစိုးနိုင်-ဒေါ်ခင်နုနု(ဒု-ညွှန်/မှူး၊စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ)ဆ/မရုံးချုပ် နေပြည်တော်တို့၏မိခင်သည် တောင်ငူမြို့၊ အိမ်အမှတ် ၇၂၊ (၂၃)ရပ်ကွက်၊ သံတောင်လမ်းနေ ၆-၁-၂၀၁၈ရက်(စနေနေ့) မွန်းလွဲ ၂း၃၅နာရီတွင် ကွယ်လွန်ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**လက်ထောက်ညွှန်ကြားရေးမှူး(၃)ရုံး၊ တ·ဆ·ရ(၅)**

**ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန**

**တောင်ငူမြို့**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးစိုးကြည်

**အသက်(၆၆)နှစ်**

Amazing Holidays Hotels & Resorts ရုံးချုပ်၏ ဝန်ထမ်းဖြစ်သူ မခင်မြမြစိုး၏ဖခင်ကြီး ဦးစိုးကြည် အသက်(၆၆)နှစ်သည် ၄-၁-၂၀၁၇ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရသည့်အတွက် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

**Chairman, MD, GGM နှင့် ဝန်ထမ်းများ**

**Amazing Holidays Hotels & Resorts**

---

## ဦးကျော်အေး

**ဒု-ညွှန်ချုပ်(ငြိမ်း)**

**နိုင်ငံခြားရေးဝန်ကြီးဌာန**

**1122. DSA (16)**

**အသက်(၆၄)နှစ်**

ဦးထွန်းမောင်-ဒေါ်ဒေါ်နက်တို့၏သား၊ ဦးမျိုးတင့်-ဒေါ်နုနုတင့်တို့၏သားသမက်၊ ပါရမီရိပ်သာ၊ မဥ္ဇူလမ်းသွယ်(၃)၊ အမှတ် ၁၃၃(စီ)နေ ဒေါက်တာမျိုးအေးအေးတင့်၏ချစ်လှစွာသောခင်ပွန်း၊ နန္ဒကျော်အေး-မြတ်သန္တာအောင်၊ စိုးဝဏ္ဏကျော်အေး-စိုးစံမိုးတို့၏ ချစ်လှစွာသောဖခင်သည် ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၈ရက် (သောကြာနေ့) နံနက် ၇နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း**

## ဒေါ်အမာကြူ(ခ)

## HAFASA BI BI

**အသက်(၈၅)နှစ်**

ပေါင်းတည်မြို့၊ ဇလမ်း၊ သံဆိုင်နေ (ဦးအီစမိုင်အင်-ဒေါ်အမာ)တို့၏ချစ်လှစွာသောသမီး၊ ပြည်မြို့၊ ကုန်သည်လမ်း၊ ခရေရိပ်၊ အမှတ် ၂၄နေ [ဦးမောင်မောင်လွင်(စာရင်းကိုင်အုပ်၊ ငြိမ်း၊ ဆောက်လုပ်ရေး)]၏ချစ်လှစွာသောဇနီး၊ ဒေါ်ချိုမာလွင်၊ ဦးအောင်အောင်လွင်-ဒေါ်မြတ်နွယ်၊ ဒေါ်ခိုင်မာလွင်တို့၏ချစ်လှစွာသောမိခင်၊ မောင်ထက်မြက်ထွန်း (မန္တလေးနည်းပညာတက္ကသိုလ်၊COE)၊ မောင်သီဟသွင် (ရတနာပုံနည်းပညာတက္ကသိုလ်)တို့၏အဘွားသည် ၅-၁-၂၀၁၈ရက်(သောကြာနေ့) ညနေ ၆း၂၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ၆-၁-၂၀၁၈ရက် (စနေနေ့) ညနေ ၅နာရီတွင် နေအိမ်မှ အေးငြိမ်းရာသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဒေါ်မြရီ (စစ်တွေ)

**အသက်(၇၆)နှစ်**

စစ်တွေမြို့၊ ဘောလုံးကွင်းရပ်ကွက်၊ ချင်းပျံလမ်းနေ (ဦးထွန်းသာ-ဒေါ်မကျော့)တို့၏သမီး၊ (ဦးညိုလှဦး)၏ဇနီး၊ (ဦးသိန်းရွှေ) - ဒေါ်ခင်သန်းနု၊ (ဦးကျော်သိန်း) - ဒေါ်အေးအေးသန်း၊ (ဦးလှရွှေ)-ဒေါ်ခင်သိန်းနု၊ ဦးမောင်သိန်းကျော်-ဒေါ်ခင်သိန်းရီ၊ ဦးဖြူသာကျော်-ဒေါ်ခင်သိန်းမေ၊ (ဦးမောင်အေးသိန်း)၊ ဦးထွန်းအောင်သိန်းတို့၏မိခင်၊ မြေး ၁၀ယောက်တို့၏ အဘောင်ရှင်၊ မြစ် ရှစ်ယောက်တို့၏ အဖီးရှင်သည် ၆-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၃း၀၃နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၈ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၂နာရီတွင် စစ်တွေမြို့ အာကျိုတ်တော်ကုန်းသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

---

## ဒေါ်ဝင်းကြည် (မြိတ်မြို့)

**မြိတ်ခရိုင်၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ငြိမ်း)**

**အသက်(၇၁)နှစ်**

မြိတ်မြို့၊ အလယ်ကျွန်းရပ်၊ ပြင်းငယ်ကျောင်းလမ်း၊အမှတ် ၆၇၅နေ(ဦးမြိုင်-ဒေါ်ညိမ်း)တို့၏သမီး၊ ဦးသိန်းဆွေ-ဒေါ်ယွေတို့၏ချွေးမ၊ (ဦးလှမြင့်)၏ဇနီး၊ ကိုကျော်စိုးလင်း၊ ကိုအောင်ကိုလတ်-မအိဖြိုးခိုင်တို့၏မိခင်၊ မသွန်းရတီဆင့်(ခ)သဲသဲ၏အဘွားသည် ၅-၁-၂၀၁၈ရက် (သောကြာနေ့) ည ၇း၁၅နာရီတွင် ကွယ်လွန်သွားပါ၍ ၇-၁-၂၀၁၈ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ကလွင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

## ဦးသွင်အောင်မြင့်

## LL.B (1985-1993)

**အသက်(၅၀)**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊(၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် ၃၈/A(မြေညီထပ်-ဝဲ)နေ ဒုဗိုလ်မှူးကြီးစိုးမြင့် (ငြိမ်း)-(ဒေါ်တင်မြင့်)တို့၏သား၊ မောင်နှမခြောက်ယောက်တို့၏ညီ/မောင်၊ ဒေါ်ညိုညိုသန်း(လက်ထောက်ညွှန်ကြားရေးမှူး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ရန်ကုန်ဌာနခွဲ)၏ချစ်လှစွာသောခင်ပွန်း၊ မစိမ်းလဲ့ညိုမြင့် (Grade - 10, TTC)၊ မောင်ခန့်ထူးအောင်မြင့်(Grade-5, TTC)တို့၏ဖခင်သည် ၆-၁-၂၀၁၈ရက်(စနေနေ့)နံနက် ၅နာရီတွင် နှင်းဆီကုန်းဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအား ရည်စူး၍ ၁၂-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၈နာရီမှ မွန်းတည့် ၁၂နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**သင့်သွေးဖြင့် အသက်ကယ်ပါ**

---

## ဦးချိန်ဟောင်စိန်(ခ)ဦးအောင်စိန်

**ကျော်ကြား Guest House (လှည်းကူး)**

**ငြိမ်းချမ်းရေးကဖီး(ရန်ကင်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံ ၃လမ်း၊ အမှတ် ၃၇၇နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးဝင်းကျော်-ဒေါ်ခင်စန်းဝင်း၊ ဦးဝင်းသိန်း-ဒေါ်မြင့်မြင့်စန်း၊ မခင်သန်းဝင်း၊ ကိုဝင်းဟံတို့၏ဖခင်၊ ဦးကျော်ထင်-ဒေါ်လှ၊ ဒေါ်ရီရီ၊ ဦးတင်ဦး-ဒေါ်မဆန်း၊ ဦးလွန်းမောင်-ဒေါ်လှလှဝင်း၊ ဒေါ်အေးအေးဝင်း၊ ဒေါ်ကြည်ကြည်ဝင်း၊ ဦးမြင့်ဌေး-ဒေါ်နွဲ့နွဲ့ဝင်း၊ ဦးအောင်သိန်း-ဒေါ်စီစီဝင်းတို့၏အစ်ကိုသည် ၅-၁-၂၀၁၈ရက် ညနေ ၆း၄၅နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေးဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးချိန်ဟောင်စိန်(ခ)ဦးအောင်စိန်

**ကျော်ကြား Guest House (လှည်းကူး)**

**ငြိမ်းချမ်းရေးကဖီး(ရန်ကင်း)**

**အသက်(၇၈)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၂)ရပ်ကွက်၊ မာလာရုံ ၃လမ်း၊ အမှတ် ၃၇၇နေ ဒေါ်ကြည်၏ခင်ပွန်း၊ ဦးဝင်းကျော်-ဒေါ်ခင်စန်းဝင်း၊ ဦးဝင်းသိန်း-ဒေါ်မြင့်မြင့်စန်း၊ မခင်သန်းဝင်း၊ ကိုဝင်းဟံတို့၏ဖခင်၊ ဦးကျော်ဟန်၊ ဒေါ်လှရင်တို့၏မောင်၊ ဦးမြအောင်-(ဒေါ်ကျင်ရီ)၊ ဦးကျော်ထွန်း-ဒေါ်ဆွေအိုက်ကျွန်း၊ ဦးငွေစိန်-ဒေါ်ခင်မာအေး၊ (ဦးအောင်ကျော်ဇော်)-ဒေါ်ခင်ခင်စိန်တို့၏အစ်ကို၊မြေးခြောက်ယောက်တို့၏အဘိုးသည် ၅-၁-၂၀၁၈ရက် ညနေ ၆း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် နံနက် ၁၁နာရီတွင် ရေးဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးတင်စိုး (ဇီးကုန်းမြို့)

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း(ရောင်း/စက်)**

**အသက်(၇၆)နှစ်**

ပဲခူးတိုင်းဒေသကြီး(အနောက်) ဇီးကုန်းမြို့နေ (ဦးကျော်ခင်-ဒေါ်မိုးသိန်း)တို့၏သားကြီး၊(ဦးဆက်ဆံ-ဒေါ်သိန်းခင်)တို့၏သားသမက်၊အမှတ် ၃၇၊ရန်ကင်းလမ်းနေ ဒေါ်သန်းအိ၏ခင်ပွန်း၊ ပေါင်းတည်မြို့၊ ၁၇လမ်းနေ ဦးခင်မောင်ဇော်-ဒေါ်စိုးစိုးမိုး(အမက-၁၁လမ်း)၊ ဦးမိုးကျော်စိုး-ဒေါ်လဲ့လဲ့ဝင်း၊ ရန်ကုန်မြို့နေ ဗိုလ်ကြီးဇော်လွင်မိုး(ငြိမ်း)-ဒေါ်ဌေးဌေးကြည်၊ ဒေါ်အေးကြည်သာတို့၏ချစ်လှစွာသောဖခင်၊ မြေးငါးယောက်၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီးသည် ၆-၁-၂၀၁၈ရက် နံနက် ၉နာရီတွင် ပန်းလှိုင်စီလုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၇-၁-၂၀၁၈ရက် မွန်းလွဲ ၁နာရီတွင် ရေးဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၈ရက် (သောကြာနေ့)တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

## ဦးတင်စိုး (ဇီးကုန်းမြို့)

**မန်နေဂျာ(ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း(ရောင်း/စက်)**

**အသက်(၇၆)နှစ်**

ဗိုလ်ကြီးဇော်လွင်မိုး(ငြိမ်း)၏ဖခင် ဦးတင်စိုး အသက်(၇၆)နှစ်သည် ၆-၁-၂၀၁၈ရက်(စနေနေ့)တွင် ပန်းလှိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**တေဇ(၁၇)ကျောင်းဆင်းသူငယ်ချင်းများနှင့် မိသားစုဝင်များ**

---

## ယူ ချောင်ဟိုက်(ခ)ဦးအောင်ပြန့်

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဦးအောင်ဘွင့်လမ်း၊ အမှတ် ၁၂နေ [ယူဘွန်ပိန်(ခ)ဦးပြန့်-တန်ပိုးတီ(ခ)ဒေါ်ပိုးတီ]တို့၏သား၊ ဒေါ်သန်းသန်းရွှေ၏ချစ်လှစွာသောခင်ပွန်း၊ ဦးအောင်သန်းဦး-ဒေါ်ဖြူဖြူသိန်း၊ ဦးအောင်ရွှေလတ်-ဒေါ်ထိုက်ထိုက်ကျော်၊ ဦးအောင်သန်းထွေး၊ ဦးအောင်ရွှေထွန်း-ဒေါ်ဇင်ဇင်ချိုတို့၏ဖခင်၊ မရွှေပြည့်ချို၊ မရွှန်းလဲ့သော်၊ မောင်ရဲညားဟိန်း၊ မအိမြတ်နိုးခင်၊ မောင်ညီညီတို့၏အဘိုးသည် ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၄နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၁၁း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၈ရက်(သောကြာနေ့)နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**

## ဦးမျိုးမင်း(ဖိုးပါ)

**(Deena Shipping)**

**အသက်(၆၅)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် ၁၂၂၊ အခန်း ၃နေ [ဦးသန်းထွန်း (အမှုဆောင်နာယက၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)-ဒေါ်အေးကြည်]-ဒေါ်အေးမြင့်တို့၏သား၊ (ဦးဘမောင်-ဒေါ်စိန်ရင်)တို့၏သားသမက်၊ ဒေါ်လွင်လွင်(လယ်ပြ၊ ငြိမ်း)၏ချစ်လှစွာသောခင်ပွန်း၊ (ဦးကျော်စွာ)-ဒေါ်ခင်ခင်လေး၊ ဦးဇေယျ-ဒေါ်ယဉ်ယဉ်မြတို့၏ညီ၊ ဒေါက်တာဆန်းမင်း-ဒေါက်တာဇာဇာနိုင်တို့၏ဖခင်သည် ၆-၁-၂၀၁၈ရက် (စနေနေ့) နံနက် ၁၀း၁၀နာရီတွင် မဟာမြိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၈-၁-၂၀၁၈ရက်(တနင်္လာနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၂-၁-၂၀၁၈ရက်(သောကြာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ထန်းတပင်မြို့ ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တုဖွင့်ပွဲ တက်ရောက်



**ထန်းတပင် ဇန်နဝါရီ ၆**

ဗိုလ်ချုပ်အောင်ဆန်းကြေးရုပ်တု ဖွင့်ပွဲအခမ်းအနားကို ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ထန်းတပင်မြို့နယ်၌ ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တက်ရောက်၍ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ် ဖွင့်လှစ်**

ရှေးဦးစွာ အခမ်းအနားကို ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဇော်ဝင်း၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမင်းဦးနှင့် ထန်းတပင်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းရွှေ တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ✷

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် တက်ရောက်လာသူများ ဗိုလ်ချုပ်ကြေးရုပ်အား ဦးညွှတ်အလေးပြုကြစဉ်။

## ရန်ကုန် ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ငွေကျပ်သိန်းပေါင်း တစ်သိန်းနီးပါး လိမ်လည်မှု ဖြစ်ပွား

စာ ၁၂

## သတင်းထောက်တစ်ဦး ဖမ်းဆီးထားမှုကို ပြန်လွှတ်ပေးရန် ဆော်ဒီအာရေဗျကို စီပီဂျေတိုက်တွန်း

စာ ၁၄

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဇန်နဝါရီ ၆**

ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ကပ္ပလီပင်လယ်ပြင်တောင်ပိုင်းတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဇန်နဝါရီ ၆**

**ထူးခြားသည့်ညအပူချိန်**

ထူးခြားသည့်ညအပူချိန်များမှာ ဟားခါးမြို့တွင် ၂ ဒီဂရီစင်တီဂရိတ်၊ ပူတာအို၊ ဖလမ်းမြို့၊ တီးတိန်မြို့နှင့် ပြင်ဦးလွင်မြို့တို့၌ ၆ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

**မှတ်သားဖွယ်ရာမိုးရေချိန်**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကိုကိုးကျွန်းမြို့တွင် ၀ ဒသမ ၃၅ လက်မ၊ မိုင်းဆတ်မြို့နှင့် လွိုင်ကော်မြို့တို့တွင် ၀ ဒသမ ၁၆ လက်မစီနှင့် ဘော်လခဲမြို့တွင် ၀ ဒသမ ၁၂ လက်မတို့ ဖြစ်ကြသည်။

**မြန်မာ့ပင်လယ်ပြင် အခြေအနေ**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ငါးပေခန့် ရှိနိုင်သည်။

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

မိုး/ဇလ

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မြဝတီမြို့ ကလေးစာပေပွဲတော်ဖွင့်ပွဲ တက်ရောက်

**မြဝတီ ဇန်နဝါရီ ၆**

ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကလေးစာပေပွဲတော် ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ကျင်းပရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း တက်ရောက် ဖွင့်လှစ်ပေးသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ကလေးစာပေပွဲတော်ကို အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း၊ ကရင်ပြည်နယ် လွှတ်တော်ဥက္ကဋ္ဌ ဦးစောချစ်ခင်၊ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးတေဇထွန်းလှိုင်ထွေး၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသီတာတင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထူးလွင်နှင့် ထူးချွန်ကျောင်းသားလူငယ်များက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

**သီဆိုဖျော်ဖြေ**

ယင်းနောက် ကျောင်းသား ကျောင်းသူလေးများက ကလေးစာပေပွဲတော်သီချင်းနှင့် မြန်မာ့ကျောင်းသီချင်းတို့ဖြင့် သီဆိုဖျော်ဖြေကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❀



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ကလေးငယ်များအား စာအုပ်များ ပေးဝေစဉ်။

# ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ ပြန်လာသူများအတွက် နေရာချထားရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် ဒီဇင်ဘာ ၆**

ရခိုင်ပြည်နယ်အတွင်းဖြစ်ပွားခဲ့သော အကြမ်းဖက်ဖြစ်စဉ်များကြောင့် ခေတ္တနေရပ်စွန့်ခွာ ပြည်သူများအတွက် UEHRD ပြည်ထောင်စုစီမံကိန်း၏ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်သည့် ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် နေအိမ်များဆောက်လုပ်မှု မပြီးပြတ်သေးချိန်၌ ယာယီနေထိုင်နိုင်ရေးအတွက် လေမိုးဒဏ်ခံ ယာယီအဆောက်အအုံများကို အသင့်ပြင်ဆင်ထားရှိရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

UEHRD ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ယနေ့ မွန်းလွဲပိုင်းတွင်

*စာမျက်နှာ ၁၀ ကော်လံ ၁* ❑

Shwe La Min
ရွှေလမင်း ဆေးရုံ

ရွှေလမင်းဆေးရုံများတွင် နှစ်သစ်ကူးကာလ (၁၈.၁၂.၁၇ မှ ၁၅.၁.၁၈) ရက်နေ့အတွင်း အခန်းခများကို 50% Discount နှင့်(Medical Check Up Package) ကျန်းမာရေးစစ်ဆေးခြင်းများကို အထူးလျှော့ဈေး ပေးမည်ဖြစ်ကြောင်း သတင်းကောင်းပါးအပ်ပါသည်။

ရွှေလမင်းဆေးရုံ(၁) - အမှတ်(၁၂၅၄)၊ သုဓမ္မာလမ်းမကြီး၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။Hot Line : 01-655612
ရွှေလမင်းဆေးရုံ(၂) - အမှတ်(၁၅/၁၉)၊ ဇော်ဂျီလမ်း၊ လမ်းမတော်မြို့နယ်။ Hot Line : 01-2301949
ရွှေလမင်းဆေးရုံ(၃) - အမှတ်(၃၂)၊ ဗိုလ်စောမောင်လမ်း၊ ရုံးကြီးရပ်ကွက်၊ ဟင်္သာတမြို့။ Ph:044-2021375,2022799

SPECIAL PROMOTION